ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**ကုသိုလ်ကောင်းမှုလျင်မြန်စွာပြု**

စိတ်သည် မကောင်းမှုတွင် မွေ့လျော်တတ်သဖြင့် ကောင်းမှုပြုသောအခါ နန့်နေးတတ်ရကား မကောင်းမှုမှ စိတ်ကိုတားမြစ်၍ ကုသိုလ်ကောင်းမှုတို့ကို အချိန်မဆိုင်းဘဲ ဆောလျင်စွာပြုလုပ်ရာ၏။ ကောင်းမှုပြုလိုသော စိတ်ဆန္ဒ ပေါ်လာလျှင် အဆောတလျင် ပြုလုပ်နိုင်ရန် ကြိုးစားရာ၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၆)

၁၃၈၀ ပြည့်နှစ် ပြာသိုလပြည့်ကျော် ၄ ရက်၊ ကြာသပတေးနေ့။ Thursday 24 January 2019 ၉၅၄၁

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြန်မာ-ဂျပန် ဂီတပွဲတော်သို့ တက်ရောက်အားပေး



**နေပြည်တော် ဇန်နဝါရီ ၂၃**

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား နိုင်ငံတော်သံစုံတီးဝိုင်းမှ ဂီတပညာရှင်များနှင့် ဂျပန်နိုင်ငံမှ ဂီတပညာရှင်များ ပူးပေါင်းဖျော်ဖြေတင်ဆက်သည့် မြန်မာ-ဂျပန် ဂီတပွဲတော်ကို ယနေ့ညနေ ၆ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ ကျင်းပရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်အားပေးသည်။

**တက်ရောက်အားပေး**

ဂီတပွဲတော်သို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့်ဇနီး ဒေါ်နန့်ကြင်ကြည်၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်များနှင့် ၎င်းတို့၏ဇနီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီးနှင့် ဂျပန်သံရုံးမှ တာဝန်ရှိသူများ၊ အထူးဖိတ်ကြားထားသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် **စာမျက်နှာ ၃ ကော်လံ ၁ သို့**

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့်ဇနီး ဒေါ်နန့်ကြင်ကြည်နှင့် တာဝန်ရှိသူများ မြန်မာ-ဂျပန် ဂီတပွဲတော်ကို ကြည့်ရှုအားပေးကြစဉ်။**





ဆိပ်ကမ်းကုန်ကျမှုစရိတ်များကို သင့်တင့်မျှတသည့် နှုန်းထားများဖြင့် ပြင်ဆင်ကောက်ခံနိုင်ရန် စီစဉ်ဆောင်ရွက်သွားမည်ဖြစ် စာမျက်နှာ »» ၆



ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး တတိယနေ့ကျင်းပ စာမျက်နှာ »» ၆



## ၂၀၁၉ ခုနှစ်၊ (၇၂)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး၏ စုပေါင်းအင်အားဖြင့် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

(၂) ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနှင့် လျော်ညီသည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ပေါ်ပေါက်ရန် ကြိုးပမ်းဆောင်ရွက်ရေး။

(၃) ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ "(၂၁) ရာစုပင်လုံ" မှသည် ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အောင်မြင်သည်အထိ အကောင်အထည်ဖော် ဆောင်ရွက်ရေး။

(၄) တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူများ ဘေးကင်းလုံခြုံရေးအတွက် နိုင်ငံသားအားလုံး "စည်းလုံးညီညွတ်စွာ" ဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၅) ကောင်းမွန်သော ပညာရေးနှင့် လုံလောက်သော ကျန်းမာရေးစောင့်ရှောက်မှုများကို နိုင်ငံသားတိုင်း ရရှိခံစားနိုင်ရေး။

## ကြေးမုံ

## အောင်မြင်ခြင်းတရားများ လက်ကိုင်ထား

မိမိရည်မှန်းချက်ပန်းတိုင်သို့ အောင်မြင်စွာရောက်ရှိရေးအတွက် ဆန္ဒ၊ ဝီရိယ၊ စိတ်ဓာတ်၊ ပညာ ဤလေးပါးကို လက်ကိုင်ထားရမည်ဟု အဆိုရှိသည်။ ထိုလေးပါးကို အောင်မြင်ခြင်းတရားဟု ခေါ်သည်။ ပညာရေးတွင်ဖြစ်စေ၊ အလုပ်အကိုင် အမှုကိစ္စတို့ဆောင်ရွက်ရာတွင်ဖြစ်စေ မည်သည့်ကိစ္စကိုမဆို အောင်မြင်မှုရယူရာ၌ ထိုလေးပါးကို လက်ကိုင်ထားပါက မလွဲဧကန် ဖြစ်စေနိုင်ပါသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဇန်နဝါရီလ ၂၂ ရက်နေ့က တွန်းဇံမြို့နယ် ဆဲဘောက်ကျေးရွာအုပ်စု ဟားခါးလေးမြောက်ကျေးရွာမှ ဒေသခံပြည်သူများနှင့်တွေ့ဆုံစဉ် "ကျွန်မတို့ပြည်သူတွေနဲ့ တွေ့ဆုံတဲ့အခါမှာ အောင်မြင်ခြင်းတရားလေးပါးကို ပြန်ပြီးသတိပေးရပါတယ်။ ဆန္ဒရှိရမယ်၊ ဝီရိယရှိရမယ်၊ မှန်ကန်တဲ့ စိတ်ဓာတ်ရှိရမယ်၊ ပညာရှိရမယ်" ဟူသည့် တရားလေးပါးကို ရှင်းလင်းပြောကြားခဲ့သည်။

"ဒီနိုင်ငံကြီးကို အင်မတန်မှ ငြိမ်းချမ်းသာယာဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး ဖြစ်စေချင်တယ်။ ဒီလိုဖြစ်ဖို့အတွက် ကျွန်မတို့က အင်မတန်မှ ဆန္ဒပြင်းပြပါတယ်။ ကျွန်မတို့နည်းတူ ကျွန်မတို့ရဲ့ ပြည်ထောင်စုသားသမီးအားလုံးကလည်း ဆန္ဒလိုအပ်ချက်တွေက ပြင်းပြမယ်လို့ ကျွန်မထင်ပါတယ်။ ဒါပေမယ့် ဆန္ဒရှိရုံမကဘူး၊ ဒီဆန္ဒတွေကို အကောင်အထည်ဖော်ဖို့အတွက် လုံ့လ၊ ဝီရိယနဲ့ အလုပ်လုပ်သွားရမှာဖြစ်ပါတယ်။ ကြိုးစားသွားရမှာ ဖြစ်ပါတယ်" ဟု ရှင်းပြခဲ့ပြီး အဓိကကျသည့် ပညာနှင့်ပတ်သက်၍ အကျယ်တဝင့် ပြောကြားခဲ့သည်။

အဆိုပါ တရားလေးပါးသည် လူသားများအားလုံး မှတ်သားလိုက်နာအပ်သည့် အမှန်တရားများဖြစ်သည်။ ထိုတရားလေးပါးတွင် ပညာသည်အရေးပါပြီး မိမိရည်မှန်းရာလုပ်ငန်းအား မည်သို့ဆောင်ရွက်မည်ကို ပညာကိုအခြေခံသော ချင့်ချိန်တတ်သည့်စိတ်ဓာတ်ဖြင့် ဆောင်ရွက်ရသည်။ ပညာအခြေခံစိတ်ဓာတ်မမှန်ကန်ပါက ကြိုးစားမှုလမ်းမမှန်ဘဲ အောင်မြင်မှုနှင့်လွဲချော်နိုင်ပြီး အန္တရာယ်များပင် ဖြစ်စေနိုင်ပေသည်။

ပညာသည် အခြေအနေတစ်ခုကို မှန်မှန်ကန်ကန် သုံးသပ်ဆင်ခြင်ပြီး ထိုဆင်ခြင်မှုအပေါ် အခြေခံ၍ လုပ်သင့်လုပ်ထိုက်သည်တို့ကို ရဲရဲဝံ့ဝံ့လုပ်ကိုင်နိုင်သော သတ္တိအစွမ်းကိုဆိုလိုသည်။ စစ်မှန်သောပညာသည် သေချာသော အောင်မြင်မှုပင်ဖြစ်သည်။ ဆန္ဒ၊ ဝီရိယ၊ စိတ်ဓာတ်၊ ပညာ တရားလေးပါးအပြင် သတ္တိဖြင့်လည်း ချဉ်းကပ် ဆောင်ရွက်သင့်ကြောင်း သိရှိမှတ်သားရသည်။

လက်ရှိကာလတွင် ပြည်ထောင်စုကြီး ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးရေးမှာ အထူးလိုအပ်နေသည်။ ယင်းလိုအပ်ချက်များကို ပြည်ထောင်စုသားတိုင်းရင်းသားပြည်သူအားလုံးက ကိုယ်စီကိုယ်စီ စွမ်းရည်သတ္တိများနှင့် ပူးပေါင်းပါဝင် ကြိုးပမ်းဆောင်ရွက်မှသာလျှင် တိုင်းပြည်၏အနာဂတ် ရည်မှန်းချက်ပန်းတိုင်ဆီသို့ ခရီးပေါက်နိုင်မည်ဖြစ်သည်။ လူတိုင်းလူတိုင်း ပြည်သူတိုင်းတွင် ကိုယ်စီကိုယ်စီ အရည်အသွေးများ၊ တန်ဖိုးများ ရှိပေသည်။ ထိုအရည်အသွေးများ၊ တန်ဖိုးများကို မှန်မှန်ကန်ကန် အသုံးချမည်ဆိုလျှင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး၏ ရည်မှန်းချက်သို့ မြန်မြန်ဆန်ဆန် ရောက်နိုင်လိမ့်မည်ဟု ယုံကြည်ပါသည်။

ဖွံ့ဖြိုးရေးကို ဆောင်ကြဉ်းပြီး ငြိမ်းချမ်းရေးကို တက်ညီလက်ညီ ဖော်ဆောင်ကြမည်၊ ငြိမ်းချမ်းရေးကို ဖော်ဆောင်ပြီး ဖွံ့ဖြိုးရေးကို ဆောင်ကြဉ်းနိုင်ကြမည်ဆိုပါက မျှော်မှန်းထားသော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီးကို မြန်ဆန်စွာတည်ဆောက်နိုင်မည်ဖြစ်သည်။ ဤနိုင်ငံအနေဖြင့် တိုးတက်မှုမြန်ရေး၊ ဖွံ့ဖြိုးမှုမှန်ရေး အထူးလိုအပ်နေသည်။ ပတ်ဝန်းကျင်နိုင်ငံများနှင့်နှိုင်းစာလျှင် အလွန်နောက်ကျနေသောကြောင့် အလျင်အမြန် ကြိုးစားအားထုတ်ဖို့လိုအပ်နေသည်။

သို့ဖြစ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးနှင့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ လိုအပ်ချက်မှာ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး အောင်မြင်စွာတည်ဆောက်နိုင်ရေးဖြစ်ရာ ယင်းရည်မှန်းချက်အောင်မြင်ရေးအတွက် ပြည်ထောင်စုသားအားလုံး အောင်မြင်ခြင်းတရားနှင့်သတ္တိများကို လက်ကိုင်ထားကာ ဝိုင်းဝန်းလက်တွဲကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါသည်။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## ပြည်ထောင်စုဝန်ကြီး ဦးမင်းသူ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၂၃**

ပြည်ထောင်စုအစိုးရ အဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသူသည် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး H.E. Mr. Ichiro Maruyama နှင့်အဖွဲ့အား ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ဝန်ကြီးဌာန၏ အုပ်ချုပ်မှုပြုပြင်ပြောင်းလဲရေးဆိုင်ရာ လုပ်ငန်းများနှင့်စပ်လျဉ်း၍ ခင်မင်ရင်းနှီးစွာ ဆွေးနွေးကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးဇော်သန်းသင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်နှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးမြင့်သန်းတို့ တက်ရောက်ကြသည်။



**သတင်းစဉ်**

## သာပေါင်းမြို့နယ်အတွင်း ငဝန်မြစ်ကြောင်း ကမ်းထိန်းလုပ်ငန်းများဆောင်ရွက်

**သာပေါင်း ဇန်နဝါရီ ၂၃**

ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့ အမှတ်(၁)ရပ်ကွက် ကျွန်းကလေးလမ်းအနီး၌ ငဝန်မြစ်ကြောင်းတိုက်စားမှုများကြောင့် တိုင်းဒေသကြီး ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေကျပ် သန်း ၃၀၀ ဖြင့် မြစ်ကမ်းထိန်း ဘိုးပိုင်၊ ကျောက်စီမြေထိန်းနံရံများ တည်ဆောက်လျက်ရှိကြောင်း သိရသည်။

လက်ရှိဆောင်ရွက်လျက်ရှိသော မြစ်ကမ်းထိန်းလုပ်ငန်းအနေဖြင့် အရှည်ပေ ၃၄၀ ဖြစ်ပြီး ငဝန်မြစ်ကြောင်းတစ်လျှောက် ဆက်စပ်လျက်ရှိသော အခြားသောနေရာများကို နှစ်စဉ်ခွင့်ပြုရန်ပုံငွေ ရရှိမှသာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြို့နိုင်က ပြောကြားသည်။ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့သည် ဇန်နဝါရီ ၂၃ ရက်က ကမ်းထိန်းလုပ်ငန်းဆောင်ရွက်နေမှုကို ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် ဇန်နဝါရီ ၂၃**

ရန်ကုန်(ရွှေဈေး) ၁၀၅၄၀၀၀ - ၁၀၅၄၀၀၀ မန္တလေး(ရွှေဈေး) ၁၀၅၄၀၀၀ - ၁၀၅၄၀၀၀

**စက်သုံးဆီဈေးနှုန်း**

| | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၈၂၀/၈၉၀ ကျပ် | ၉၀၀/၉၁၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၇၃၀/၇၉၀ ကျပ် | ၈၄၀/၈၅၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၆၄၅/၇၁၀ ကျပ် | ၇၄၅/၇၈၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၈၃၀/၉၀၀ ကျပ် | ၉၁၅/၉၂၅ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၈၃၀/၈၄၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၈၄၀/၈၅၀ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၆၈၇/၆၉၅ ကျပ်

**(မြန်မာနိုင်ငံစက်သုံးဆီအသင်း)**

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၅၄၀.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၇၄၉.၈ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၂၆.၅၀ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၈.၅၃၅ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၇၂.၄၈ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၁.၆၃၂ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၄၀၄.၅ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၃၆.၅၁ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၉၈.၁ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၁၃၂.၈ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှရယူသည်**

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးဝင်းရွှေ
**စာတည်းမှူး** - ဦးဝင်းနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်

**သတင်းထောက်မှူး** - ဦးမြင့်စိုး
**ဘာသာပြန်စာတည်းများ** - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း

**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဉ၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်နေဇာဇာထွန်း
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဂီတမှူး မစ္စတာ ယူနိုဆူကဲ ယာမာမိုတိုအား ဂုဏ်ပြုပန်းစည်း ပေးအပ်စဉ်။



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း စန္ဒရားပညာရှင် မစ္စ ကျိုကို ခိုယာမာအား ဂုဏ်ပြုပန်းစည်း ပေးအပ်စဉ်။

**❂ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်မှ**

၎င်းတို့၏မိသားစုများ၊ ဂီတဝါသနာရှင်များ တက်ရောက်အားပေးကြသည်။

ဂီတပွဲတော်တွင် ဂျပန်နိုင်ငံအစိုးရက အမေရိကန်ဒေါ်လာ ကိုးသောင်းတန်ဖိုးရှိ ဂီတ တူရိယာပစ္စည်း ၁၉ မျိုး လွှဲပြောင်းလှူဒါန်းခဲ့သည့် စာရွက်စာတမ်းများကို မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး H.E. Mr. Ichiro Maruyama က မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွေးထံ ပေးအပ်သည်။

**ဖျော်ဖြေတင်ဆက်**

ယင်းနောက် မြန်မာ-ဂျပန် ဂီတပွဲတော်ကို မြန်မာနိုင်ငံနှင့်ဂျပန်နိုင်ငံတို့၏ နိုင်ငံတော်သီချင်းများ တီးခတ်၍ စတင်ဖွင့်လှစ်ပြီး ဂီတမှူး မစ္စတာ ယူနိုဆူကဲ ယာမာမိုတိုနှင့် နိုင်ငံတော်သံစုံတီးဝိုင်းအဖွဲ့တို့က တေးသွားများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် ဂျပန်ဖောင်ဒေးရှင်းဥက္ကဋ္ဌ (ရန်ကုန်)မှ မစ္စတာ ဆာတို က ဂျပန်ရိုးရာ တူရိယာပစ္စည်းများအကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သံစုံတီးဝိုင်းမှ ဂီတပညာရှင်များ၊ ဂျပန်နိုင်ငံမှ ဂီတပညာရှင်များနှင့် ဂီတမိတ်အဖွဲ့မှ အနုပညာရှင်များက မြန်မာ-ဂျပန် ရိုးရာတေးသွားများကို တီးခတ်သီဆိုဖျော်ဖြေတင်ဆက်ကြသည်။

**ဂုဏ်ပြုပန်းစည်းပေးအပ်**

ဂီတပွဲတော် ဖျော်ဖြေတင်ဆက်မှုအပြီးတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ဂီတမှူး မစ္စတာ ယူနိုဆူကဲ ယာမာမိုတိုအား ဂုဏ်ပြုပန်းစည်း ပေးအပ်သည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက စန္ဒရားပညာရှင် မစ္စ ကျိုကို ခိုယာမာ အား ဂုဏ်ပြုပန်းစည်း ပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီးတို့က ဂျပန်ရိုးရာ တူရိယာအဖွဲ့၊ ဂျပန်သံစုံ ဂီတပညာရှင်အဖွဲ့၊ ဂီတမိတ် Choir အဖွဲ့၊ အင်းစိန် Choir အဖွဲ့၊ နိုင်ငံတော်သံစုံတီးဝိုင်းနှင့် နိုင်ငံတော်ဆိုင်းဝိုင်းကြီးတို့အား ဂုဏ်ပြုပန်းစည်းများ ပေးအပ်ကြသည်။

**စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်**

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး၊ နေပြည်တော်ကောင်စီဝင်များ၊ ဂီတပညာရှင်များနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ယနေ့ကျင်းပသည့် ဂီတပွဲတော်ကြီးကို ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးနှင့်အတူ ဂျပန်ဖောင်ဒေးရှင်းတို့က ပူးပေါင်းဖျော်ဖြေတင်ဆက်ခြင်းဖြစ်ပြီး မြန်မာ-ဂျပန် ဂီတပွဲတော်တွင် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ နိုင်ငံတော် သံစုံတီးဝိုင်းအဖွဲ့နှင့်အတူ ဂီတမှူး မစ္စတာ ယူနိုဆူကဲ ယာမာမိုတိုနှင့် စန္ဒရားပညာရှင် မစ္စ ကျိုကို ခိုယာမာ၊ ဂျပန်ရိုးရာ ဂီတပညာရှင်များ၊ ဂီတမိတ်အဖွဲ့မှ အနုပညာရှင်များ ပူးပေါင်းတင်ဆက်ဖျော်ဖြေခဲ့ကြခြင်းဖြစ်သည်။

**သတင်းစဉ်**




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး၊ နေပြည်တော်ကောင်စီဝင်များ၊ ဂီတပညာရှင်များ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။

# သန်လျင်မြို့နယ်အတွင်း နွေစပါးဧက ၃၅၀၀ ခန့်နှင့် ပဲအမျိုးမျိုး စိုက်ပျိုးနိုင်ရန် ရေပေးဝေလျက်ရှိ

**ရန်ကုန် ဇန်နဝါရီ ၂၃**

ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်အတွင်း စပါးစိုက်တောင်သူများ နွေစပါးနှင့် ဆောင်းသီးနှံပဲအမျိုးမျိုး စိုက်ပျိုးနိုင်ရန်အတွက် ဘော့ချောင်းရေလှောင်တာတာနှင့် ဆေးလုံးကြီး ချောင်းစောက်ရေလှောင်တာတာ နှစ်ခုအတွင်း၌ ရေထိန်းတံခါးများမှတစ်ဆင့် မူလချောင်းမြောင်းတစ်လျှောက်တွင် သိုလှောင်ဖြည့်တင်းရေများ အချိန်မီပေးဝေလျက်ရှိကြောင်း ရန်ကုန်တောင်ပိုင်းခရိုင် ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ယူထိန်းသိမ်းထားသည့် ရေထိန်းတံခါးများမှတစ်ဆင့် မူလချောင်းမြောင်းတစ်လျှောက်တွင် သိုလှောင်ဖြည့်တင်းရေများ ပေးဝေနိုင်ခဲ့မှုကြောင့် ၂၀၁၆-၂၀၁၇ နွေစပါးရာသီတွင် သန်လျင်မြို့နယ်၌ နွေစပါး၂၈၇၉ ဧကနှင့် ၂၀၁၇-၂၀၁၈ ခုနှစ်တွင် နွေစပါး ၂၃၅၇ ဧက စိုက်ပျိုးနိုင်ခဲ့သည်။

ယခုနှစ်တွင် သန်လျင်မြို့နယ် ဘော့ချောင်းရေလှောင်တာတာနှင့် ဆေးလုံးကြီးချောင်းစောက်ရေလှောင်တာတာ နှစ်ခုအတွင်း၌ ရေထိန်းတံခါးများမှတစ်ဆင့် မူလချောင်းမြောင်းတစ်လျှောက်တွင် သိုလှောင်ဖြည့်တင်းရေများဖြင့် နွေစပါးဧက ၃၅၀၀ ခန့်ကို စိုက်ပျိုးရေပေးဝေနိုင်မည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင်သည် ရေဝင်ရောက်ရာ မြစ်ဝကျွန်းပေါ် မြေနိမ့်လွင်ပြင်ဒေသဖြစ်သဖြင့် ရေချိုရရှိရန် ခက်ခဲသောဒေသတစ်ခုဖြစ်သောကြောင့် မိုးစပါးအောင်ရေနှင့် နွေစပါးစိုက်ပျိုးနိုင်ရေးအတွက် ရန်ကုန်တောင်ပိုင်းခရိုင် ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ ဒေသအတွင်းရှိ မူလချောင်း၊ မြောင်းများအတွင်း ချောင်းပိတ်၊ မြောင်းပိတ်စနစ်ဖြင့် ရေချိုသိုလှောင်ခြင်း၊ လိုအပ်သောဖြည့်တင်းရေချိုများကို မြစ်ချောင်းများအတွင်း ရေငန်ဝင်ရောက်မှုမရှိခင်အချိန်ထိ ရေထိန်းတံခါးများမှ ရေပေးသွင်းခြင်းတို့ကို စနစ်တကျ စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း အဆိုပါဌာနမှ သိရသည်။

သန်လျင်မြို့နယ်တွင် နွေစပါးစိုက်ပျိုးနိုင်ရေးအတွက် မူလချောင်းများအတွင်း မိုးရေများကို ဘော့ချောင်းရေထိန်းတံခါး၊ ထော်သွန်ရေထိန်းတံခါး၊ ပုဂံတောင်ရေထိန်းတံခါး၊ ဆေးလုံးကြီးရေထိန်းတံခါးတို့ဖြင့် ကြိုတင်ပိတ်ထိန်းသိုလှောင်၍ စိုက်ပျိုးခြင်းဖြစ်ပြီး ထပ်မံလိုအပ်သော ရေချိုများကို ပဲခူးမြစ်အတွင်း ရေငန်ထိုးဖောက်မှုမရှိခင်အချိန်ထိ ခရမ်းရေထိန်းတံခါး(၆ပေ × ၁၆ပေ) အပေါက် ၄၀၊ ဘော့ချောင်းရေထိန်းတံခါး(၈ပေ × ၈ပေ) ခုနစ်ပေါက်နှင့် ထော်သွန်ရေထိန်းတံခါး(၄ ပေအချင်း) ရှစ်ပေါက်များမှ ပေးသွင်းခြင်းဖြင့်လည်းကောင်း၊ ပဲခူးရိုးမပေါ်ရှိ ဆည်အစုအဖွဲ့များ၌ သိုလှောင်ထားသော ရေချိုများကို မိုင် ၃၀ စိမ်းလန်းမြောင်းမကြီးမှတစ်ဆင့် ရယူပေးဝေခြင်းဖြင့်လည်းကောင်း ဖြည့်တင်းဆောင်ရွက်ပေးလျက်ရှိသည်။

ဒေသခံတောင်သူများအနေဖြင့် နွေစပါးစိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အောင်ရေအတွက် ပူပန်မှုမရှိစေရေး ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ ဝန်ထမ်းများက ကျေးရွာအရောက် လိုက်လံအသိပညာပေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် (၂၂)ကြိမ်မြောက် အာဆီယံ-အီးယူဝန်ကြီးအဆင့်အစည်းအဝေးသို့ တက်ရောက်

**နေပြည်တော် ဇန်နဝါရီ ၂၃**

အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် ဦးဆောင်သော မြန်မာကိုယ်စားလှယ် အဖွဲ့သည် ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့၌ ဇန်နဝါရီ ၂၁ ရက်တွင် ကျင်းပသည့် (၂၂) ကြိမ်မြောက် အာဆီယံ-အီးယူဝန်ကြီးအဆင့်အစည်းအဝေးသို့ တက်ရောက်ခဲ့ပြီးနောက် ယနေ့မွန်းလွဲပိုင်းတွင် ပြန်လည်ရောက်ရှိသည်။




**အမြင်ချင်းဖလှယ်**

အဆိုပါ အစည်းအဝေးတွင် အာဆီယံ-အီးယူဆွေးနွေးဖက် ဆက်ဆံရေး၏ ညှိနှိုင်းရေးမှူးနိုင်ငံဖြစ်သည့် စင်ကာပူနိုင်ငံ၏ နိုင်ငံခြားရေးဝန်ကြီး Mr. Vivian Balakrishnan နှင့် အီးယူ၏ နိုင်ငံခြားရေးရာနှင့်လုံခြုံရေးမူဝါဒဆိုင်ရာ အဆင့်မြင့်ကိုယ်စားလှယ် Mrs. Federica Mogherini တို့က ပူးတွဲသဘာပတိအဖြစ် ဆောင်ရွက်ခဲ့ပြီး အာဆီယံနိုင်ငံခြားရေးဝန်ကြီးများနှင့် အီးယူအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် အာဆီယံနှင့် အီးယူတို့အကြား ဆွေးနွေးဖက် ဆက်ဆံရေးကို ပြန်လည်သုံးသပ်ခဲ့ကြပြီး ဒေသတွင်းနှင့်နိုင်ငံတကာ ကိစ္စရပ်များတွင် အာဆီယံနှင့်အီးယူအကြား ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ၊ အာဆီယံနှင့် အီးယူအဖွဲ့အစည်းတို့အတွင်း ဖြစ်ပေါ်တိုးတက်မှု အခြေအနေများနှင့်အာဆီယံ-အီးယူဆွေးနွေးဖက်ဆက်ဆံရေးအား မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးအဆင့်သို့ တိုးမြှင့်ရေးကိစ္စရပ်တို့အပေါ် ဆွေးနွေး အမြင်ချင်းဖလှယ်ခဲ့ကြသည်။

**ရှင်းလင်းပြောကြား**

သီးသန့် နေ့လယ်စာစားပွဲအစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ရခိုင်ပြည်နယ် အရေးကိစ္စနှင့် စပ်လျဉ်း၍ ဖြစ်ပေါ်တိုးတက်မှုအခြေအနေများကို အလွတ်သဘော အသိပေးပြောကြားသည်။

ထိုသို့ ပြောကြားရာတွင် ပြည်ထောင်စုဝန်ကြီးက နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ် ကူညီပံ့ပိုးပေးရန်အတွက် မြန်မာနှင့်အာဆီယံအကြား ပူးပေါင်းဆောင်ရွက်နေသည့် အခြေအနေများ၊ မြန်မာနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့အကြား နှစ်နိုင်ငံသဘောတူညီချက်နှင့်အညီ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးအတွက် မြန်မာနိုင်ငံဘက်မှ ကြိုတင်ပြင်ဆင်ထားရှိမှု အခြေအနေများ၊ မြန်မာနိုင်ငံ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး(UNHCR)နှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) တို့အကြား လက်မှတ်ရေးထိုးခဲ့သည့် နားလည်မှုစာချွန်လွှာအား အကောင်အထည်ဖော်ရာတွင် ဖြစ်ပေါ်တိုးတက်မှုများနှင့် လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင်၏ လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

**အတည်ပြုနိုင်ခဲ့**

အာဆီယံနှင့် ပူးပေါင်းဆောင်ရွက်နေသည့် အခြေအနေနှင့်ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးက အာဆီယံအတွင်းရေးမှူးချုပ်အား မြန်မာနိုင်ငံသို့ ဖိတ်ကြားခဲ့ပြီး ၎င်း၏ ခရီးစဉ်အတွင်း အာဆီယံ၏ လူသားချင်းစာနာထောက်ထားမှုအကူအညီများ ညှိနှိုင်းမှုဌာန(AHA Centre)က စေလွှတ်မည့် လိုအပ်ချက်ဆန်းစစ်လေ့လာရေးအဖွဲ့၏ လုပ်ငန်းလမ်းညွှန် (TOR) ကို အတည်ပြုနိုင်ခဲ့ကြောင်း၊ ယင်းလေ့လာရေးအဖွဲ့ အနေဖြင့် နေရပ်ပြန်ပို့ရေး လုပ်ငန်းစဉ်တွင် အာဆီယံက ပူးပေါင်းဆောင်ရွက်နိုင်မည့် နယ်ပယ်များကို ရွေးချယ်သတ်မှတ်ရန် ကနဦးလိုအပ်ချက် ဆန်းစစ်လေ့လာခြင်းနှင့် ပြန်လည်လက်ခံရေးလုပ်ငန်းစဉ် စတင်သည့် အချိန်တွင် လေ့လာစောင့်ကြည့်ပြီး အလုံးစုံလိုအပ်ချက် ဆန်းစစ်လေ့လာခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့ပြင် နေရပ်ပြန်လည်ပို့ဆောင်ရေး လုပ်ငန်းစဉ်ကို အထောက်အကူ ပြုစေရန်အတွက် AHA Centre အနေဖြင့် မြန်မာနိုင်ငံတွင် ဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာ လူသားစွမ်းရည်ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်ကိုလည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးပြောကြားခဲ့သည်။

**အကူအညီများ ဆက်လက်ပေးအပ်**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်နှင့် ပတ်သက်၍ ပြန်လည်လက်ခံရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးမှု လုပ်ငန်းများ ပြန်လည်စတင်ရန် မကြာသေးမီက မြန်မာဘက်မှ ဘင်္ဂလားဒေ့ရှ်သံအမတ်ကြီးအား ခေါ်ယူတွေ့ဆုံ ပြောကြားခဲ့ပြီး ထပ်မံစိစစ်အတည်ပြုထားသည့် နေရပ်စွန့်ခွာသူ ၆၀၃ ဦး၏ အမည်စာရင်းကို ပေးအပ်ခဲ့ကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက သက်သေ အထောက်အထားအပေါ် အခြေခံသော စုံစမ်းမှုများကို လွတ်လပ်စွာဆောင်ရွက်လျက်ရှိသည့် လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင်၏ လုပ်ငန်းဆိုင်ရာတိုးတက်မှုအခြေအနေများကို ရှင်းပြပြီး လူ့အခွင့်အရေး ချိုးဖောက်မှုဆိုင်ရာ စွပ်စွဲချက်များနှင့် ပတ်သက်၍ သက်သေအထောက်အထားများ ရှိပါက ပေးပို့ပေးကြရန် ယင်းကော်မရှင်က အများပြည်သူသိရှိနိုင်ရန်အတွက် တရားဝင် ထုတ်ပြန်ကြေညာထားကြောင်း၊ လွတ်လပ်သော စုံစမ်းစစ်ဆေးရေး ကော်မရှင်အနေဖြင့် အချက်အလက်များ ရယူနိုင်ရေးအတွက် ကော့စ်ဘဇားသို့ သွားရောက်ရန် ဘင်္ဂလားဒေ့ရှ်ဘက်သို့ အဆိုပြုထားကြောင်း၊ ရခိုင်ပြည်နယ်ရှိ ဒေသအချို့တွင် ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်း၏ လုပ်ငန်းဆောင်ရွက်မှုများကို လုံခြုံရေးအခြေအနေအရ ခေတ္တကန့်သတ်ထားရသော်လည်း အစိုးရ၊ ICRC နှင့် WFP တို့က လူသားချင်းစာနာထောက်ထားမှုအကူအညီများကို ဆက်လက်ပေးအပ်လျက်ရှိကြောင်း အသိပေးပြောကြားခဲ့သည်။

**ဖွံ့ဖြိုးမှုကွာဟချက် ကျဉ်းမြောင်းစေရန် ရည်ရွယ်**

မျက်နှာစုံညီ အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ပေါင်းစည်းရေး ဦးဆောင်ဦးရွက်ပြုမှု အစီအစဉ် (Initiative for ASEAN Integration-IAI)ကို အကောင်အထည်ဖော် ဆောင်ရွက်နေသည့် အခြေအနေများနှင့် IAI ၏ လုပ်ငန်းအစီအစဉ်များ အကောင်အထည်ဖော်ရာတွင် အာဆီယံနှင့် အီးယူအကြား ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး ကိစ္စရပ်များကို ဦးဆောင်ဆွေးနွေးခဲ့သည်။ IAI အစီအစဉ်သည် အာဆီယံအသိုက်အဝန်း တည်ထောင်ခြင်းနှင့် ပေါင်းစည်းရေးလုပ်ငန်းစဉ်တို့ကို အထောက်အကူဖြစ်စေရေးအတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ဖွံ့ဖြိုးမှုကွာဟချက် ကျဉ်းမြောင်းစေရန် ရည်ရွယ်၍ ၂၀၀၀ ပြည့်နှစ်တွင် စတင်ခဲ့သည့် အစီအစဉ်တစ်ခုဖြစ်သည်။

အဆိုပါ အစည်းအဝေးကာလအတွင်း ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်သည် ဘယ်လ်ဂျီယံနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးနှင့် ဥရောပရေးရာဝန်ကြီး Mr. Didier Reynders၊ ချက်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Mr. Tomáš Petříček၊ ပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Mr. Heiko Maas၊ ဟန်ဂေရီနိုင်ငံ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီး Mr. PéterSzijjártó နှင့် နယ်သာလန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Mr. Stef Blokတို့နှင့် သီးခြားစီတွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံအကျိုးတူကိစ္စရပ်များ၊ နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးကိစ္စရပ်များ၊ ရခိုင်ပြည်နယ် အရေးကိစ္စနှင့် ပတ်သက်၍ နောက်ဆုံးဖြစ်ပေါ်တိုးတက်မှုအခြေအနေများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့သည်။

**တွေ့ဆုံဆွေးနွေး**

ထို့ပြင် ပြည်ထောင်စုဝန်ကြီးသည် ဥရောပသမဂ္ဂ ကုန်သွယ်ရေးကော်မရှင်နာ Ms. Cecilia Malmstrom နှင့်လည်း သီးခြားတွေ့ဆုံဆွေးနွေးခဲ့သည်။ ယင်းသို့ တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ဥရောပသမဂ္ဂအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ရေးနှင့် ဥရောပသမဂ္ဂမှ မြန်မာနိုင်ငံအား လက်ရှိပေးအပ်လျက်ရှိသော ဂျီအက်စ်ပီကုန်သွယ်မှုဆိုင်ရာ အထူးအခွင့်အရေးအပေါ် ပြန်လည်သုံးသပ်မည့် ကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။ ပြည်ထောင်စုဝန်ကြီးက အခြေခံပြည်သူများ အထူးသဖြင့် အထည်ချုပ်လုပ်ငန်းတွင် လုပ်ကိုင်နေကြသော အလုပ်သမားများနှင့် ၎င်းတို့အား မှီခိုနေသူများ၏ လူမှု-စီးပွားရေးကို ထိခိုက်နစ်နာစေမည့် အခြေအနေများအပါအဝင် ဂျီအက်စ်ပီကုန်သွယ်မှုဆိုင်ရာ အထူးအခွင့်အရေး ရုပ်သိမ်းခြင်း၏ အကျိုးဆက်များကို အလေးထား ထောက်ပြဆွေးနွေးခဲ့သည်။

**ရှင်းလင်းအသိပေး**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက လူ့အခွင့်အရေးတိုးမြှင့်ရေး၊ အလုပ်သမားနှင့် ကလေးသူငယ်များ၏ အခွင့်အရေးများကာကွယ်စောင့်ရှောက်ရေးတို့တွင် မြန်မာအစိုးရ၏ ကြိုးပမ်းဆောင်ရွက်မှုများနှင့် ပတ်သက်၍ တိုးတက်မှု အခြေအနေများနှင့် တတိယအကြိမ် ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်သွားနိုင်ရန် ဥရောပသမဂ္ဂ ကုန်သွယ်ရေး ကိုယ်စားလှယ်အဖွဲ့၏ ခရီးစဉ်အား လာမည့် ဖေဖော်ဝါရီလအတွင်း လက်ခံစီစဉ်ပေးရေးကိစ္စရပ်များကို ရှင်းလင်းအသိပေးခဲ့သည်။ ထို့ပြင် မြန်မာနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့အကြား နှစ်နိုင်ငံသဘောတူညီချက်နှင့်အညီ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေး လုပ်ငန်းစဉ်အမြန်ဆုံးစတင်နိုင်ရန် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် နောက်ဆုံးညှိနှိုင်းနေမှု အခြေအနေများ အပါအဝင် ရခိုင်ပြည်နယ်အရေးကိစ္စအား ဖြေရှင်းရာတွင် အစိုးရ၏ ကြိုးပမ်းဆောင်ရွက်ချက်များကို အသိပေးပြောကြားခဲ့သည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ရခိုင်ပြည်နယ်အတွင်း တိုက်ပွဲဖြစ်စဉ်များ ရှိနေသော်လည်း နေရပ်တိမ်းရှောင်သူများအတွက် လူသားချင်းစာနာမှု အကူအညီများနှင့် ရိက္ခာများ ဆက်လက်ထောက်ပံ့ပေးနေသည့်လက်ရှိအစီအစဉ်များကို ရှင်းလင်းပြောကြားခဲ့သည်။ **သတင်းစဉ်**

# မြန်မာနိုင်ငံ ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်းနှင့် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန၏ အာရှရေးရာအထူးကိုယ်စားလှယ်တို့ တွေ့ဆုံ


**ရန်ကုန် ဇန်နဝါရီ ၂၃**

မြန်မာနိုင်ငံငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်း ဦးဆောင်သောအဖွဲ့နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၏ အာရှရေးရာအထူးကိုယ်စားလှယ် H.E. Mr.Sun Guoxiang ဦးဆောင်သော အဖွဲ့တို့သည် ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန(NRPC) တွင် တွေ့ဆုံကြသည်။

**ဆွေးနွေး**

ထိုသို့ တွေ့ဆုံရာတွင် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များ၊ နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

**ညွန့်ကိုကို**



# ပြည်ထောင်စုအမွေကို စောင့်ထိန်းဖို့ရာ တို့ဝန်တာ

■ ရွှေတိုင်လွင်



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ရှေးရှေးသော အတိတေကာလများမှာကတည်းက နိုးကြား တက်ကြွ ရှင်သန်ထက်မြက်သော အမျိုးသားသူရဲကောင်းများပေါ် ထွန်းခဲ့ကြသည်ကို သမိုင်းက ဖော်ညွှန်းပြသထားပါပေသည်။

**အစဉ်မမေ့သင့်**

သို့ပါသောကြောင့် မိသားစုတစ်စုအတွင်း စည်းလုံးမှုမရှိလျှင် မအေးချမ်းနိုင်သကဲ့သို့ တိုင်းပြည်တစ်ပြည်၌ အမျိုးသားရေးကွဲလွဲမှုများရှိနေခြင်းသည် စည်းလုံးညီညွတ်မှုကို ပျက်ပြယ်စေသည်ဖြစ်ပေရာ မိသားစုစိတ်ဓာတ်ဖြင့် စုစုစည်းစည်း သိုက်သိုက်ဝန်းဝန်း ညီညီညွတ်ညွတ် ရိုင်းပင်းဆောင်ရွက်မှသာလျှင် ပြည်ထောင်စုအမွေကို စောင့်ထိန်းရာရောက်ပေမည်ဟု ယုံကြည်မိပါသည်။

မြန်မာနိုင်ငံတွင် တစ်ချိန်က ကိုယ့်အရှင်ကိုယ့်သခင်ဖြင့် ကိုယ့်ထီးကိုယ်နန်း နေထိုင်လာခဲ့ရာမှ ပထမကျူးကျော်စစ်၊ ဒုတိယကျူးကျော်စစ်၊ တတိယကျူးကျော်စစ်ပွဲကို ဗြိတိသျှကိုလိုနီတို့ လုပ်ကြံဖန်တီးခဲ့၍ အမျိုးသားစည်းလုံးမှု ပျက်ပြယ်ကာ ၁၈၈၅ ခုနှစ်တွင် မြန်မာနိုင်ငံ တစ်နိုင်ငံလုံး သူ့ကျွန်ဘဝ ကျရောက်ခဲ့ရသည်ကို အစဉ်မမေ့သင့်သောကြောင့် ပြည်ထောင်စုဖွား တိုင်းရင်းသားများ စည်းလုံးညီညွတ်မှုကို အစဉ်စောင့်ထိန်းသွားကြဖို့ရာ မြန်မာတစ်မျိုးသားလုံး၏ တာဝန်ပင်ဖြစ်ပါပေသည်။

မြန်မာ့လွတ်လပ်ရေးဆုံးရှုံးရခြင်းမှာ အဘက်ဘက်မှ အားနည်းချို့ယွင်းမှုတို့ကြောင့်ပင် ဖြစ်ပေရာ လွတ်လပ်ရေးရယူဖို့အတွက် ဗိုလ်ချုပ်အောင်ဆန်းနှင့် မျိုးချစ် သခင်များအဖွဲ့သည် နည်းဗျူဟာနိုင်ငံရေးလမ်းကြောင်းကို စည်းရုံးသိမ်းသွင်းအဖြေရှာ ဆောင်ရွက်ခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်သော အဖွဲ့သည် လန်ဒန်တွင် လွတ်လပ်ရေးကိစ္စ ဆွေးနွေးနေကြသောအခါ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို သွေဖည်သော ရှမ်းစော်ဘွားအချို့၏ ဟန့်တား မှု၊ ကြေးနန်းစာလန်ဒန်သို့ပေးပို့မှုကို လွတ်လပ်ရေး ကြိုးပမ်းဆောင်ရွက်နေသော ဗိုလ်ချုပ်တို့အဖွဲ့ သိရှိကြရလေသည်။

**တစ်ခဲနက်ကြိုးပမ်း**

တိုင်းပြည်၏ အဓိကလိုအပ်ချက်မှာလည်း လွတ်လပ်ရေးရရန်သာ အဓိကဖြစ်ပေရာ တစ်မျိုးသားလုံး သူ့ကျွန်ဘဝမှ လွတ်မြောက်ရေးအတွက် မျိုးချစ်ခေါင်းဆောင်ကြီးတို့သည် မဖြစ် ဖြစ်သောနည်းဖြင့် လွတ်လပ်ရေးကို ရအောင်ဆောင် ရွက်သွားမည်ဟု သန္နိဋ္ဌာန်ချကာ တစ်ခဲနက် ကြိုးပမ်း ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ပေသည်။

သို့ဖြစ်ရာ ဗိုလ်ချုပ်က ရန်ကုန်ရှိ ဖဆပလဌာနချုပ်သို့ ရှမ်းစော်ဘွားနှစ်ဦး၏ ကြေးနန်းစာအကြောင်း ပြန်လည်သတင်းပေးပို့ကာ ချက်ချင်းပင် ရန်ကုန်ရှိ ဖဆပလအဖွဲ့ကြီး၏ တန်ပြန်လှုပ်ရှားမှုတစ်ခုကို ပြုလုပ်ခဲ့ရလေသည်။ ဤသည်မှာ ပင်လုံရှေ့ပြေး၊ ပြည်ထောင်စုစည်းလုံးမှုတစ်ခုကို တောင်ကြီးမြို့၌ ချက်ချင်းပြုလုပ်ခဲ့လေ၏။ ရှမ်းပြည်နယ်လွတ်လပ်ရေးအဖွဲ့ချုပ်မှ ဦးတင်အေး (နောက်ပိုင်း နိုင်ငံတော်ကောင်စီဝင်)၊ ဦးထွန်းမြင့် (တောင်ကြီး)တို့နှင့် တိုင်ပင်ဆွေးနွေးကာ လန်ဒန်ရောက် ဗိုလ်ချုပ်အောင်ဆန်းနှင့်အဖွဲ့၏ လုပ်ဆောင်မှုအား အလေးအနက်ထောက်ခံကြောင်း လူထုအစည်းအဝေးပွဲကြီးကို ဗိုလ်မှူးအောင် (ရဲဘော် သုံးကျိပ်)၊ ဗိုလ်ထွန်းလင်း (ပြည်သူ့ရဲဘော်)နှင့် ဦးဖေခင် (သံအမတ်ကြီး- အငြိမ်းစား) တို့အား တောင်ကြီးသို့ သွားရောက်၍ ရှမ်းပြည်နယ်လွတ်လပ်ရေးအဖွဲ့ချုပ်တို့နှင့် ပေါင်းစည်းကာ ဗိုလ်ချုပ်အောင်ဆန်းနှင့်အဖွဲ့အား ထောက်ခံကြောင်း၊ စော်ဘွားနှစ်ဦး ဘိလပ်သို့ ကြေးနန်းရိုက်ခြင်းအား ကန့်ကွက်ရှုတ်ချပါကြောင်း၊ ဦးတင်အေးနှင့် ဦးဖေခင်တို့အဖွဲ့က ရန်ကုန်ဖဆပလဌာနချုပ်မှ လန်ဒန်မြို့ရောက် ဗိုလ်ချုပ်အောင်ဆန်းထံ လူထုအစည်းအဝေးပွဲကြီး၏ ဆုံးဖြတ်ချက်အား လန်ဒန်သို့ ကြေးနန်းပြန်ပို့ခဲ့လေသည်။

**ပင်လုံစိတ်ဓာတ်**

အင်္ဂလန်မှ အင်္ဂလိပ်မှ အက်တလီက တောင်တန်းဒေသပြည်နယ်များသည် သက်ဆိုင်ရာလူမျိုးစုခေါင်းဆောင်များ ကိုယ်တိုင်လက်မှတ်ရေးထိုး ဖော်ပြရမည်၊ ပြည်မနှင့်အတူ လွတ်လပ်ရေးကို ရယူကာ ပြည်ထောင်စုပုံစံဖြင့် နေလိုကြောင်းကို အခိုင်အမာစာချုပ်တစ်ခုကို လက်မှတ်ရေးထိုးပေးရမည်ဟု ထည့်သွင်းထားခြင်းဖြစ်ပေသည်။ စော်ဘွားနှစ်ဦး၏ ကြေးနန်းစာကို အရာမသွင်းသော်လည်း တောင်တန်းမြေပြန့်ကို အတားအဆီးတစ်ခုပြုခဲ့ခြင်းသည် ပင်လုံစိတ်ဓာတ်ကို သန္ဓေတည်ကာ နှိုးဆွပေးလိုက်ခြင်းပင်ဖြစ်ပေကြောင်း လေ့လာရှုမြင်ကြရပေမည်။

**တမ်းတမ်းတတ ပြန်လည်သတိရ**

ပင်လုံညီလာခံကျင်းပမည့် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့ကို ပြန်ပြောင်းခံစားကြည့်မည်ဆိုပါလျှင် ဆောင်းအကုန်နွေအကူးပေမယ့် မောတို့ဌာနေ ရှမ်းမြေဖြစ်သည့် ကမ္ဘောဇတိုင်း လဲချားမြို့နယ် ပင်လုံမြို့ကလေး၏ နံနက်ခင်းသည် ချယ်ရီပန်းနှင့် တောင်ဇလပ်ပန်းတို့ဝေလျက် ရှမ်းတောင်တန်း၏ အလှပုံရိပ်တို့ကား တိုင်းရင်းသားလူမျိုးစုများ၏ စည်းလုံးမှုကို တမ်းတမ်းတတ ပြန်လည်သတိရစရာ သမိုင်းမော်ကွန်းထိုးခဲ့သည့်ကာလပါလားဟု တစိမ့်စိမ့်ထင်ဟပ်နေမည်မှာ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ နှလုံးထဲ စွဲမြဲနေပေမည်ဟု ယုံကြည်မိပါသည်။

ဆရာတက္ကသိုလ်နေဝင်းက ဆိုထားပါသည်။ ဖေဖော်ဝါရီလ ၁၃ ရက်နေ့သည် ဗိုလ်ချုပ်၏အသက် ၃၂ နှစ် တင်းတင်းပြည့်မွေးနေ့ဖြစ်သလို ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့သည်လည်း သူ့အတွက် အရေးတကြီးနေ့ တစ်နေ့ဖြစ်ပေကြောင်း ဖော်ညွှန်းထားသည်ကို လေ့လာတွေ့ရှိရပေသည်။ မှန်ပါ၏။ ထိုနေ့သည် Union ခေါ် ပြည်ထောင်စုပုံစံဖြင့် လွတ်လပ်သော မြန်မာနိုင်ငံတော်ဖြစ်စေသည့် မြန်မာ့သမိုင်းဝင် ပင်လုံညီညွတ်ရေးစာချုပ်ကြီးအား လက်မှတ်ရေးထိုးနိုင်ခဲ့ကြသောနေ့ပင် ဖြစ်သောကြောင့်ပေတည်း။

**အောင်မြင်ရေးလမ်းစ**

မြန်မာ့လွတ်လပ်ရေး ရလုရခင် အင်္ဂလန်၌ ဗိုလ်ချုပ်နှင့် အက်တလီတို့ အချေအတင်ပြောနေခိုက် တောင်တန်းနှင့် မြေပြန့်ကို သီးခြားဖြစ်အောင် ဖန်တီးသည့် ကြိုးတစ်ချောင်းကို အက်တလီက ချည်လိုက်ခြင်းအပေါ် ဗိုလ်ချုပ်က ထိုကြိုးအား တောင်တန်းနှင့်မြေပြန့်စည်းလုံး ကြောင်း ပင်လုံညီလာခံဖြင့် ပြန်လည်ဖြေချနိုင်ခဲ့ခြင်းပင်ဖြစ်ပါ၏။

ဤသို့ဖြင့် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၆ ရက်နေ့၌ ပင်လုံမြို့တွင် ကချင်ကိုယ်စားလှယ်များနှင့် ရှမ်းကိုယ်စားလှယ်များပူးပေါင်းကာ အစည်းအဝေးပြုလုပ်ခဲ့ရာ လူထု ၂၀၀၀ ကျော် တက်ရောက်ခဲ့ကြလေသည်။ ဖေဖော်ဝါရီလ ၇ ရက် ည ၉ နာရီခွဲတွင် ပင်လုံလူထုအစည်း အဝေးပွဲကြီးအား ဆက်လက်ကျင်းပရာ တောင်ပေါ်သားများ ညီညွတ်ရေးဦးစီးအဖွဲ့ (ညောင်ရွှေစော်ဘွားကြီး စဝ်ရွှေသိုက်ဦးဆောင်သည့် ၁၈ ဦး အဖွဲ့)ကိုလည်း ဖွဲ့စည်းဆောင်ရွက်နိုင်ခဲ့သည်။ ဤသည်မှာ ပင်လုံစာချုပ်လက်မှတ်ရေးထိုးပွဲ၏ အောင်မြင်ရေးလမ်းစများပင် ဖြစ်ပါပေသည်။

ဤသို့ဖြင့် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၈ ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် ဒိုမီနီယံအတွင်းဝန်ကလေးမစ္စတာဘော့တွန်မဲလေ တို့ပါဝင်သော ခေါင်းဆောင်များသည် တောင်တန်းဒေသဆိုင်ရာ ပင်လုံညီလာခံ တက်ရောက်ရန်အတွက် ပင်လုံမြို့သို့ရောက်ရှိလာပြီး နံနက် ၁၁ နာရီခွဲ တွင် ရှမ်းပြည်၏ သမိုင်းတစ်လျှောက် ထူးခြားလေးနက် ပြီး တိုင်းရင်းသားစည်းလုံးညီညွတ်မှု (ရှမ်းပြည်သမိုင်း၌ တစ်ခါမျှမကြုံဖူးသော) ကချင်၊ ချင်း၊ ဗမာ၊ ရှမ်း ခေါင်းဆောင်များ၊ ဗြိတိသျှအရာရှိများနှင့် ရှမ်းပြည်သူလူထုများ တက်ရောက်လာကြသည်မှာ မြန်မာပြည် လွတ်လပ်ရေးအတွက် အားတက်စရာနေ့ပင်ဖြစ်သည်ဟု ဆိုရပါပေမည်။ ထိုနေ့၌ လူထုစည်းဝေးပွဲကြီးကျင်းပ ရာ သဘာပတိအဖြစ် တောင်ပိုင်းစော်ဘွားကြီး စဝ်ခွန်ပန်းစိန်က ဆောင်ရွက်ပြီး ဗိုလ်ချုပ်အောင်ဆန်းက “မြန်မာများက စိုးမိုးလို၍ မဟုတ်” ခေါင်းစီးဖြင့် မိန့်ခွန်းပြောကြားခဲ့လေသည်။

**တညီတညွတ်တည်းဆုံးဖြတ်**

၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့ နံနက်ပိုင်းတွင် လဲချားမြို့နယ် ပင်လုံမြို့ကလေးသည် သာယာအေးမြသောအသွင်ကိုဆောင်ကာ မောတို့တိုင်း၏ ကမ္ဘောဇဌာနေကို အမှတ်ရစေသော သမိုင်းဝင်နေ့ကလေး၏ နံနက်ခင်းပင် ဖြစ်ပါပေသည်။

ယင်းနေ့ (ဖေဖော်ဝါရီလ ၁၂ ရက်နေ့) နံနက် ၁၀ နာရီတွင် သမိုင်းဝင်ပင်လုံစာချုပ်ကို ဗိုလ်ချုပ်အောင်ဆန်း အပါအဝင် တိုင်းရင်းသားကိုယ်စားလှယ်တော်ကြီး ၂၃ ဦးတို့က တညီတညွတ်တည်း ဆုံးဖြတ်ပြီး လက်မှတ်ရေးထိုးခဲ့ကြပါလေတော့သည်။

**လမ်းညွှန်ပြသမျိုးစေ့ချ**

တိုင်းရင်းသား ခေါင်းဆောင်ကြီးများ၏ ပေါင်းစည်းညီညွတ်မှုကို ထိုပင်လုံတိုင်းရင်းသားညီလာခံကြီးမှ လမ်းညွှန်ပြသ မျိုးစေ့ချပေးလိုက်ခြင်းကြောင့် မြန်မာ့သမိုင်းတွင် အစဉ်တွင်ရစ်နေသော ပြည်ထောင်စုနေ့ကြီးအား တိုင်းရင်းသားအားလုံး မြန်မာတစ်မျိုးသားလုံးက မျိုးချစ်တိုင်းရင်းသားခေါင်းဆောင်ကြီးများ ပေးခဲ့သော ပြည်ထောင်စုအမွေကို ဦးလည်မသုန် စောင့်ရှောက်ထိန်းသိမ်းကြကာ နိုးကြားသည့် အမျိုးသားရေးစိတ်ဓာတ်ဖြင့် ပြည်ထောင်စုစိတ်ထား အစဉ်ပွားများလျက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ခုလုံး တန်းတူညီမျှ အေးအတူ ပူအမျှ၊ ဥမကွဲ သိုက်မပျက် အဖျက်ရန် ဘယ်လိုပင်ရှိရှိ သွေးစည်းညီညွတ်ခြင်းရလဒ်ကြောင့် မြန်မာ့လွတ်လပ်ရေးကြီး ရရှိခဲ့သည်ကို အစဉ်အမှတ်ရကာ ပြည်ထောင်စုအမွေအား စောင့်ထိန်းသွားကြဖို့ရာ မြန်မာတစ်မျိုးသားလုံး၏ တာဝန်ဖြစ်ပေသည်ဟု ရေးသားတင်ပြလိုက်ရပါပေသည်။ ။

> “မျိုးချစ်တိုင်းရင်းသားခေါင်းဆောင်ကြီးများ ပေးခဲ့သော ပြည်ထောင်စုအမွေကို ဦးလည်မသုန် စောင့်ရှောက်ထိန်းသိမ်းကြကာ နိုးကြားသည့် အမျိုးသားရေးစိတ်ဓာတ်ဖြင့် ပြည်ထောင်စုစိတ်ထား အစဉ်ပွားများလျက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ခုလုံး တန်းတူညီမျှ အေးအတူ ပူအမျှ၊ ဥမကွဲသိုက်မပျက် အဖျက်ရန် ဘယ်လိုပင်ရှိရှိ သွေးစည်းညီညွတ်ခြင်းရလဒ်ကြောင့် မြန်မာ့လွတ်လပ်ရေးကြီး ရရှိခဲ့သည်ကို အစဉ်အမှတ်ရကာ ပြည်ထောင်စုအမွေအား စောင့်ထိန်းသွားကြဖို့ရာ မြန်မာတစ်မျိုးသားလုံး၏ တာဝန်ဖြစ်ပေသည်”

# ဆိပ်ကမ်းကုန်ကျမှုစရိတ်များကို သင့်တင့်မျှတသည့် နှုန်းထားများဖြင့် ပြင်ဆင်ကောက်ခံနိုင်ရန် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်

**နေပြည်တော် ဇန်နဝါရီ ၂၃**

ယနေ့ ကျင်းပသည့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး တတိယနေ့တွင် ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းဖြေကြားခြင်း၊ အစီရင်ခံစာ ၁ ခု ဖတ်ကြားတင်သွင်းခြင်းနှင့် အဆို ၁ ခု တင်သွင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် ထားဝယ်မဲဆန္ဒနယ်မှ ဦးအောင်စိန်၏ **ထားဝယ်-မြိတ် ရထားလမ်း ဖောက်လုပ်ရေး စီမံကိန်းတွင် ပါဝင်သွားသော မြေယာများအတွက် မြေယာလျော်ကြေးပေးရန် သို့မဟုတ် ရထားလမ်းအဖြစ် ဆက်လက်အသုံးမပြုသည့် ထိုမြေယာများကို မူလလက်ရှိ ထားလုပ်ကိုင်ခဲ့သည့် တောင်သူလယ်သမားများလက်သို့ ပြန်လည်ပေးအပ်ရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးက သမုတ်-ဘုတ်ခြံရထားလမ်းပိုင်းတွင် ပဆွပ်မှရော်ဘာ (၉၈ ဒသမ ၇)ဧက၊ သမုတ်မှ လယ်မြေ ( ၀ ဒသမ ၅၉)ဧက၊ ဥယျာဉ်ခြံမြေ (၂ ဒသမ ၁၄)ဧက၊ ရော်ဘာ (၃၄ ဒသမ ၈၁)ဧက စုစုပေါင်း (၁၃၆ ဒသမ ၂၄) ဧကအား မြေပြင်ကွင်းဆင်းတိုင်းတာပြီးဖြစ်ပါကြောင်းနှင့် ရထားလမ်းဖောက်လုပ်ရေး စီမံကိန်းအား ဆက်လက်ဆောင်ရွက်မည်ဆိုပါက တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် မြေယာလျော်ကြေးကိစ္စများအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ဖြေကြားထားပါကြောင်း။

## ထားဝယ်-မြိတ်ရထားလမ်း ဖောက်လုပ်ရေးစီမံကိန်းကို ဆက်လက်ဆောင်ရွက်ရန် မရှိသဖြင့် မြေယာများ ပြန်လည်ပေးအပ်သွားမည်

ယခုအချိန်တွင် မြန်မာ့မီးရထားအနေဖြင့် ထားဝယ်-မြိတ်ရထားလမ်း ဖောက်လုပ်ရေးစီမံကိန်းကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရန်မရှိသဖြင့် သရက်ချောင်း-ပုလောအပိုင်းရှိ မြေသား ၃ မိုင်နှင့် သမုတ်-ဘုတ်ခြံ-ပုလောအပိုင်းရှိ မြေသား ၁၀ မိုင်တို့အပါအဝင် သရက်ချောင်း-သမုတ်လမ်းအပိုင်းကို လက်ရှိအနေအထားအတိုင်း မူလပိုင်ရှင်များထံ ပြန်လည်ပေးအပ်သွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။


ဒုတိယဝန်ကြီး
ဦးကျော်မျိုး


မင်းလှမဲဆန္ဒနယ်မှ
ဒေါက်တာသန်းအောင်စိုး


ထားဝယ်မဲဆန္ဒနယ်မှ
ဦးအောင်စိန်

## ဆိပ်ကမ်းကုန်ကျမှု စရိတ်များ သင့်တင့်မျှတသည့် နှုန်းထားများဖြင့် ပြင်ဆင်ကောက်ခံနိုင်ရန် စီစဉ်

လှိုင်မဲဆန္ဒနယ်မှ ဦးအောင်ကျော်ကျော်ဦး၏ **ရန်ကုန် ဆိပ်ကမ်း သင်္ဘောဆိုက်ကပ်မှု ကုန်ကျစရိတ်မြင့်မားနေ၍ ပို့ကုန်မြှင့်တင်ရန် အခက်အခဲဖြစ်ပေါ်ခြင်း၊ သွင်းကုန်များ ဈေးကြီးမြင့်မားစေခြင်းတို့ ကြုံတွေ့နေရသဖြင့် သင်္ဘောဆိုက်ကပ်မှု ကုန်ကျစရိတ် လျှော့ချပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးက နိုင်ငံတော်စီးပွားရေးအဖွဲ့အစည်းတစ်ခု ဖြစ်သည့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်အနေဖြင့် နိုင်ငံတော်ဝင်ငွေကို တိုးမြှင့်ရှာဖွေရန် တာဝန်ရှိသော်လည်း တစ်ဖက်တွင်လည်း ပို့ကုန်၊ သွင်းကုန်လုပ်ငန်းရှင်များ၊ ဆိပ်ကမ်းလုပ်ငန်းဆောင်ရွက်သူများ၊ သင်္ဘောလုပ်ငန်းဆောင်ရွက်သူများနှင့် စားသုံးသူဈေးကွက်အကြား မျှတမှုရှိစေရေးအတွက် လေ့လာဆွေးနွေးမှုများ ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ယနေ့နိုင်ငံ၏ရေကြောင်းကုန်စည်တင်ပို့၊ တင်သွင်းရန် အခြေအနေကို အမြဲတမ်းလေ့လာသုံးသပ်ပြီး ဆိပ်ကမ်းကုန်ကျမှု စရိတ်များကို သင့်တင့်မျှတသည့် နှုန်းထားများဖြင့် ပြင်ဆင်ကောက်ခံနိုင်ရန် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ ဒက္ခိဏသီရိမဲဆန္ဒနယ်မှ ဦးသန့်ဇင်ထွန်း၊ ကျောက်ကုန်း မဲဆန္ဒနယ်မှ ဦးသိန်းထွန်း၊ လပွတ္တာမဲဆန္ဒနယ်မှ ဒေါက်တာဦးအေးကြူနှင့် နန်းယွန်းမဲဆန္ဒနယ်မှ ဦးဝမ်းလှတို့၏ မေးခွန်းများနှင့်စပ်လျဉ်း၍ နေပြည်တော်ကောင်စီဝင် ဦးညီထွန်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးတို့က ရှင်းလင်းဖြေကြားကြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော တံတားကြီးများ ဥပဒေကြမ်းကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးသည်။

ယင်းနောက် အဆိုပါ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အစီရင်ခံစာကို ဥပဒေကြမ်းကော်မတီဝင် ဦးဇော်ဝင်းက ဖတ်ကြားတင်သွင်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

ဆက်လက်၍ မင်းလှမဲဆန္ဒနယ်မှ ဒေါက်တာသန်းအောင်စိုးက **လူနှင့်တိရစ္ဆာန်များတွင် ခွေးရူးရောဂါဖြစ်ပွားမှု လျော့နည်းကျဆင်းရေးအတွက် ဌာနဆိုင်ရာများ၊ ပြည်တွင်း ပြည်ပအဖွဲ့အစည်းများ အားလုံးပူးပေါင်းလျက် စီမံချက်ချမှတ်ရေးဆွဲပြီး ဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း** အဆိုကို တင်သွင်းရာ ခွေးရူးရောဂါဆိုသည်မှာ လွန်စွာကြောက်စရာကောင်းပါကြောင်း၊ ရောဂါလက္ခဏာပြပါက ကုသ၍ မရတော့ဘဲ ရာနှုန်းပြည့် သေဆုံးပါကြောင်း၊ ကမ္ဘာပေါ်တွင် ခွေးရူးရောဂါကြောင့် ၉ မိနစ်တွင် လူတစ်ယောက်ခန့် သေဆုံးနေပါကြောင်း၊ အာရှ အာဖရိကတိုက်နှင့် မြန်မာနိုင်ငံတွင်လည်း ဖြစ်ပွားမှု များပြားပါကြောင်း။

လူမှုရေးဆိုင်ရာယဉ်ကျေးမှုအရဖြစ်စေ၊ နည်းပညာပိုင်းအရ ဖြစ်စေ၊ သုတေသနပြုခြင်း၊ အဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်ခြင်း၊ အမိန့်ညွှန်ကြားချက်များ ထုတ်ပြန်ခြင်း၊ ဘဏ္ဍာငွေချမှတ်သုံးစွဲခြင်းဖြင့် လူနှင့်တိရစ္ဆာန်များတွင် ဖြစ်ပွားသည့် ခွေးရူးရောဂါကို လျော့နည်းကျဆင်းစေရန် စီမံချက်ချမှတ်ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် အဆိုတင်သွင်းရခြင်းဖြစ်ပါကြောင်း တင်ပြသည်။

ယင်းနောက် အဆိုအား လက်ခံဆွေးနွေးနိုင်ရန်အတွက် ရေဦးမဲဆန္ဒနယ်မှ ဒေါက်တာဦးမင်းသိန်းက ထောက်ခံတင်ပြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ယင်းအဆိုနှင့်စပ်လျဉ်း၍ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူသဖြင့် အဆိုအား လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ယင်းအဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ဇန်နဝါရီ ၂၅ ရက်တွင် ဆက်လက်ကျင်းမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်(သတင်းစဉ်)**

# ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး တတိယနေ့ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၃**

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး တတိယနေ့တွင် ကြယ်ပွင့်ပြ မေးခွန်းများ မေးမြန်းခြင်းနှင့်ဖြေကြားခြင်း၊ မြန်မာနိုင်ငံလူမွဲခံယူခြင်းဆိုင်ရာ ဥပဒေကြမ်းကို လွှတ်တော်သို့ တင်သွင်းခြင်းနှင့် အဆို ၁ ခု တင်သွင်း၍ လက်ခံဆွေးနွေးရန် သင့်၊ မသင့် ဆုံးဖြတ်ခြင်းတို့ကို ဆောင်ရွက်ကြသည်။

## စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ပတ်သက်သည့် မေးခွန်းများဖြေကြား

အစည်းအဝေးတွင် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဘွဲခိန်း၏ ချင်းပြည်နယ် ထန်တလန်မြို့တွင် မရှိမဖြစ် လိုအပ်နေသည့် မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးအား ပြန်လည်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ပြည်တွင်းအခွန်များဦးစီးဌာန၏ လက်ရှိဖွဲ့စည်းပုံတွင် ထန်တလန်မြို့နယ် အခွန်ဦးစီးဌာနမှူးရုံး ပါဝင်ခြင်းမရှိသဖြင့် ဖွဲ့စည်းပုံပြင်ဆင်ရေးဆွဲသည့်အခါတွင် (ဂ) အဆင့် မြို့နယ်ရုံးအဖြစ် ပြန်လည်ထည့်သွင်းရေးဆွဲဆောင်ရွက်မည် ဖြစ်ပါကြောင်း၊ ယင်းသို့ ဆောင်ရွက်နေစဉ်အတွင်း ထန်တလန်မြို့နယ် အခွန်ဦးစီးဌာနမှူးရုံးကို ထန်တလန်မြို့၏ သင့်လျော်သည့် နေရာတွင် ရုံးခန်းငှားရမ်းဖွင့်လှစ်၍ ချင်းပြည်နယ် အခွန်ဦးစီးဌာနမှူးရုံး လက်အောက်မှ ထုတ်နုတ် ဝန်ထမ်းအင်အားများဖြင့် ယာယီရုံးအဖြစ် ဖွင့်လှစ်သွားရန် စီစဉ်ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

ထိုသို့ ဆောင်ရွက်ခြင်းအားဖြင့် ထန်တလန်မြို့နယ်ရှိ အခွန်ထမ်းပြည်သူများအနေဖြင့် ပိုမိုလွယ်ကူစွာ အခွန်ပေးဆောင်နိုင်မည်ဖြစ်ခြင်း၊ ဌာနဆိုင်ရာ အချင်းချင်း အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ခြင်း၊ ဒေသခံ ပြည်သူများကို အခွန်ဆိုင်ရာ ဗဟုသုတများ မျှဝေနိုင်ခြင်း၊ အခွန်အခြေကို ချဲ့ထွင်နိုင်မည်ဖြစ်ခြင်းတို့ကြောင့် ပြည်တွင်းအခွန်များ ဦးစီးဌာနအနေဖြင့် ရသင့် ရထိုက်သည့်အခွန်များ လွတ်ကင်းမှုမရှိဘဲ အပြည့်အဝကောက်ခံရရှိနိုင်မည့် အကျိုးကျေးဇူးများ ရရှိလာမည်ဖြစ်သောကြောင့် ထန်တလန်မြို့နယ် အခွန်ဦးစီးဌာနမှူးရုံးကို ယာယီရုံးအဖြစ် စတင်ဖွင့်လှစ်ဆောင်ရွက်၍ နောင်တွင် (ဂ)အဆင့် မြို့နယ်ရုံးပြန်လည်ဖွင့်လှစ်နိုင်ရန် အဆင့်ဆင့် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။


ဒုတိယဝန်ကြီး
ဦးမောင်မောင်ဝင်း


ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်
အမှတ်(၁)မှ ဦးစိုးမိုး


ရှမ်းပြည်နယ် မဲဆန္ဒနယ်
အမှတ်(၁၂)မှ ဦးစိုင်းစံအောင်

ရှမ်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၂)မှ ဦးစိုင်းစံအောင်၏ **ရှမ်းပြည်နယ် "ဝ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်ခရိုင် ဟိုပန်မြို့နယ်တွင် ဖွင့်လှစ်ထားသော မြန်မာ့စီးပွားရေးဘဏ် ငွေတိုက်ခွဲကို မြို့နယ်စီးပွားရေးဘဏ်ခွဲအဖြစ်သို့ အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ဟိုပန်မြို့နယ်တွင် ဖွင့်လှစ်ထားသော ဘဏ်ငွေတိုက်ခွဲအား မြို့နယ်ဘဏ်ခွဲအဆင့်သို့ တိုးမြှင့်ဖွင့်လှစ်ရန်နှင့် ပတ်သက်၍ ငွေတိုက်ခွဲ၏ လုပ်ငန်းပမာဏမှာ တစ်ရက်လျှင် ပျမ်းမျှ ငွေလွှဲ လွှဲပို့စောင်ရေ (၂၃)စောင်၊ ပျမ်းမျှ ငွေထုတ်စောင်ရေ (၉)စောင်၊ ငွေစုဘဏ်ဦးရေ (၇၄၂) ဦးသာရှိသည်ကို တွေ့ရှိရပြီး ကွမ်းလုံမြို့နယ်ဘဏ်ခွဲသည် ဟိုပန်မြို့နှင့် (၁၃)မိုင်ခန့်ကွာဝေး၍ လမ်းပန်းဆက်သွယ်ရေး အထူးကောင်းမွန်ခြင်း၊ ဟိုပန်ဘဏ်ငွေတိုက်ခွဲတွင်လည်း လက်ရှိအခြေအနေတွင် ဝန်ထမ်းအင်အားနှင့် လုပ်ငန်းပမာဏ နိုင်နင်းမှုရှိခြင်းတို့ကြောင့် မြို့နယ်ဘဏ်ခွဲအဆင့်သို့ တိုးမြှင့်သတ်မှတ်ပေးရန် ဦးစားပေးဆောင်ရွက်နိုင်မှု မရှိသေးပါကြောင်း၊ နောင်တွင် လုပ်ငန်းပမာဏ ယခုထက်ပိုမိုများပြားလာသည့်အပေါ် မူတည်၍ ကုန်ကျစရိတ်နှင့် အကျိုးကျေးဇူးကို သုံးသပ်ပြီး မြို့နယ်ဘဏ်ခွဲအဆင့်သို့ တိုးမြှင့်ဖွင့်လှစ်သင့်သည့်အခါ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

အလားတူ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါက်တာဇော်လင်းထွဋ်၊ ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၀)မှ ဦးလားလ်မင်းထန်နှင့် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၂)မှ ဦးပြူးလွင်တို့၏ မေးခွန်းများနှင့် စပ်လျဉ်း၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

## မြန်မာနိုင်ငံ လူမွဲခံယူခြင်းဆိုင်ရာ ဥပဒေကြမ်းကို လွှတ်တော်သို့ တင်သွင်း

ထို့နောက် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးမြဟန်က မြန်မာနိုင်ငံ လူမွဲခံယူခြင်းဆိုင်ရာ ဥပဒေကြမ်းကို လွှတ်တော်သို့ တင်သွင်းသည်။

ယင်းနောက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးစိုင်းထွန်းအောင်က အဆိုပါဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းရာတွင် ကော်မတီသည် အဆိုပါ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ ပညာရှင်တို့နှင့် အသေးစိတ်ညှိနှိုင်းဆွေးနွေးခဲ့ပြီး ဖြစ်ပါသဖြင့် အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်နိုင်ပါရန် အစီရင်ခံစာ တင်ပြအပ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

**စာမျက်နှာ ၇ သို့** »»

စာမျက်နှာ ၆ မှ »»

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက အဆိုပါဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

> **ဖြောင့်မတ်မှန်ကန်မျှတသည့် တရားစီရင်ရေး ဖြစ်ထွန်းစေရန် တရားသူကြီး၊ အမှုသည်နှင့် သက်သေများ တရားခွင်တွင် ကျမ်းသစ္စာကို တိကျလေးနက်စွာ ကျိန်ဆိုရေးအဆိုတင်သွင်း**

ထို့နောက် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုးမိုးက **ပြည်သူများ ယုံကြည်ကိုးစားအားထားပြီး ဖြောင့်မတ်မှန်ကန်မျှတသည့် တရားစီရင်ရေး ဖြစ်ထွန်းစေရန် တရားသူကြီး၊ အမှုသည်နှင့်သက်သေများ တရားခွင်တွင် ကျမ်းသစ္စာကို တိကျလေးနက်စွာ ကျိန်ဆိုရေး အဆို**တင်သွင်းရာတွင် အမှုတစ်ခုကို ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ မှန်ကန်စွာဆုံးဖြတ်နိုင်ရန်နှင့် ပြည်သူများယုံကြည်မှုရစေရန်အတွက် တရားသူကြီးများ အနေဖြင့် ကျမ်းသစ္စာကျိန်ဆိုရန် လက်ရှိအခြေအနေ အချိန်အခါအရ ညွှန်ကြားဆောင်ရွက်ရန် အမှန်တကယ် လိုအပ်လျက်ရှိပါကြောင်း၊ လက်တွေ့တွင် ပြဋ္ဌာန်းထားသည့်ပုံစံအတိုင်း တိကျလေးနက်စွာ ကျမ်းသစ္စာ ကျိန်ဆိုခြင်းမပြုသည့် သက်သေများ၊ အမှုသည်များကို တွေ့ရှိနေရပါကြောင်း။

ကျမ်းသစ္စာကျိန်ဆိုစေ၍ အမှုစစ်ဆေးခြင်း၊ ထွက်ဆိုချက်ရယူခြင်းသည် အမှန်တရားကို ပိုမိုရရှိစေရန် ပြဋ္ဌာန်းထားခြင်း ဖြစ်ပါကြောင်း၊ တရားစီရင်ရေးကို ပြည်သူများ ယုံကြည်အားကိုးလာသည်နှင့်အတူ နိုင်ငံအတွင်း တရားဥပဒေစိုးမိုးလာနိုင်မည် ဖြစ်ပါကြောင်း၊ တရားဥပဒေစိုးမိုးမှုသာ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် ကျမ်းသစ္စာအက်ဥပဒေပုဒ်မ ၆ အရ ကျမ်းသစ္စာကျိန်ဆိုခြင်းမပြုသော ဟိန္ဒူဘာသာဝင်နှင့် မဟာမေဒင်ဘာသာဝင် သက်သေများ၊ ဂျူရီလူကြီးများ သို့မဟုတ် စကားပြန်များမှအပ ကျန်ဘာသာဝင်တရားသူကြီးများ၊ အမှုသည်များ၊ သက်သေများအားလုံး နေ့စဉ်တရားခွင်တက်ရန် စတင်ဆောင်ရွက်သည့်အခါ သို့မဟုတ် အမှုတစ်ခု စတင်စစ်ဆေးသည့်အချိန်တွင် ကျမ်းသစ္စာကျိန်ဆိုရန် မိမိအနေဖြင့် အဆိုတင်သွင်းရခြင်းဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းအဆိုကို မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးကျော်တုတ်က ထောက်ခံသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ယင်းအဆိုကို လက်ခံဆွေးနွေးရန် သင့်၊ မသင့် လွှတ်တော်၏ ဆန္ဒရယူရာ လွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူကြောင်းနှင့် ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ဇန်နဝါရီ ၂၅ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်**
**လူမော် (သတင်းစဉ်)**

# ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်း ဂျပန်နိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ



**နေပြည်တော် ဇန်နဝါရီ ၂၃**

ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် မြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး H.E. Mr.Ichiro Maruyama အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင်အမှတ် (I-11) ၌ လက်ခံတွေ့ဆုံသည်။

**အမြင်ချင်းဖလှယ် ဆွေးနွေး**

ထိုသို့တွေ့ဆုံစဉ် ဥပဒေဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံဆက်ဆံရေးဆိုင်ရာကိစ္စရပ်များနှင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင် ဦးစံရွှေအောင်နှင့် ကော်မရှင်ရုံးမှတာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်အရဆောင်ရွက်မည့် မြန်မာနိုင်ငံ၏ စီမံကိန်းများအတွက် တရုတ်နိုင်ငံက ရန်ပုံငွေလွှဲပြောင်းပေးအပ်

**နေပြည်တော် ဇန်နဝါရီ ၂၃**

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ ဒုတိယအသုတ်(၂၀၁၈)ဖြင့် ဝန်ကြီးဌာန ရှစ်ခုမှ အကောင်အထည်ဖော် ဆောင်ရွက်ခွင့်ရရှိသော စီမံကိန်း ၁၉ ခုအတွက် ရန်ပုံငွေလွှဲပြောင်းလက်ခံလွှာ လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမြင့်သူနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာဟုန်လျန်တို့က လက်မှတ်ရေးထိုးကြသည်။ **(ယာပုံ)**



လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် စီမံကိန်းအကောင်အထည်ဖော်မည့် ဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ အဆင့်မြင့်အရာရှိကြီးများနှင့် ရန်ကုန်မြို့ရှိ တရုတ်နိုင်ငံသံရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှုအစီအစဉ်အရ ဆောင်ရွက်မည့် စီမံကိန်း ၁၉ ခုအတွက် တရုတ်နိုင်ငံက အမေရိကန်ဒေါ်လာ ၇၃၇၈၅၃၆ ကို လွှဲပြောင်းပေးအပ်သွားမည်ဖြစ်သည်။ မြန်မာနိုင်ငံမှ စိုက်ပျိုးရေး၊ ရေအရင်းအမြစ်၊ ပညာရေး၊ သုတေသန၊ လူမှုဖူလုံရေးဆိုင်ရာကဏ္ဍတို့တွင် စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်သည်။ ၂၀၁၈ခုနှစ်တွင် မြန်မာနိုင်ငံမှ မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှု အစီအစဉ်အရ ဆောင်ရွက်ခဲ့သည့် စီမံကိန်း ၁၀ ခုအတွက် အမေရိကန်ဒေါ်လာ ၂ ဒသမ ၄ သန်းခန့်ကို တရုတ်နိုင်ငံမှ လွှဲပြောင်းပေးအပ်ခဲ့ပြီးဖြစ်သည်။

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်သည် ၂၀၁၄ ခုနှစ် မြန်မာနိုင်ငံတွင် ကျင်းပခဲ့သော (၁၇) ကြိမ်မြောက် အာဆီယံ-တရုတ် ထိပ်သီးအစည်းအဝေးတွင် တရုတ်ဝန်ကြီးချုပ် မစ္စတာ လီခချန်းက စတင်အဆိုပြုချက်အရ မဲခေါင်ဒေသ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရန် ရည်ရွယ်လျက် ၂၀၁၆ ခုနှစ်တွင် ကမ္ဘောဒီးယား၊ တရုတ်၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့ဖြင့် ဖွဲ့စည်းတည်ထောင်ခဲ့ခြင်းဖြစ်သည်။

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်အောက်တွင် ပေါင်းစည်းဆက်သွယ်ရေး၊ ထုတ်လုပ်မှုစွမ်းရည်မြှင့်တင်ရေး၊ နယ်စပ်ဖြတ်ကျော်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု၊ ရေအရင်းအမြစ်ပူးပေါင်းဆောင်ရွက်ရေး၊ စိုက်ပျိုးရေးနှင့်ဆင်းရဲနွမ်းပါးမှု လျှော့ချရေးဟူသည့် ဦးစားပေးနယ်ပယ် ငါးခုဖြင့် စတင်ပူးပေါင်းဆောင်ရွက်လျက်ရှိခဲ့ရာမှ နောက်ပိုင်းတွင် ပညာရေး၊ ယဉ်ကျေးမှု၊ ကျန်းမာရေးစသည့် ကဏ္ဍများတွင်လည်း တိုးချဲ့ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေကို မဲခေါင်နိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအား အထောက်အကူပြုရန်အတွက် ၂၀၁၇ ခုနှစ်တွင် ထူထောင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ သတင်းစာရှင်းလင်းပွဲ ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂၃**

မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၏ ဖြစ်ပေါ်တိုးတက်မှုနှင့် စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီရုံး၌ ကျင်းပသည်။

ရှင်းလင်းပွဲတွင် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥက္ကဋ္ဌ ဒေါက်တာချာလီသန်းက "လွှတ်တော်မှာ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ ဥပဒေပြင်ဆင်တာနဲ့ ပတ်သက်ပြီး ဆွေးနွေးနေကြဆဲဖြစ်ပါတယ်။ A.G.T.I တွေက ကျွန်တော်တို့ ဥပဒေထဲမှာ ဆက်လက်ပြီး ပါဝင်နေတယ်ဆိုတာကို သိစေချင်လို့ အခုလို ရှင်းလင်းတာဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ ယုံကြည်မှုအမြင်အနေနဲ့ကတော့ ဒါကစိုးရိမ်စရာကိစ္စမဟုတ်ပါဘူး။ ဒါက ပါပြီးသားပါ။ ကျန်တဲ့ အများကနှစ်သက်တဲ့ စကားလုံးတွေ၊ ဝေါဟာရတွေ၊ စကားရပ်တွေသာ ပြောင်းလဲသွားရင်ပြောင်းသွားမယ်၊ တကယ့်ဥပဒေရဲ့ အနှစ်သာရကတော့ ပြောင်းလဲသွားမှာ မဟုတ်ပါဘူး" ဟု ပြောသည်။

"ကောင်စီအနေနဲ့က အင်ဂျင်နီယာပညာရှင်တွေကို အရည်အသွေးပြည့်ဝတဲ့ အင်ဂျင်နီယာတွေဖြစ်ဖို့ လုပ်ငန်းခွင်နဲ့ပတ်သက်ပြီး ကျွမ်းကျင်တာကို ပိုပြီးကြည့်ရှုပေးတာဖြစ်ပါတယ်။ ပညာရှင်တွေကို ကျင့်ဝတ်တွေနဲ့အညီကျင့်ကြံပြီး အလုပ်လုပ်ဖို့အတွက်ရယ်၊ သူတို့ရဲ့အတတ်ပညာတွေနဲ့ အာဆီယံဒေသအတွင်းမှာရှိတဲ့ အင်ဂျင်နီယာတွေနဲ့ ယှဉ်ပြိုင်ပြီး လုပ်ကိုင်နိုင်အောင် မျှော်လင့်တာဖြစ်ပါတယ်။ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီနဲ့ အကျုံးဝင်တာကတော့ မှတ်ပုံတင်သော အင်ဂျင်နီယာများ၊ နည်းပညာရှင်များ၊ နည်းပညာကျွမ်းကျင်သူများနဲ့သာ ပတ်သက်တာ ဖြစ်ပါတယ်။ ကျွန်တော်တို့အဖွဲ့က စီးပွားရေးအဖွဲ့အစည်းမဟုတ်ပါဘူး" ဟု ဒေါက်တာချာလီသန်းက ဆက်လက်ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ ဒုတိယဥက္ကဋ္ဌ (၂) ဦးအောင်မြင့်က ကောင်စီဥပဒေပြင်ဆင်သည့် ဥပဒေကြမ်းကိစ္စနှင့်စပ်လျဉ်း၍ လည်းကောင်း၊ ယနေ့ဖြစ်ပေါ်တိုးတက်မှုများအပေါ် ကောင်စီ၏အနှစ်သာရကိုလည်းကောင်း ရှင်းလင်းတင်ပြပြီး မီဒီယာများ၏ မေးမြန်းချက်များကို ဖြေကြားသည်။

**မီမီဖြိုး**

**မနက်ဖြန်နံနက်အထိ ခန့်မှန်းချက်**

နေပြည်တော် ဇန်နဝါရီ ၂၃

တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

**မြန်မာ့ပင်လယ်ပြင်**

လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။

မိုး/ဇလ

# UEHRD လုပ်ငန်းအဖွဲ့၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းစည်းဝေး



**ရန်ကုန် ဇန်နဝါရီ ၂၃**

ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေးဖွံ့ဖြိုးရေးစီမံကိန်း (UEHRD) လုပ်ငန်းအဖွဲ့၏ ၂၀၁၉ ခုနှစ် ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၁ နာရီက ရန်ကုန်မြို့ မင်းရဲကျော်စွာလမ်းရှိ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) ၌ ကျင်းပသည်။ **(ယာပုံ)**

**ဝိုင်းဝန်းကူညီပေးစေလို**

အစည်းအဝေးတွင် UEHRD ညှိနှိုင်းရေးမှူးချုပ် ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်က အဖွင့်အမှာစကားပြောကြားရာတွင် မိမိအနေဖြင့် ရခိုင်ပြည်နယ်ကို စီးပွားရေးအရတိုးတက်စေချင်ကြောင်း၊ စီးပွားရေးမတိုးတက်ခဲ့သည့်အတွက် အခက်အခဲများစွာရှိခဲ့ကြောင်း၊ ထို့ကြောင့် ရခိုင်ပြည်နယ်တွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ဝိုင်းဝန်းအကူအညီပေးစေလိုကြောင်း၊ စီးပွားရေးတိုးတက်မှသာလျှင် ကျန်ရှိသည့် လူမှုရေးပြဿနာများကို ဖြေရှင်းနိုင်လိမ့်မည်ဟု မိမိမျှော်လင့်ပါကြောင်း၊ မိမိတို့အနေဖြင့် ပြန်လည်နေရာချထားရေး၊ လူသားချင်းစာနာထောက်ထားမှု၊ ဒေသဖွံ့ဖြိုးမှုများကို လုပ်ဆောင်သည့်အခါတွင် ပြန်လာမည့်သူကို စောင့်နေရင်းနှင့် လက်ရှိနေထိုင်နေကြသည့် ဒေသခံပြည်သူများအတွက်ကိုလည်း အကူအညီပေးရန် အာရုံစိုက်ဖို့လိုကြောင်း စသည်ဖြင့် ပြောကြားသည်။

ထို့နောက် UEHRD ဥက္ကဋ္ဌ၏ အကြံပေးအရာရှိ ဦးတိုးအောင်၊ UEHRD သတင်းနှင့် ဆက်သွယ်ရေး ဒါရိုက်တာ ဦးကျော်မြိုင်တို့က UEHRD ၏ ဆောင်ရွက်ပြီးစီးခဲ့သော လုပ်ငန်းစဉ်များ၊ ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

အစည်းအဝေးတွင် ရခိုင်ပြည်နယ်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် လူမှုရေးပြဿနာများလျော့ပါးစေရေး၊ ဇန်နဝါရီ ၄ ရက်က ဖြစ်ပွားခဲ့သည့် အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များနှင့်စပ်လျဉ်း၍ နောက်ဆက်တွဲအကျိုးဆက်များ၊ နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရေးနှင့် ပဋိပက္ခဖြစ်ပွားခဲ့သည့် ဒေသတွင်းရှိ ပြည်သူများအား အဆင်ပြေစွာနေထိုင်နိုင်စေရန် အကူအညီပေးရေး၊ UEHRD လုပ်ငန်းအဖွဲ့များအနေဖြင့် လက်ရှိမြေပြင်အခြေအနေအရ ကွင်းဆင်းဆောင်ရွက်သွားမည့် အခြေအနေ၊ UEHRD လုပ်ငန်းအဖွဲ့အနေဖြင့် ရှေ့ဆက်ဆောင်ရွက်သွားမည့်လုပ်ငန်းများ၊ လုပ်ငန်းအဖွဲ့များ၏ ငွေစာရင်းဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍လည်းကောင်း ဆွေးနွေးကြသည်။

ယနေ့ အစည်းအဝေးသို့ UEHRD ညှိနှိုင်းရေးမှူးချုပ် ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ UEHRD ၏လုပ်ငန်းအဖွဲ့ ၁၀ ဖွဲ့မှ တာဝန်ရှိသူများနှင့်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

**သတင်းနှင့်ဓာတ်ပုံ-ဇော်ကြီး**

# တိုင်းရင်းသားတွေ တစ်နေရာတည်းမှာ ဆုံစည်းပြီး စီးပွားရေး၊ ယဉ်ကျေးမှု၊ ချစ်ခင်ရင်းနှီးမှုတွေ ဖော်ဆောင်ဖို့အတွက် လုပ်တဲ့ပွဲဖြစ်ပါတယ်


ဦးလဖိုင်ခွန်ဆာ


ဒေါ်စောခင်တင့်


ဦးအောင်ကြီး


ဒေါ်ကေကျာနူး


မိုင်ထွန်းကျော်

**(ယမန်နေ့မှအဆက်)**

**ဦးလဖိုင်ခွန်ဆာ (ဒုတိယဥက္ကဋ္ဌ - ၁၊ မြန်မာနိုင်ငံ တိုင်းရင်းသားလုပ်ငန်းရှင်အသင်း)**

ဒီပွဲကို မြန်မာနိုင်ငံ တိုင်းရင်းသားလုပ်ငန်းရှင်အသင်းက ဦးဆောင်ပြီးတော့ လုပ်တဲ့ပွဲဖြစ်ပါတယ်။ ပွဲလုပ်ရခြင်းရည်ရွယ်ချက်ကတော့ တိုင်းရင်းသားတွေ တစ်နေရာတည်းမှာ ဆုံစည်းပြီး စီးပွားရေး၊ ယဉ်ကျေးမှု၊ ချစ်ခင်ရင်းနှီးမှုတွေ ဖော်ဆောင်ဖို့အတွက် လုပ်တဲ့ပွဲဖြစ်ပါတယ်။ ဒီနိုင်ငံမှာ တိုင်းရင်းသားလုပ်ငန်းရှင်တွေအနေနဲ့ ပထမဆုံးလုပ်တဲ့ပွဲ ဖြစ်ပါတယ်။ တိုင်းရင်းသားလုပ်ငန်းရှင်များအသင်းဖွဲ့ဖြစ်တာက တိုင်းရင်းသားတွေရဲ့ စီးပွားရေးအခွင့်အလမ်း၊ တိုင်းရင်းသားလုပ်ငန်းရှင်တွေ များများပေါ်ပေါက်ရေးအတွက် ရည်ရွယ်ပြီး ဖွဲ့စည်းထားတဲ့အသင်းဖြစ်ပါတယ်။

တိုင်းရင်းသားလုပ်ငန်းရှင် များများပေါ်ထွန်းရေးဆိုတဲ့ ရည်ရွယ်ချက်ကတော့ စီးပွားရေးနဲ့ ငြိမ်းချမ်းရေး၊ စီးပွားရေးကို အရင်လုပ်မလား၊ ငြိမ်းချမ်းရေးကို အရင်လုပ်မလားဆိုတဲ့အပေါ် စီးပွားရေးနဲ့ ငြိမ်းချမ်းရေး ဒွန်တွဲလုပ်ရမယ်ဆိုတာလည်း ရည်ရွယ်ချက်ထဲမှာပါပါတယ်။ စီးပွားရေးနဲ့ ပညာရေးဆိုတာကလည်း ဒွန်တွဲပြီးတော့ စီးပွားရေးကောင်းမှ ပညာရေးလည်းကောင်းလာမယ်။ ပညာရေးကောင်းလာမှ နိုင်ငံရဲ့ လူ့စွမ်းအားအရင်းအမြစ်ကလည်း မြင့်မားလာမယ်။ နိုင်ငံရဲ့ အရင်းအမြစ် အသိဉာဏ်တွေ ဖွံ့ဖြိုးလာလေလေ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး စသည်အားဖြင့် ပိုပြီးမြင့်တက်လာမယ်။ ဖွံ့ဖြိုးလာမယ်။ ပွဲတော်မှာ တစ်ယောက်နဲ့တစ်ယောက် ဆုံစည်းကြမယ်။ မိတ်ဆက်ကြမယ်။ ကူးလူးဆက်ဆံကြမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဒီပွဲလုပ်ရခြင်းဖြစ်ပါတယ်။

ဒီနှစ်ကတော့ တိုင်းရင်းသားတွေ အက္ခရာစဉ်အလိုက် ကချင်ကစပြီးလုပ်တဲ့ပွဲ။ နောင်နှစ်တွေမှာလည်း အက္ခရာစဉ်အလိုက် တခြားတိုင်းရင်းသားတွေ ဦးစီးပြီးတော့ ဒီလိုပွဲမျိုးတွေ ကျင်းပဖို့ရည်ရွယ်ထားတယ်။ နှစ်စဉ်နှစ်တိုင်း ဘယ်လမှာရယ်လို့တော့ သတ်မှတ်ထားတာမရှိဘူး။ အဆင်ပြေတဲ့ရာသီမှာ၊ အဆင်ပြေတဲ့အချိန်မှာ ကျင်းပဖို့ရည်ရွယ်ထားပါတယ်။ ကျွန်တော်တို့ များများပေါင်းသင်း ကူးလူးဆက်ဆံမယ်ဆိုရင် ပိုပြီးတော့ တစ်ဦးနဲ့တစ်ဦး ရင်းနှီးချစ်ခင်ကြမယ်။ စီးပွားရေးအခွင့်အလမ်း ပိုပြီးမြင်လာကြမယ်။ စီးပွားရေး သတင်းအချက်အလက်တွေ များများဖလှယ်နိုင်မယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဒီပွဲလုပ်ရတာ ဖြစ်ပါတယ်။

**ဒေါ်စောခင်တင့် (ရခိုင်စာပေနှင့် ယဉ်ကျေးမှုအဖွဲ့ ဥက္ကဋ္ဌ)**

ဒီပွဲမှာ ရခိုင်တိုင်းရင်းသားလုပ်ငန်းရှင်များအသင်းအနေနဲ့ ပါဝင်တာဖြစ်ပါတယ်။ ဆင်ယင်ထုံးဖွဲ့မှုအပိုင်းမှာ၊ ယဉ်ကျေးမှုအပိုင်းမှာလည်းပါတယ်။ ခရီးသွားလုပ်ငန်းအပိုင်းမှာလည်းပါတယ်။ ခရီးသွားအနေနဲ့ ရခိုင်ဆိုရင် SEZ လိုမျိုး၊ နေပူတောင်လို သိပ်ထင်ရှားတဲ့နိုင်ငံတကာ ခရီးသွားတွေ စိတ်ဝင်စားအောင်တင်ပြထားတဲ့ နေရာတွေပါမယ်။ တကယ်ထင်ရှားတဲ့ ရခိုင်သင်္ကြန်ရဲ့ သရုပ်ဖော်ပုံလေးတွေ ထည့်ထားတယ်။ ဘုရားရေသပ္ပာယ်ပွဲ၊ အထူးသဖြင့် တစ်ခါမှမပြရသေးတဲ့ ရခိုင်ဆံထုံးထုံးဖွဲ့မှု၊ ရခိုင်တွေရဲ့ ဆံထုံးထုံးဖွဲ့မှုဟာ ရခိုင်တွေရဲ့ သမိုင်းအစဉ်အဆက် ရေးထားတဲ့အထဲမှာ ရခိုင်ဆံထုံး ၆၄ မျိုးရှိတဲ့အထဲက ၃၃ မျိုးလောက်ကို ဆရာမကြီး ဒေါ်စောမွန်ညိမ်းတို့ မှတ်တမ်းတင်ထားတယ်။ ရခိုင်မှတ်တမ်းတင်ဆရာတွေလည်း မှတ်တမ်းတင်ထားတယ်။ ဒါကို နှစ်ပေါင်း ၂၀ လောက် ရှာဖွေထားတာကို ဒီနေ့ ၆၄ မျိုးစလုံး အကုန်ထုတ်ပြီး ပြသသွားမှာ၊ ဧည့်ဝတီခေတ်ကနေ မြောက်ဦးထိ ဗောင်းတော် ၄၀ ကိုလည်း စုံအောင်ပြထားတယ်။ ရခိုင်ကျင်ကိုင်ပွဲတွေပါမယ်။ ရိုးရာအဝတ်အစားဒီဇိုင်း၊ ရခိုင်မျိုးနွယ်စုတွေရဲ့ အခန်းကဏ္ဍတွေ ဒါတွေကိုပြမယ်။ နောက်တစ်ခုက ရခိုင်မင်္ဂလာဆောင်ပေါ့၊ အဲဒါကိုတော့ ရခိုင်အိမ်ထဲမှာပဲ ခင်းကျင်းပြသထားမယ်။ ယနေ့အထိ သာမန်အရပ်သား ပြည်သူတွေသုံးစွဲတဲ့ အသုံးအဆောင် ခမောက်လေးတွေ တန်ဖိုးလည်းသိပ်မများဘူး၊ တစ်ခုကို ကျပ် ၂၀၀၀၊ ၂၅၀၀ ပဲ ပေးရတယ်။ ရခိုင်တိုင်းရင်းသားတွေ ဒီနေ့အထိ ဒါကို သုံးစွဲနေတယ်။ ဒါလေးတွေကို အပေါ်မှာ အလှချိတ်ပြီး သရုပ်ဖော်ပုံလေးနဲ့ သရုပ်ဖော်ထားတာပါ။

**ဦးအောင်ကြီး(စစ်ကိုင်းတိုင်းဒေသကြီး ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ)**

ကျွန်တော့်အသက် ၆၀ တန်းမှာ ပထမဆုံးမြင်ကွင်းပေါ့။ တိုင်းရင်းသားတွေ တစ်နေရာတည်းမှာ စုစည်းပြီးတော့ ရင်းနှီးချစ်ခင်မှုကိုလည်း ပေါ်လွင်စေတယ်။ တစ်ဦးနဲ့တစ်ဦး ကူးသန်းရောင်းဝယ်မှု၊ ဖလှယ်မှုတွေ စိတ်ပိုင်းဆိုင်ရာရော၊ ရုပ်ပိုင်းဆိုင်ရာရော တစ်ဦးနဲ့တစ်ဦး ဖလှယ်တဲ့ ပွဲလို့မြင်မိပါတယ်။ ဒီပွဲကိုလာခြင်းအားဖြင့် တိုင်းရင်းသားတွေရဲ့ စည်းလုံးညီညွတ်မှုကို သွားတွေ့တယ်။ တွေ့ခြင်းအားဖြင့် အခုသွားနေတဲ့ ငြိမ်းချမ်းရေးနဲ့ စီးပွားရေးဟာလည်း ဒွန်တွဲနေတယ်၊ စီးပွားရေးကောင်းမှလည်း ငြိမ်းချမ်းရေးကောင်းမယ်။ ငြိမ်းချမ်းရေးကောင်းမှ စီးပွားရေးကောင်းမယ်ဆိုတဲ့အတွက် မြန်မာနိုင်ငံအတွင်းမှာရှိတဲ့ မိတ်ဆွေသင်္ဂဟအားလုံး လာကြဖို့ ဖိတ်ခေါ်ပါတယ်။

**ဒေါ်ကေကျာနူး(ဖျော်ဖြေရေးဆပ်ကော်မတီ)**

တိုင်းရင်းသားယဉ်ကျေးမှုပွဲတော်လည်း ဖြစ်တယ်။ မြန်မာနိုင်ငံရဲ့ ခရီးသွားလုပ်ငန်း မြှင့်တင်ရေးအတွက် လုပ်တဲ့ပွဲကြီးမှာ ကျွန်မတို့က ဖျော်ဖြေရေးအနေနဲ့ပါတယ်။ အနုပညာဖျော်ဖြေမှုစင်တင်တေးဂီတတွေ၊ တိုင်းရင်းသားရိုးရာအကတွေ၊ ရိုးရာအဆိုတွေ အကုန်လုံးပါပါတယ်။ ညစဉ်တင်ဆက်မှာဖြစ်ပါတယ်။ ထူးထူးခြားခြားအနေနဲ့ Miss Ethnic Myan-mar 2019 ဆိုပြီးတော့ တိုင်းရင်းသူလေးတွေ၊ မျိုးနွယ်စုတွေအကုန်လုံး ၄၁ ဦးကို ရွေးထားပါတယ်။ မျိုးနွယ်စုတစ်ခုမှာ အနည်းဆုံး သုံးယောက်ကိုရွေးမယ်။ ၂၉ ရက်နေ့မှာ နောက်ဆုံးရွေးချယ်မှာ ဖြစ်ပါတယ်။ ၂၈ ရက်နေ့မှာတော့ ကရင်ဒုံးယိမ်းကပါမယ်။ မနောအကလည်းရှိပါတယ်။ မနောအက ဘာကြောင့်လုပ်သလဲဆိုတော့ တိုင်းရင်းသားအားလုံး လူအများကြီး တစ်ခါတည်း ဝင်ကလို့ရတယ်။ တိုင်းရင်းသားလူမျိုးတွေအားလုံးရဲ့ ဝတ်စားဆင်ယင်မှုအားလုံးလည်း တစ်နေရာတည်းမှာ တစုတစည်းတည်း တစ်ဝကြီး အကုန်လုံးကြည့်ရမယ်။ လူအများကြီး တိုင်းရင်းသားတစ်မျိုးကို လူ ၁၀၀၊ ၂၀၀ ကလို့ရတယ်။ မနောအကဖြစ်တဲ့အတွက် ကချင်မျိုးနွယ်စုတွေက ဦးဆောင်ပါမယ်။ မြစ်ကြီးနားကတောင်မှ မနောတိုင်တွေ သယ်လာရပါတယ်။ မနောတိုင်လည်း ထူထားပြီးပါပြီ။ ၂၃ ရက်နေ့မှာ အစမ်းလေ့ကျင့်မှာ ဖြစ်ပါတယ်။ မနောအကမှာ အားလုံးပါဝင်ကပြနိုင်အောင် အစီအစဉ်တွေလည်းရှိပါတယ်။

**မိသားစုလိုက် လာလည်စေချင်**

ဖျော်ဖြေရေးအစီအစဉ်တွေက ကွင်းဖွင့်ပွဲကလွဲလို့ ပုံမှန် ညနေ ၆ နာရီက စပါမယ်။ ည ၁၁ နာရီအထိ ကျင်းပဖို့ ကြိုးစားထားပါတယ်။ တိုင်းရင်းသားပြည်သူတွေအားလုံးကို လာစေချင်ပါတယ်။ ပိုက်ဆံပွဲလည်းမဟုတ်ပါဘူး။ လူတိုင်း မိသားစုလိုက် လာလည်စေချင်ပါတယ်။ တိုင်းရင်းသားအားလုံး တစုတစည်းတည်း ကြံုတောင့်ကြံုခဲပွဲ၊ အသံလေးတွေ၊ အကလေးတွေ တကူးတက နယ်တွေအထိ သွားစရာမလိုဘဲနဲ့ ဒီကျူံ့ကျဆံကွင်းလာလိုက်တာနဲ့ အကအလှပေါင်းစုံ၊ ဝတ်စားဆင်ယင်မှုပေါင်းစုံကိုမြင်ရမှာပါ။ အားလုံးကိုလာဖို့ ဖိတ်ခေါ်ပါတယ်။

**မိုင်ထွန်းကျော်(ရန်ကုန်တအာင်းလူငယ်အဖွဲ့) တအာင်း (ပလောင်) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ယဉ်ကျေးမှုပြခန်း**

ဒီပြခန်းမှာ ကျွန်တော်တို့ ရိုးရာယဉ်ကျေးမှုပစ္စည်း အသုံးအဆောင်တွေပြမယ်။ နောက်ပြီး ခေတ်သစ်မှာ ကျွန်တော်တို့ ဒေသထွက်ကုန်တွေရှိတယ်။ ရိုးရာအဆင်လေးတွေ ပြသမယ်။ နောက်တစ်ခုက ခရီးသွားလာရေးနဲ့ ပတ်သက်ပြီး သွားလည်လို့ရတဲ့နေရာတွေကို ပရိုဂျက်တာနဲ့ ပြသထားမယ်။ ဘယ်နေရာတွေက လှပတယ်။ လည်လို့ရတယ်ဆိုတာတွေကို ရှင်းပြမယ်။ ဒေသထွက်ကုန်တွေကို ပြသထားမယ်။ တကယ်လို့ ဝယ်ချင်တယ်ဆိုလည်း ကျွန်တော်တို့ အရောင်းဆိုင်ဖွင့်ထားတဲ့နေရာမှာ သွားဝယ်လို့ရပါတယ်။ တအာင်းအကနဲ့ အဆိုတွေလည်းပါပါမယ်။ ဒီမှာလာပြတဲ့အခါကျတော့ တစ်ဦးနဲ့တစ်ဦး စည်းလုံးမှုရှိပါလားဆိုတာ ခံစားမိလာတယ်။ တခြားတိုင်းရင်းသားတွေရဲ့ ယဉ်ကျေးမှုတွေလည်း လေ့လာခွင့်ရလာတယ်။

**တွေ့ဆုံမေးမြန်း - သီသီမင်း**
**ဓာတ်ပုံ - ခင်မောင်ဝင်း(ကြေးမုံ)**

# မိမိတက္ကသိုလ်မှာရှိတဲ့၊ အခြားဌာနတွေမှာရှိတဲ့ အထူးပြုဘာသာရပ်တွေနဲ့ ပူးပေါင်းပြီးတော့ ဆောင်ရွက်မယ်ဆိုရင် ဘက်ပေါင်းစုံပြည့်စုံတဲ့ သုတေသနတစ်ခုဖြစ်ပြီးတော့ နိုင်ငံ့အကျိုးပြုလုပ်ငန်းတွေ ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်

ပါမောက္ခ(ဌာနမှူး) ဒေါက်တာသဲမောင်မောင်

## ကျောင်းသား ကျောင်းသူများ သုတေသနလုပ်ဆောင်သည့်အခါ မည်သို့လုပ်ဆောင်နေသည်နှင့်ပတ်သက်သည့် စကားဝိုင်း

နိုင်လင်းကြည်

**ကျောင်းသား ကျောင်းသူများ သုတေသနလုပ်ဆောင်သည့်အခါ မည်သို့လုပ်ဆောင်နေသည်နှင့်ပတ်သက်သည့် စကားဝိုင်းကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ရိုက်ကူးထုတ်လွှင့်ခဲ့သည်။ အဆိုပါစကားဝိုင်းတွင် မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်(အထက-၁၁) ကျောင်းအုပ်ကြီး ဒေါက်တာသန်းထိုက်စိုး၊ ရန်ကုန်တက္ကသိုလ် ဓာတုဗေဒဌာန ဒေါက်တာနီနီသန်း၊ နည်းပညာတက္ကသိုလ်(သန်လျင်) ပါမောက္ခချုပ် ပါမောက္ခဒေါက်တာသီဂီ၊ အဆင့်မြင့်ပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းသန်းဝင်း၊ သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဖြူဖြူဝင်း၊ မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသတက္ကသိုလ် မောင်းသူမဲ့လေယာဉ် သုတေသနဌာန ပါမောက္ခ(ဌာနမှူး) ဒေါက်တာသဲမောင်မောင်တို့၏ ပါဝင်ဆွေးနွေးမှုများကို ဖော်ပြလိုက်ပါသည်-**

(၂၀-၁-၂၀၁၉ ရက်နေ့မှအဆက်)

**အစီအစဉ်မှူး။** ။ **သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာနအနေနဲ့ အခြေခံပညာကနေ တက္ကသိုလ်အဆင့်အထိ ကျောင်းသား ကျောင်းသူတွေ သုတေသနလုပ်ငန်းတွေ လုပ်ကိုင်နိုင်အောင် ဘယ်လိုမျိုးတွေ ပံ့ပိုးကူညီပေးနေသလဲဆိုတာကိုလည်း ဆွေးနွေးပေးပါဦး။**

**ဒေါက်တာဖြူဖြူဝင်း။** ။ အခြေခံပညာ အထက်တန်းကျောင်းတွေမှာရှိတဲ့ ကျောင်းသား ကျောင်းသူတွေအတွက် သူတို့စိတ်ဝင်စားနိုင်တဲ့ သုတေသနလုပ်ငန်းတွေကို သိပ္ပံဆိုင်ရာပြပွဲတွေမှာ သွားရောက်ပြသပြီးတော့ သူတို့ရဲ့ စူးစမ်းချင်တဲ့စိတ်တွေကို မြှင့်တင်ပေးတာတွေ ဆောင်ရွက်ပေးပါတယ်။ တက္ကသိုလ်အဆင့်မှာတော့ ကျွန်မတို့ဌာနက ပံ့ပိုးပေးတာ အများကြီးရှိပါတယ်။ နည်းပညာတက္ကသိုလ်တွေရော၊ ဝိဇ္ဇာနဲ့ သိပ္ပံတက္ကသိုလ်တွေရော တက္ကသိုလ်အသီးသီးမှာ ပထမနှစ်ကနေစပြီးတော့ နောက်ဆုံးနှစ်အထိ ကျောင်းသား ကျောင်းသူတွေဟာ ကျွန်မတို့ဌာနမှာ သူတို့ရဲ့သုတေသနတွေ စူးစမ်းဖို့ဆိုပြီး လာရောက်လေ့လာတာရှိပါတယ်။ နောက်ဆုံးနှစ်မှာ နှစ်လကနေ သုံးလအထိ လက်တွေ့ကွင်းဆင်းဆောင်ရွက်ပြီး လက်တွေ့လာလုပ်တာရှိပါတယ်။ သူတို့ရဲ့ ပါရဂူဘွဲ့နဲ့ မဟာဘွဲ့တွေအတွက်ကိုလည်း ကျွန်မတို့ဆီမှာ သုတေသနကျမ်းပြုတာတွေ လာလုပ်တာရှိပါတယ်။ ဆရာမတို့က ဘာကြောင့် ဒါတွေလုပ်လဲဆိုရင် တက္ကသိုလ်တွေနဲ့ MoU ထိုးထားပါတယ်။ MoU ထိုးထားတဲ့အတွက် သူတို့ရဲ့မဟာဘွဲ့တွေအတွက် ကျမ်းပြုဖို့အတွက် ကျွန်မတို့ဌာနမှာ သုတေသနဆောင်ရွက်လို့ရသလို ကျွန်မတို့ဌာနမှာရှိတဲ့ စက်ပစ္စည်းကိရိယာတွေနဲ့လည်း သူတို့ကို ဓာတ်ခွဲစမ်းသပ်တာတွေကို ပံ့ပိုးကူညီဆောင်ရွက်ပေးနေပါတယ်။

**အစီအစဉ်မှူး။** ။ **University Research Institute ပူးပေါင်းလုပ်ကိုင်ရတဲ့ ရည်ရွယ်ချက်ရယ်၊ သုတေသနလုပ်မယ့် ဆရာ ဆရာမတွေ၊ ကျောင်းသား ကျောင်းသူတွေရရှိမယ့် အကျိုးကျေးဇူးတွေနဲ့ ပတ်သက်ပြီး ဆွေးနွေးပေးပါဦး။**

**ဒေါက်တာဖြူဖြူဝင်း။** ။ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ဖို့၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့အတွက်ဆိုရင် နည်းပညာက အလွန်အရေးကြီးပါတယ်။ နည်းပညာဖွံ့ဖြိုးတိုးတက်ဖို့အတွက်ဆိုရင်လည်း သုတေသနနဲ့ ဆန်းသစ်တီထွင်မှုတွေ ဆောင်ရွက်ဖို့လိုလာတယ်။ ဒါတွေဆောင်ရွက်တဲ့အခါမှာ တက္ကသိုလ်တွေ၊ သုတေသနဌာနတွေ၊ စက်မှုလုပ်ငန်းတွေရော ပူးပေါင်းပြီးတော့ ဆောင်ရွက်ဖို့လိုလာပါတယ်။ ဒါကြောင့် URI Collaboration ကို လုပ်ခြင်းအားဖြင့် တက္ကသိုလ်မှာရှိတဲ့ ပါမောက္ခတွေ၊ ဆရာမတို့ဆီက သုတေသီတွေ၊ ပညာရှင်တွေ၊ ကုန်ထုတ်လုပ်ငန်းရှင်တွေရောဟာ နိုင်ငံ့အကျိုးပြု သုတေသနလိုလုပ်ငန်းတွေ၊ သူတို့ရဲ့ နိုင်ငံတကာဈေးကွက်ကိုထိုးဖောက်မယ့် စီးပွားရေးလုပ်ငန်းတွေနဲ့ လိုအပ်တဲ့နည်းပညာတွေကို ဆရာမတို့က ပူးပေါင်းဆောင်ရွက်လိုက်တဲ့အတွက် သုတေသနလုပ်တဲ့အခါမှာ တွေ့ကြုံရတဲ့ အခက်အခဲတွေ၊ ကုန်ကျစရိတ်တွေ၊ သုတေသနအသုံးစရိတ်တွေ၊ စက်ပစ္စည်းကိရိယာအတွက် လိုအပ်တဲ့စရိတ်တွေ လျှော့ချနိုင်တယ်။ သုတေသနလုပ်ငန်းတွေကို လျင်လျင်မြန်မြန် ဆောင်ရွက်နိုင်ခဲ့ပါတယ်။



### အကျိုးကျေးဇူးတွေ ရလာ

ဒီလို URI Collaboration လုပ်တဲ့အတွက်ကြောင့် ကျောင်းသား ကျောင်းသူများအနေနဲ့ သူတို့ဟာ တက္ကသိုလ်ပါမောက္ခတွေရယ်၊ သုတေသနပညာရှင်တွေ ပူးပေါင်းဆောင်ရွက်ရတဲ့အတွက်ကြောင့် အများနဲ့ ပူးပေါင်းဆောင်ရွက်တဲ့ Team Work စွမ်းဆောင်ရည်တွေမြင့်တက်လာနိုင်တယ်။ သူတို့ရဲ့ သုတေသနအတွက် လိုအပ်တဲ့ သတင်းအချက်အလက်တွေ၊ ဒီသတင်းအချက်အလက်တွေရှာဖွေတဲ့စိတ်တွေ ပိုပြီးတော့ စွမ်းဆောင်ရည်မြင့်လာမယ်။ သူတို့ရဲ့ Idea တွေ၊ ဖန်တီးနိုင်မှုတွေလည်း မြင့်တက်လာမယ်။ သူတို့ကိုယ် သူတို့လည်း လက်တွေ့လုပ်ဆောင်တဲ့အတွက် အကျိုးကျေးဇူးတွေ ရလာတာသိလာတဲ့အခါကျရင် သူတို့ဟာ အပြင်မှာလည်း တကယ့်အတွေ့အကြုံကောင်းတွေရလာတဲ့အတွက် သူတို့ဟာ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုတွေရှိလာနိုင်တယ်။ နောက်ပြီးတော့ တက္ကသိုလ် ဆရာ ဆရာမများအနေနဲ့ သူတို့ရဲ့ သုတေသန စွမ်းဆောင်ရည်တွေလည်း ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် ပိုပြီးမြင့်မားလာမယ်။ နိုင်ငံတကာအဆင့်မီတဲ့ သုတေသန စာတမ်းတွေကို ဖတ်ကြားနိုင်မယ်။ ရေးသားလာနိုင်မယ်။ သူတို့ရဲ့သုတေသနလုပ်ခြင်းအားဖြင့် မူပိုင်ခွင့်တွေ ရရှိလာနိုင်မယ်။ ဒါကြောင့်မို့ တက္ကသိုလ်တစ်ခုရဲ့ အဆင့်အတန်းလည်း မြင့်တက်လာနိုင်မယ်ဆိုတဲ့ အကျိုးကျေးဇူးတွေရလာနိုင်ပါတယ်။

### ကူညီပံ့ပိုး

ကျွန်မတို့ဌာနကနေ တက္ကသိုလ်ကျောင်းသား ကျောင်းသူတွေအတွက် ပံ့ပိုးပေးနိုင်တဲ့ သုတေသနလုပ်ငန်းတွေက ဘာတွေလဲဆိုရင် ပြန်ပြည့်မြဲစွမ်းအင်ဆိုင်ရာဖြစ်တဲ့ လေစွမ်းအင်၊ ဆိုလာ၊ ဇီဝဓာတ်ငွေ့ထုတ်တာတို့ ဘက်ထရီတည်ဆောက်ပြီး မီးထွန်းတာမျိုးတွေလည်း ကူညီပံ့ပိုးပေးနိုင်ခဲ့ပါတယ်။ အဲဒီအပြင် အီလက်ထရွန်နစ်နည်းပညာဆိုင်ရာသုတေသနလုပ်ငန်းတွေကိုလည်း ကူညီပံ့ပိုးပေးနိုင်ပါတယ်။ နောက်ပြီး ဓာတုဗေဒကိုအခြေခံသော စိုက်ပျိုးရေးထွက်ကုန်တွေဖြစ်တဲ့ စားသောက်ကုန်ပစ္စည်းထုတ်လုပ်တဲ့လုပ်ငန်းတွေ၊ ဆေးဖက်ဝင်အပင်တွေနဲ့ သုတေသနဆောင်ရွက်တာတွေလည်း ကျွန်မတို့ ကူညီနိုင်ပါတယ်။ ဝါးအလေအလွင့်၊ သစ်အလေအလွင့်ပစ္စည်းတွေကနေ Composis ထုတ်တာတွေလည်း ကူညီပေးနိုင်ပါတယ်။ Nano နည်းပညာဆိုင်ရာသုတေသနလုပ်ငန်းတွေကိုလည်း တက္ကသိုလ်ကျောင်းသား ကျောင်းသူတွေအတွက် စက်ပစ္စည်းတွေရော၊ သုတေသနလုပ်ငန်းတွေမှာရော ကျွန်မတို့က ကူညီပံ့ပိုးပေးနိုင်ခဲ့ပါတယ်။ အခြေခံပညာအထက်တန်းအဆင့် ကျောင်းသား ကျောင်းသူတွေအတွက်ဆိုရင် ဆရာမတို့ဌာနကနေ ဘယ်လိုတွေကူညီပံ့ပိုးပေးနိုင်လဲဆိုရင် သူတို့ရဲ့ Curriculum မှာ ပါတဲ့ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒတို့နဲ့ပတ်သက်တဲ့ လက်တွေ့လုပ်ဆောင်ချက်လေးတွေ၊ Equipment တွေ ကူညီပံ့ပိုးပေးနိုင်ပါတယ်။ စဉ်းစားတွေးခေါ်ချင်တဲ့စိတ်တွေကို မြှင့်တင်ပေးဖို့အတွက် သိပ္ပံပရောဂျက်တွေ၊ သုတေသနလုပ်ငန်းတွေမှာလည်း ဒီကျောင်းသား ကျောင်းသူတွေအတွက် လက်တွေ့ပြသတာမျိုးတွေ ကူညီပံ့ပိုးပေးနိုင်ပါတယ်။

**အစီအစဉ်မှူး။** ။ **ဟုတ်ကဲ့ပါ။ သုတေသနလုပ်ငန်းတွေကို တက္ကသိုလ်အဆင့်ကနေ နိုင်ငံ့အကျိုးပြုလုပ်ငန်းတွေအထိ ဘယ်လိုမျိုးဆောင်ရွက်ရမလဲဆိုတာ ဆွေးနွေးပေးပါဦး။**

**ဒေါက်တာသဲမောင်မောင်။** ။ သုတေသနလုပ်ငန်းတွေကို တက္ကသိုလ်အဆင့်ကနေ နိုင်ငံ့အကျိုးပြုလုပ်ငန်းတွေ ဆောင်ရွက်နိုင်ဖို့ဆိုရင် ရှေ့က ဆရာကြီး ဆရာမကြီးတွေ ဆွေးနွေးခဲ့တဲ့ သုတေသနလုပ်ငန်းဆောင်ရွက်ရာမှာ လိုအပ်ချက်တွေ၊ ကြိုးစားဆောင်ရွက်ရမယ့်ပုံစံတွေ၊ နိုင်ငံတကာနဲ့ဆိုင်တဲ့ ချိတ်ဆက်ဆောင်ရွက်မှုတွေကို ဆွေးနွေးတင်ပြခဲ့ပါတယ်။ အဲဒီအချက်အလက်တွေအတိုင်း ကြိုးစားဆောင်ရွက်ရမှာဖြစ်ပြီး တက္ကသိုလ်မှာရှိတဲ့ ဆရာမတွေက ပထမဆုံးသုတေသန လုပ်ငန်းတွေကို ဆောင်ရွက်ရတာဖြစ်ပါတယ်။ အဲဒီမှာ ကျောင်းသား ကျောင်းသူတွေက ပူးပေါင်းပါဝင်ပြီးတော့ လွတ်လပ်စွာ တီထွင်ဖန်တီးခွင့်တွေ၊ တွက်ချက်ပြီးတော့ နှိုင်းယှဉ်လေ့လာချက်တွေနဲ့ လက်တွေ့တည်ဆောက်မှု လုပ်ငန်းတွေကနေ စတင်ပြီးဆောင်ရွက်ရတာဖြစ်ပါတယ်။ သုတေသနခေါင်းစဉ်တွေကို ရွေးချယ်ရာမှာလည်း ရှေ့က ဆရာ ဆရာမကြီးတွေ ဆွေးနွေးခဲ့သလိုပဲ နိုင်ငံအတွက် လိုအပ်တဲ့ အကျိုးပြုလုပ်ငန်းတွေ ဆောင်ရွက်နိုင်တဲ့ သုတေသနခေါင်းစဉ်တွေ၊ ဒေသန္တရအကျိုးပြုလုပ်ငန်းတွေ ဆောင်ရွက်နိုင်မယ့် သုတေသနခေါင်းစဉ်တွေကို ရွေးချယ် ရမှာဖြစ်တဲ့အပြင် နိုင်ငံတကာနဲ့ အဆက်မပြတ်ဖွံ့ဖြိုး တိုးတက်နေတဲ့ နည်းပညာတွေကို လက်လှမ်းမီဖို့အတွက်ဆိုရင် သုတေသနလုပ်ငန်းတွေကို မျက်ခြည်မပြတ်ဆောင်ရွက် ရမှာဖြစ်ပါတယ်။

### ဘက်ပေါင်းစုံပြည့်စုံတဲ့ သုတေသန

နောက်တစ်ခုကတော့ သုတေသနဆိုင်ရာလုပ်ငန်း အတွက် ခေါင်းစဉ်တွေ ရွေးချယ်တဲ့အခါမှာလည်း ဘက်ပေါင်းစုံပြည့်စုံတဲ့ သုတေသနခေါင်းစဉ်တစ်ခုဖြစ်ဖို့ဆိုရင် အထူးပြုဘာသာရပ်တစ်ခုတည်းနဲ့ မလုံလောက်ပါဘူး။ မိမိတက္ကသိုလ်မှာရှိတဲ့၊ **စာမျက်နှာ ၁၁ သို့** ❖



# သံဃာတော်များနှင့် သက်ကြီးဘိုးဘွားများအား (၁၁)ကြိမ်မြောက် လှူဒါန်း

**ရန်ကုန် ဇန်နဝါရီ ၂၃**

ရန်ကုန်မြို့ ဗဟန်းမြို့နယ် လိပ်ပြာကန်ကျောင်းတိုက် နန္ဒာအောင်မြေကျောင်း ပဓာနနာယက ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တနိမလ အမှူးပြု၍ အလှူရှင်များက ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ်နှင့် ဒေးဒရဲမြို့နယ်အတွင်းရှိ ပင့်သံဃာတော်များ၊ သက်ကြီးဘိုးဘွားများ၊ အခြေခံပညာအလယ်တန်းကျောင်း၊ မူလတန်းကျောင်းများမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား လှူဒါန်းခြင်း အခမ်းအနားကို ဇန်နဝါရီ ၂၀ ရက် နံနက် ၉ နာရီက ဒေးဒရဲမြို့နယ် ဂုံမင်းကွင်းကျေးရွာအုပ်စု ထိုင်ကူမြစ်တန်းကျေးရွာ ကျောင်းသစ်ကျောင်း၌ ကျင်းပသည်။

လှူဒါန်းပွဲတွင် ကက်သပေါင်းဆရာတော် ဘဒ္ဒန္တပရမဝံသထံမှ ပရိသတ်များက ငါးပါးသီလခံယူကြပြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ်နှင့် ဒေးဒရဲမြို့နယ်အတွင်းရှိ ပင့်သံဃာတော်များအား (၁၁)ကြိမ်မြောက် သင်္ကန်း ပရိက္ခရာရှစ်ပါးနှင့် ပိဋကတ်သုံးပုံ၊ စားသောက်ဖွယ်ရာခြင်း တစ်ခြင်းနှင့် သံဃာ့အသုံးအဆောင်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

အခမ်းအနားတွင် ဖျာပုံခရိုင် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးဝင်းမြင့်နှင့် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ခင်ဇော်မြင့်တို့က ဝမ်းမြောက်စကားပြောကြားခဲ့ကြသည်။

ထို့နောက် အလှူရှင်များက သက်ကြီးဘိုးဘွားများအား အဝတ်အထည်နှင့် ဆေးဝါးများလှူဒါန်းပြီး အခြေခံပညာအလယ်တန်းကျောင်း၊ မူလတန်းကျောင်း စုစုပေါင်း ၂၉ ကျောင်းတို့မှ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူ ၅၇၀၀ အား ပညာရေးအထောက်အပံ့ပစ္စည်းများ လှူဒါန်းကြသည်။

အဆိုပါ လှူဒါန်းမှုအစုစုတို့အတွက် လိပ်ပြာကန်ကျောင်းတိုက် နန္ဒာအောင်မြေကျောင်း ပဓာနနာယက ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တနိမလက ရေစက်ချတရားဟောကြားသည်။

လှူဒါန်းမှုတွင် ပန်းလှိုင်စီလုံဆေးရုံကြီး၊ မလိခ ရောဂါရှာဖွေရေးနှင့် အထူးကုဆေးခန်း၊ T.K.W (သုခဝတီ) Trading Co.,Ltd.၊ Shan Cherry Co.,Ltd.၊ Heart သူနာပြုသင်တန်းကျောင်းမှ တာဝန်ရှိသူများနှင့် အလှူရှင်များက စုစုပေါင်းလှူဒါန်းငွေကျပ် သိန်း ၅၃၀ ကျော် လှူဒါန်းခဲ့ကြောင်း သိရသည်။

ဇန်နဝါရီ ၁၉ ရက်နှင့် ၂၀ ရက်ကလည်း ရန်ကုန်မြို့မှ အထူးကုဆရာဝန်ကြီးများက ဒေးဒရဲမြို့နယ် ထိုင်ကူမြစ်တန်းကျေးရွာရှိ ကျောင်းသစ်ကျောင်းတိုက်၌ သက်ကြီးဘိုးဘွားများနှင့် ဒေသခံရွာသူ ရွာသားများအား ကျန်းမာရေးစစ်ဆေးမှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# MNL-2 အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၁) ဇန်နဝါရီ ၂၅၊ ၂၆ ရက်တွင် စတင်ကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၂၃**

၂၀၁၉ ရာသီ MNL-2 (ပထမတန်း) အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၁)ကို ဇန်နဝါရီ ၂၅၊ ၂၆ ရက်တွင် စတင်ကျင်းပမည်ဖြစ်သည်။

ပွဲစဉ်(၁)အဖြစ် ဇန်နဝါရီ ၂၅ ရက်တွင် ပဒုမ္မာကွင်း၌ မြဝတီအသင်းနှင့် အား/ကာသိပ္ပံအသင်း၊ စလင်းကွင်း၌ ရှိုင်ရယ်သန်လျင်အသင်းနှင့် မောရဝတီအသင်း၊ ဇန်နဝါရီ ၂၆ ရက်တွင် ပဒုမ္မာကွင်း၌ ကချင်ယူနိုက်တက်အသင်းနှင့် ငွေကြယ်ပွင့်အသင်း၊ စလင်းကွင်း၌ တက္ကသိုလ်အသင်းနှင့် ချင်းယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ပထမတန်းပွဲစဉ်များကို စလင်းနှင့် ပဒုမ္မာကွင်း၌ တစ်ပတ်လျှင် နှစ်ရက်၊ လေးပွဲနှုန်းဖြင့် ကျင်းပမည်ဖြစ်သည်။

ယင်းပြိုင်ပွဲတွင် အသင်းရှစ်သင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး လက်ရှိချန်ပီယံ ရှိုင်ရယ်သန်လျင်အသင်းအပါအဝင် မြဝတီ၊ အား/ကာသိပ္ပံ၊ မောရဝတီ၊ ကချင်ယူနိုက်တက်၊ ငွေကြယ်ပွင့်၊ တက္ကသိုလ်အသင်းနှင့် ချင်းယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်မည်ဖြစ်သည်။ ပထမအကျော့ပွဲစဉ်များကို ဇန်နဝါရီ ၂၅ ရက်မှ မတ် ၈ ရက်၊ ဒုတိယအကျော့ပွဲစဉ်များကို ဇွန် ၁၃ ရက်မှ ဇူလိုင် ၂၇ ရက်အထိ ကျင်းပမည်ဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်**

❖ စာမျက်နှာ ၁၀ မှ

အခြားဌာနတွေမှာရှိတဲ့ အထူးပြုဘာသာရပ်တွေနဲ့ ပူးပေါင်းပြီးတော့ ဆောင်ရွက်မယ်ဆိုရင် ဘက်ပေါင်းစုံပြည့်စုံတဲ့ သုတေသနတစ်ခုဖြစ်ပြီးတော့ နိုင်ငံ့အကျိုးပြုလုပ်ငန်းတွေ ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသတက္ကသိုလ် မောင်းသူမဲ့လေယာဉ် သုတေသနဌာနအနေနဲ့ကတော့ မောင်းသူမဲ့လေယာဉ်တွေကို ကိုယ်ပိုင်ဒီဇိုင်းရေးဆွဲပြီးတော့ မောင်းသူမဲ့လေယာဉ်အမျိုးအစား ခုနစ်မျိုးကို တည်ဆောက်ပြီး အောင်မြင်စွာနဲ့ အကျိုးပြုလုပ်ငန်းတွေ ဆောင်ရွက်လျက်ရှိပါတယ်။ အင်ဂျင်ပါဝါတပ်တဲ့ မောင်းသူမဲ့လေယာဉ်တွေ၊ Survey တိုင်းတာနိုင်တဲ့ မောင်းသူမဲ့လေယာဉ်တွေ၊ စိုက်ပျိုးရေးလုပ်ငန်းအတွက် အသုံးချနိုင်တဲ့ ဆေးဖျန်းသုံး မောင်းသူမဲ့လေယာဉ်တွေ၊ စိုက်ပျိုးရေးရဲ့ သီးပင်တွေကို လေ့လာနိုင်တဲ့ ကင်မရာတပ်ဆင်ထားတဲ့ မောင်းသူမဲ့လေယာဉ်အမျိုးအစားတွေကို တီထွင်စမ်းသပ်တည်ဆောက်ပြီးတော့ အကျိုးပြုလုပ်ငန်းတွေမှာ ဆောင်ရွက်လျက်ရှိပါတယ်။

## ဝန်ကြီးဌာနရဲ့ အားပေးမှု

ကျွန်တော်တို့ သုတေသနဌာနအနေနဲ့ကတော့ ဝန်ကြီးဌာနရဲ့ အားပေးမှုနဲ့အတူ ဆောင်ရွက်လာတာဆိုရင် မြန်မာနိုင်ငံမှာ ပထမဆုံးမောင်းသူမဲ့စနစ်နဲ့ မိုင် ၂၀ ကို စမ်းသပ်မောင်းနှင်ပျံသန်းနိုင်ခဲ့ပါတယ်။ ၂၀၁၄ ခုနှစ်ကနေစပြီးတော့ အကျိုးပြုလုပ်ငန်းတွေနဲ့ လျှပ်စစ်ဝန်ကြီးဌာနအတွက် လိုအပ်တဲ့ ၅၀၀ ကေဗွီဓာတ်အားလိုင်း တည်ဆောက်မှု တောင်ငူကနေ ဘုရားကြီး ၁၉၂ ကီလိုမီတာ အကွာအဝေးကို မောင်းသူမဲ့လေယာဉ်ပျံသန်းပြီး ကောင်းကင်ဓာတ်ပုံရိုက် Servey တိုင်းတာပြီး မြေပုံထုတ်တဲ့ လုပ်ငန်းတွေ ဆောင်ရွက်ပါတယ်။ မောင်းသူမဲ့လေယာဉ်နဲ့ မြေပုံထုတ်တဲ့လုပ်ငန်းတွေ ဆောင်ရွက်တဲ့ဟာက နည်းပညာအသစ်ဖြစ်ပြီးတော့ နိုင်ငံမှာလည်း မောင်းသူမဲ့လေယာဉ်တွေအသုံးချပြီးတော့ Detail တွေ၊ Mapping တွေ ထုတ်လုပ်လျက်ရှိပါတယ်။ ပုံမှန်အားဖြင့် လူနဲ့တိုင်းတာမယ်ဆိုရင်တော့ ရရှိလာမယ့်မြေပုံတွေဟာ တိကျမှုနည်းမယ်၊ ကုန်ကျစရိတ်တွေများမယ်၊ လူအင်အားတွေ အများကြီးအသုံးချရမှာဖြစ်ပါတယ်။ အချိန်တွေလည်း ကုန်မှာဖြစ်ပါတယ်။ မောင်းသူမဲ့လေယာဉ်တွေ အသုံးချပြီးတော့ မြေပုံတိုင်းတာတဲ့အခါမှာ အချိန်တိုအတွင်းမှာပဲ တိကျတဲ့ Detail တွေ၊ Mapping တွေ ရရှိမှာဖြစ်ပါတယ်။ ဒီနည်းပညာအသစ်တွေကိုလည်း တီထွင်စမ်းသပ်ပြီးတော့ အကျိုးပြုလုပ်ငန်းတွေမှာ ဆောင်ရွက်ပေးလျက်ရှိပါတယ်။

## မောင်းသူမဲ့လေယာဉ်

၂၀၁၆ ပုဂံငလျင်မှာဆိုရင်လည်း ပုဂံ-ညောင်ဦး ဇရိယာကြီးတစ်ခုလုံးကို သာသနာရေးဝန်ကြီးဌာနက ပညာရေးဝန်ကြီးဌာနကို အကူအညီတောင်းပြီး ကျွန်တော်တို့တက္ကသိုလ်ကနေ သွားရောက်ပြီးတော့ Survey တိုင်းတာခြင်း၊ Damage Assessment လုပ်ငန်းတွေအတွက်၊ World Heritage လုပ်ငန်းတွေအတွက် ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ ဆက်လက်ပြီးတော့လည်း INGO အဖွဲ့အစည်းတွေနဲ့ပတ်သက်ပြီးတော့ FAO နဲ့ပူးပေါင်းပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအတွက် မောင်းသူမဲ့လေယာဉ်လေးစီး တည်ဆောက်ပြီးတော့ Survey တိုင်းတာခြင်းနဲ့ သီးနှံဖွံ့ဖြိုးရေးလုပ်ငန်းတွေအတွက် တည်ဆောက်ပြီး သင်တန်းပေးတာတွေ ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနဲ့ပူးပေါင်းပြီးတော့ သဘာဝဘေးအန္တရာယ်ဆိုင်ရာလုပ်ငန်းတွေမှာလည်း ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ FAO နဲ့ညှိပြီး ကျွန်တော်တို့ဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွေနဲ့ ပူးပေါင်းပြီး မကွေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး စတဲ့ ရေဘေးသင့်ဒေသတွေ၊ မြေပြိုတဲ့ဒေသတွေမှာ မောင်းသူမဲ့လေယာဉ်အသုံးချပြီးတော့ Damage Assessment လုပ်တဲ့လုပ်ငန်းတွေနဲ့ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းတွေမှာ မောင်းသူမဲ့လေယာဉ်တွေကို အသုံးချပြီးတော့ ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာနအတွက်လည်း တံတားတည်ဆောက်ရေးလုပ်ငန်းတွေ၊ လမ်းအူကြောင်းရှာဖွေရေးလုပ်ငန်းတွေ ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

## ဘဏ္ဍာငွေများကို ထည့်ဝင်ပေးနိုင်ခဲ့

လက်ရှိဆောင်ရွက်နေတာကတော့ မန္တလေးစည်ပင်သာယာရေးကော်မတီကနေပြီးတော့ ပညာရေးဝန်ကြီးဌာနကို အကူအညီတောင်းခံမှုနဲ့ မန္တလေးတစ်မြို့လုံး ဧက ၄၈၀၀၀ ကျော်ကို မောင်းသူမဲ့လေယာဉ် အသုံးချပြီးတော့ မြေပုံထုတ်ပါတယ်။ မြေပုံထုတ်ပြီးရရှိလာတဲ့ မြေပုံကနေတစ်ဆင့် စည်ပင်သာယာနဲ့ဆိုင်တဲ့အချက်အလက်တွေ၊ ရေသွင်းရေထုတ်နဲ့ ဆိုင်တဲ့အချက်အလက်တွေ၊ Smart City နဲ့ ဆိုင်တဲ့အချက်အလက်တွေ၊ e-Government နဲ့ဆိုင်တဲ့အချက်အလက်တွေ ရရှိမှာဖြစ်ပါတယ်။ ဒါကြောင့် တက္ကသိုလ်အဆင့် သုတေသနလုပ်ငန်းတွေကနေတစ်ဆင့် အကျိုးပြုလုပ်ငန်းတွေကို ဆောင်ရွက်တဲ့အခါမှာ ရှေ့က ဆရာ ဆရာမကြီးတွေ တင်ပြခဲ့သလို လိုအပ်တဲ့ကြိုးစားဆောင်ရွက်မှုတွေကို အထူးကြိုးစားဆောင်ရွက်ပြီးတော့ ရရှိလာမယ့် သုတေသနထုတ်ကုန်တွေကို နိုင်ငံ့အကျိုးပြုလုပ်ငန်းတွေအတွက် ကြိုးစားဆောင်ရွက်နေတာကို တင်ပြလိုပါတယ်။

ကျွန်တော်တို့ရဲ့ သုတေသနလုပ်ငန်းတွေ၊ သုတေသနဆောင်ရွက်ထားတဲ့ မောင်းသူမဲ့လေယာဉ်တွေကို အစိုးရဝန်ကြီးဌာနတွေအပြင် ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်း၊ ကုမ္ပဏီတွေနဲ့ပူးပေါင်းပြီး ဆောင်ရွက်ပါတယ်။ အဲဒီလိုဆောင်ရွက်တဲ့အခါမှာ PPP စနစ်နဲ့ ဆောင်ရွက်ခဲ့တဲ့လုပ်ငန်းတွေရှိပါတယ်။ ပရောဂျက်လုပ်ငန်းတွေကနေတစ်ဆင့်လည်း နိုင်ငံ့အတွက် ဘဏ္ဍာငွေများကို သုတေသနလုပ်ငန်းကနေပြီး ထည့်ဝင်ပေးနိုင်ခဲ့ပါတယ်။

**အစီအစဉ်မှူး။** ။ဟုတ်ကဲ့ပါ။ ဒီကနေ့ ဆွေးနွေးချက်တွေထဲကနေပြီးတော့ ဖြည့်စွက်ဆွေးနွေးလိုတာရှိရင်လည်း ဆွေးနွေးပေးပါဦး။

**ဒေါက်တာသိဂီ။** ။တက္ကသိုလ်အဆင့်တောင်မကဘဲနဲ့ အခြေခံကနေစပြီးတော့ ကျောင်းသားကျောင်းသူတွေအားလုံးအတွက် Eye Research Support Center ပေါ်ပေါက်လာစေချင်ပါတယ်။ နောက်တစ်ခုက ပြည်တွင်းကနေရရှိတဲ့ ရန်ပုံငွေတွေတင်မကဘဲ ပြည်ပကပါ သုတေသနရန်ပုံငွေတွေကို တောင်းခံလာနိုင်မယ့် Research ကော်မတီတွေကိုလည်း ဖွဲ့စည်းစေချင်ပါတယ်။ နောက်ဆုံးတစ်ခုကတော့ တစ်နိုင်ငံလုံးမှာရှိတဲ့ သုတေသနလုပ်ငန်းတွေကနေ စုစုစည်းစည်းနဲ့ အင်ပြည့်အားပြည့်ဆောင်ရွက်နိုင်ဖို့ National Research Council လိုမျိုး ပေါ်ပေါက်လာစေချင်ပါတယ်။

**အစီအစဉ်မှူး။** ။ဟုတ်ကဲ့ပါ။ ကျေးဇူး အထူးတင်ပါတယ်။

ဂုဏ်ရည်ဆေးတိုက်

ဂုဏ်ရည် ®
အမှတ်တံဆိပ်
ကြော်ငြာခွင့်ပြုချက်အမှတ်-
တဆဝက (တနယ်ဇင်း) ၀၅၄/၀၇၁၃

ဂရင်ဂျီနာ၊ အတွင်းအပြင်လိပ်ခေါင်းရောဂါ၊ ဆီးချို၊ သွေးချိုကျဆေး၊ ဆီးကျိတ်ရောဂါ၊
အဆစ်ရောင်ကိုက်လေးဖက်နာ၊ အဆီကျဆေး၊ သွေးတိုးရောဂါ၊ ချောင်းဆိုးရင်ကျပ်၊
အသည်းရောဂါ၊ အရိုးအကြောရောဂါ၊ ဆီးရောဂါ၊ အဖျားရောဂါ၊
အကျိတ်ရောဂါအတွက် အစွမ်းထက်ဆေးများကို ပင်ရင်းလိပ်စာနှင့်
အမြို့မြို့ဆေးဆိုင်တိုင်းတွင် ရရှိနိုင်ပါသည်။

ဈ(၂)၊ သာယာကုန်းလမ်း၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်မှ အထက်ပါရောဂါများအတွက်
အစွမ်းထက်တိုင်းရင်းဆေးများရရှိနိုင်ပါသည်။

အချိန် - နံနက်(၁၀း၀၀)နာရီမှ ညနေ(၅း၀၀)နာရီအထိ (တနင်္ဂနွေနေ့ပိတ်သည်။)
ဖုန်း - ၀၉ ၇၇၇၇၇ ၃၃၁၄၊ ၀၉ ၇၇၇၇၇ ၃၃၁၅၊ ၀၁ ၆၄၁၅၀၁၊ ၀၉ ၉၇၀၀၅၀၀၅၀



# ထိုင်းနိုင်ငံရွေးကောက်ပွဲ မတ် ၂၄ ရက်တွင် ကျင်းပမည်

**ဗန်ကောက် ဇန်နဝါရီ ၂၃**
ထိုင်းနိုင်ငံရွေးကောက်ပွဲကို မတ် ၂၄ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း ယနေ့သတင်းများအရ သိရသည်။

ရွေးကောက်ပွဲကျင်းပမည့်ရက်ကို မတ် ၂၄ ရက် သတ်မှတ်ခဲ့ခြင်းမှာ ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် လွှတ်တော်အမတ်များအနေဖြင့် မဲဆွယ်စည်းရုံးရေး လုပ်ငန်းစဉ်များလုပ်ဆောင်ရန် အချိန်ပေးထားခြင်းဖြစ်သည်ဟု ရွေးကောက်ပွဲကော်မရှင်က ဆိုသည်။

၂၀၁၄ ခုနှစ် တပ်မတော်အာဏာသိမ်းပြီးသည့်နောက်ပိုင်း ပထမဆုံးအကြိမ် အထွေထွေရွေးကောက်ပွဲတစ်ရပ် ကျင်းပပေးရန် ထိုင်းနိုင်ငံဘုရင်က တောင်းဆိုထားသည့် အမိန့်ဒီဂရီတစ်ရပ်ကို ယနေ့ထုတ်ပြန်ကြေညာခဲ့ကြောင်း တော်ဝင်ဘုရင့်နန်းတော်က ပြောကြားသည်။

ထိုင်းဘုရင် မဟာဗာဂျီရာလောင်ကွန်း၏ ကြေညာချက်တွင် ထိုင်းတပ်မတော်က အာဏာသိမ်းပိုက်ပြီးသည့်နောက် နိုင်ငံအတွင်း အချိန်ကြာမြင့်စွာ စောင့်ဆိုင်းလျက်ရှိသည့် ရွေးကောက်ပွဲတစ်ရပ်ကို မကြာမီအချိန်အတွင်း ကျင်းပပေးရန် ထိုင်းတပ်မတော်အစိုးရအဖွဲ့အား တိုက်တွန်းပြောကြားထားကြောင်း ပါရှိသည်။ ထို့ပြင် ရွေးကောက်ပွဲကျင်းပပေးမည့်ရက်ကို ငါးရက်အတွင်း ကြေညာပေးရန် ရွေးကောက်ပွဲ ကော်မရှင်အား တိုက်တွန်းပြောကြားထားကြောင်း သိရသည်။

၂၀၁၄ ခုနှစ် အာဏာသိမ်းမှုဖြစ်ပွားခဲ့ပြီးနောက် တပ်မတော်က အစိုးရယန္တရားတစ်ရပ်လုံးကို ဦးဆောင်လျက်ရှိသည်။ တရားမျှတသည့် ရွေးကောက်ပွဲတစ်ရပ်ကျင်းပပြီးနောက် အရပ်သားအစိုးရအဖွဲ့လက်သို့ အာဏာလွှဲပြောင်းပေးမည်ဟု တပ်မတော်အစိုးရအဖွဲ့က ကြေညာထားကြောင်း သိရသည်။ သို့သော် ရွေးကောက်ပွဲကျင်းပမည့်ရက်ကို တိကျစွာ သတ်မှတ်ထားခြင်းမရှိဘဲ ရွှေ့ဆိုင်းမှုများ ပြုလုပ်လျက်ရှိသည်ဟု နိုင်ငံရေးစောင့်ကြည့်လေ့လာသူများက ဆိုသည်။

ယခုအချိန်တွင် ထိုင်းအစိုးရအနေဖြင့် ရွေးကောက်ပွဲကျင်းပမည့်ရက်ကို သတ်မှတ်ပြီးသည့်တိုင် လွှတ်တော်အမတ်သုံးပုံတစ်ပုံအား တပ်မတော်အစိုးရက ခန့်အပ်ထားသည့်အတွက် ထိုင်းနိုင်ငံအနေဖြင့် ဒီမိုကရေစီလမ်းကြောင်းဆီသို့ ပြန်လည်ရောက်ရှိနိုင်မလား ဆိုသည်နှင့်ပတ်သက်ပြီး နိုင်ငံအတွင်းသံသယများ မြင့်တက်လျက်ရှိကြောင်း သိရသည်။

**အေအက်ဖ်ပီ**





# နိုင်ငံရေးနယ်ပယ်တွင်းသို့ ပရီရန်ကာဂန္ဒီ တရားဝင် ဝင်ရောက်

**နယူးဒေလီ ဇန်နဝါရီ ၂၃**
အိန္ဒိယအမျိုးသား ကွန်ဂရက်ပါတီ(အိုင်အန်စီ)ဥက္ကဋ္ဌ ရာဟူးဂန္ဒီ၏ညီမဖြစ်သူ ပရီရန်ကာ ဂန္ဒီဗာဒရာသည် နိုင်ငံရေးနယ်ပယ်တွင်းသို့ တရားဝင် ဝင်ရောက်ပြီဖြစ်ကြောင်း ၎င်းပါတီမှ ဇန်နဝါရီ ၂၃ ရက်တွင် ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြထားကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

ဥတ္တာပရာဒေ့ရှ်ပြည်နယ် အရှေ့ပိုင်း အိန္ဒိယပြည်လုံးဆိုင်ရာ ကွန်ဂရက်ကော်မတီ(အေအိုင်စီ)၏ အထွေထွေအတွင်းရေးမှူးအဖြစ် ပရီရန်ကာ ဂန္ဒီဗာဒရာအား (အိုင်အန်စီ) ပါတီဥက္ကဋ္ဌက ခန့်အပ်ခဲ့ကြောင်း၊ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလ ပထမအပတ်တွင် ယင်းရာထူးနေရာ၌ ပရီရန်ကာ ဂန္ဒီက တာဝန်စတင်ယူမည်ဖြစ်ကြောင်း ကြေညာချက်တွင် ဖော်ပြသည်။

ဥတ္တာပရာဒေ့ရှ်ပြည်နယ် အနောက်ပိုင်း(အေအိုင်စီစီ) အထွေထွေအတွင်းရေးမှူးအဖြစ် ဂျိုတီရာဒီထရာ စင်ဒဟာအား ကွန်ဂရက်ပါတီဥက္ကဋ္ဌက ခန့်အပ်ခဲ့ပြီး ၎င်းမှာ ယင်းရာထူးနေရာ၌ ချက်ချင်းတာဝန်ထမ်းဆောင်ရမည်ဖြစ်သည်။

ယခုနှစ်အတွင်း ကျင်းပမည့် အိန္ဒိယနိုင်ငံ၏အထွေထွေရွေးကောက်ပွဲကို ဦးတည်၍ အသက် ၄၇ နှစ်အရွယ် ပရီရန်ကာ ဂန္ဒီဗာဒရာသည် လာမည့်လအတွင်း နိုင်ငံရေးနယ်ပယ်အတွင်းသို့ တရားဝင် ဝင်ရောက်လာခြင်းဖြစ်သည်။

ဥတ္တာပရာဒေ့ရှ်ပြည်နယ် အရှေ့ပိုင်း မဲဆန္ဒနယ်မြေများ၌ လက်ရှိအာဏာရ ဘာရာတီဟာ ဂျနာတာပါတီ (ဘီဂျေပီ) ၏ထိပ်တန်းလာဘ်ကောင် မဲဆန္ဒနယ်မြေနှစ်ခုဖြစ်သည့် ဗာရာဏသီနှင့် ဂိုရက်စ်ပါတို့ ပါဝင်နေသည်။

ဥတ္တာပရာဒေ့ရှ်ပြည်နယ်သည် အိန္ဒိယနိုင်ငံတွင် လူဦးရေ အထူထပ်ဆုံးပြည်နယ်ဖြစ်ပြီး လူဦးရေ သန်း ၂၀၀ ရှိသည့် ယင်းပြည်နယ်တွင်း၌ လွှတ်တော်ရွေးကောက်ပွဲအတွက် မဲဆန္ဒနယ်မြေ ၈၀ ရှိသည်။

**ဆင်ဟွာ**

# ရုရှားနှင့်တူရကီသမ္မတတို့ ဆီးရီးယားအရေး ဆွေးနွေးမည်

**အန်ကာရာ ဇန်နဝါရီ ၂၃**
ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် တူရကီသမ္မတ အာဒိုဂန်တို့သည် ဇန်နဝါရီ ၃၀ ရက်တွင် မော်စကိုမြို့၌ ဆီးရီးယားနိုင်ငံအရေးနှင့်ပတ်သက်သည့် တွေ့ဆုံဆွေးနွေးမှုပြုလုပ်မည်ဖြစ်ကြောင်း တူရကီနိုင်ငံက ပြောကြားသည်။ ရုရှားနှင့် တူရကီသမ္မတတို့သည် တူရကီနိုင်ငံက ဆီးရီးယားနိုင်ငံမြောက်ဘက်ပိုင်း၌ ထူထောင်မည့် လုံခြုံရေးဇုန်ကိစ္စအပေါ် ဆွေးနွေးမှုများပြုလုပ်မည်ဟု အေအက်ဖ်ပီသတင်းတွင် ဖော်ပြသည်။

တူရကီနှင့် ရုရှားသမ္မတတို့သည် ဆီးရီးယားနိုင်ငံတွင်း၌ ဖြစ်ပွားနေသည့် လက်နက်ကိုင်ပဋိပက္ခအတွင်း မတူညီသည့်ဘက်များမှ ရပ်တည်လျက်ရှိကြသည်။ ရုရှားနိုင်ငံသည် အာဏာရသမ္မတအာဆတ်အစိုးရအား အဓိကကျသော အထောက်အကူပေးသည့်နိုင်ငံဖြစ်ပြီး တူရကီနိုင်ငံကမူ ဆီးရီးယားသမ္မတအာဆတ်၏တပ်ဖွဲ့များအား ဆန့်ကျင်တိုက်ခိုက်နေသည့် သူပုန်အုပ်စုများကို ထောက်ခံမှုပေးနေသည့်နိုင်ငံဖြစ်သည်။

သို့သော်ငြားလည်း ဆီးရီးယားနိုင်ငံတွင်ဖြစ်ပွားနေသည့် ခုနစ်နှစ်ကြာ လက်နက်ကိုင်တိုက်ခိုက်မှုများ ပြေငြိမ်းရေးအတွက် နိုင်ငံရေးအရ အဖြေရှာမှုများတွင် တူရကီနှင့် ရုရှားနိုင်ငံတို့က နီးကပ်စွာ ပူးပေါင်းလုပ်ဆောင်လျက်ရှိသည်။

ဆီးရီးယားနိုင်ငံတွင်းရှိ အင်အား ၂၀၀၀ ခန့်ရှိသော အမေရိကန်တပ်ဖွဲ့ဝင်များအား ပြန်လည်ရုပ်သိမ်းမည်ဟု အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က လွန်ခဲ့သည့်လအတွင်းက အံ့အားသင့်ဖွယ်ရာ ကြေညာချက် ထုတ်ပြန်ခဲ့ပြီးနောက်တွင် ရုရှားနှင့် တူရကီတို့သည် ဆီးရီးယားနိုင်ငံတွင်း၌ မြေပြင်စစ်ဆင်မှုများ ညှိနှိုင်းလုပ်ဆောင်ရန် သဘောတူညီခဲ့ကြသည်။

အမေရိကန်သမ္မတထရန့်၏ အဆိုပြုချက်အရ ဆီးရီးယားနိုင်ငံမြောက်ပိုင်းဒေသတွင် ဖော်ဆောင်မည့် တူရကီထိန်းချုပ်သော လုံခြုံရေးဇုန်များ ကိစ္စနှင့်ပတ်သက်၍ သမ္မတပူတင်နှင့် ဆွေးနွေးမည်ဖြစ်ကြောင်း တူရကီသမ္မတက ဇန်နဝါရီ ၂၁ ရက်တွင် ပြောကြားသည့် မိန့်ခွန်းတွင် ထည့်သွင်းပြောကြားခဲ့သည်။

**အေအက်ဖ်ပီ**



# ဂျပန်ကိုယ်ပိုင်ကာကွယ်ရေး ရေတပ်မှ လေယာဉ်တစ်စင်း တောင်ကိုရီးယား စစ်ရေယာဉ်တစ်စင်းနှင့် နီးကပ်စွာ ပျံသန်းခဲ့ဟုဆို

**ဆိုးလ် ဇန်နဝါရီ ၂၃**
ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးရေတပ်ဖွဲ့မှ လေယာဉ်တစ်စင်းသည် အရှေ့တရုတ်ပင်လယ်တွင်းရှိ တောင်ကိုရီးယားရေတပ်မှ စစ်ရေယာဉ်တစ်စင်းနှင့် အလွန်နီးကပ်စွာ ပျံသန်းခဲ့ကြောင်း တောင်ကိုရီးယားစစ်ဘက်က ပြောကြားသည်။

**စစ်ရေယာဉ်တစ်စင်းအနီး ပျံသန်းခဲ့**

ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးရေတပ်ဖွဲ့(အမ်အက်စ်ဒီအက်ဖ်)ကင်းထောက်လေယာဉ်တစ်စင်းသည် အရှေ့တရုတ်ပင်လယ်အတွင်းရှိ လီယိုဒို ကျောက်တန်းအနီးတွင်ရှိသည့် တောင်ကိုရီးယား စစ်ရေယာဉ်တစ်စင်း၏အနီး မီတာ ၅၄၀ အကွာမှ ပျံသန်းခဲ့ကြောင်းနှင့် ယင်းလေယာဉ်သည် အမြင့်မီတာ ၆၀ နှင့် ၇၀ ကြားမှ ပျံသန်းခဲ့ကြောင်း တောင်ကိုရီးယား ပူးတွဲစစ်ဦးစီးအဖွဲ့မှ စစ်ဆင်ရေးဆိုင်ရာ ညွှန်ကြားရေးမှူးချုပ် ဆပ်ဝုခ်က ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီတွင် ပြုလုပ်သည့် အရေးပေါ်သတင်းစာရှင်းလင်းပွဲ၌ ပြောကြားသည်။

လွန်ခဲ့သည့်လအတွင်းက တောင်ကိုရီးယားရေတပ်မှ ဖျက်သင်္ဘောတစ်စင်းက ဂျပန်ကိုယ်ပိုင် ကာကွယ်ရေးရေတပ်ဖွဲ့မှ လေယာဉ်တစ်စင်းအား ရေဒါဖြင့် ပစ်မှတ်ထိန်းချုပ်ချိန်ရွယ်မှုပြုခဲ့သည်။

ဂျပန်ရေတပ်မှ လေယာဉ်များက တောင်ကိုရီးယား စစ်ရေယာဉ်များဆီသို့ ရန်စလှုံ့ဆော်သည့် ပျံသန်းမှုများကို ဇန်နဝါရီ ၁၈ ရက်နှင့် ၂၂ ရက်တို့တွင် ပြုလုပ်ခဲ့သော်လည်း တောင်ကိုရီးယားက တုံ့ပြန်မှုကို ချုပ်တည်းလုပ်ဆောင်ရန် ဝုခ်က ပြောကြားသည်။

**အင်န်အိတ်ချ်ကေ**

**❒ ဂျာမန်ကမ္ဘာလှည့်ခရီးသည်မှ**

အပျော်စီးသင်္ဘောကြီးပေါ်တွင် လိုက်ပါလာသော နာမည်ကျော် ဂျာမန် ရုပ်/သံအစီအစဉ် Dream Boat မှ ဂျာမန်ရုပ်ရှင်သရုပ်ဆောင်များသည် ရန်ကုန်မြို့တွင် ရုပ်ရှင်ရိုက်ကူးပြီး ရိုက်ကွင်းလေ့လာသွားရန်ရှိကြောင်းလည်း သိရသည်။

ယခုနှစ်အတွင်း အနောက်နိုင်ငံမှ အပျော်စီးသင်္ဘော ၁၆ စင်းနှင့် အထက်ဝင်ရောက်ရန်ရှိကြောင်းနှင့် အများစုမှာ အမေရိကန်နိုင်ငံမှဖြစ်ပြီး မြိတ်ကျွန်းစုဒေသသို့လည်း အပျော်စီးသင်္ဘောကြီးများ လာရောက်မည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

**❖ အသက်(၂၁)နှစ်အောက်မှ**

အားကစားသမားဆု ရရှိသွားသော ကျော်နံပါတ်(၇) ရဲဌေး(တနင်္သာရီ)၊ ရှေ့တန်းအကောင်းဆုံး အားကစားသမားဆု ရရှိသွားသော ကျော်နံပါတ်(၈) စိုးလင်းအောင်(နေပြည်တော်)၊ ပွဲစဉ်တစ်လျှောက် အကောင်းဆုံး အားကစားသမားဆု ရရှိသွားသော ကျော်နံပါတ်(၁၀) ဝင်းလှိုင်ဦး (တနင်္သာရီ)တို့အား ငွေသားဆုများကို အမျိုးသားလွှတ်တော် ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာ ကော်မတီအဖွဲ့ဝင်များက လည်းကောင်း၊ တတိယဆု ရရှိသွားသော နေပြည်တော်အသင်းအား ငွေသားဆုနှင့်တစ်ဦးချင်း ဆုတံဆိပ်များကို မကွေးတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာခင်မောင်အေးကလည်းကောင်း၊ ဒုတိယဆုရရှိသွားသော မကွေးတိုင်းဒေသကြီးအသင်းအား ငွေသားဆုနှင့်တစ်ဦးချင်း ဆုတံဆိပ်များကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်ကလည်းကောင်း၊ ပထမဆုရရှိသွားသော တနင်္သာရီတိုင်းဒေသကြီးအသင်းအား ငွေသားဆုနှင့် တစ်ဦးချင်းဆုတံဆိပ်များကို မကွေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတာကလည်းကောင်း၊ အမျိုးသားတံခွန်စိုက်ဆုဖလား ရရှိသွားသော တနင်္သာရီတိုင်းဒေသကြီးအသင်းအား မကွေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတာကလည်း ကောင်းဆုများအသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**အား/ကာ**

**■ လက်ရွေးစင်အမျိုးသမီးအသင်းမှ**

သွားရောက်ရမည်ဖြစ်သောကြောင့် အကြိုပြင်ဆင်သည့် အနေဖြင့် ခြေစမ်းပွဲများကစားခြင်းဖြစ်ပြီး အတွေ့အကြုံ ရင့်ကျက်ပြီးအသက်အရွယ်နှင့် ခန္ဓာကိုယ်ထွားကျိုင်းမှု အသာရသည့် လက်ရွေးစင်အသင်းနှင့် ကစားရသောကြောင့် အတွေ့အကြုံကောင်းများရယူနိုင်သည့်ပွဲဖြစ်ခဲ့သည်။ လက်ရွေးစင်အသင်းမှာမူ ယူ-၁၆ အသင်း ပြင်ဆင်မှုဖြစ်စေရန်အပြင် အသင်းပြင်ဆင်မှုအတွက်ပါ ယှဉ်ပြိုင်ကစားခဲ့သည်။ လက်ရွေးစင်အသင်းသည် ပထမပိုင်းနှင့် ဒုတိယပိုင်းတွင် သုံးဂိုးစီသွင်းယူခဲ့ပြီး တတိယပိုင်းတွင် တစ်ဂိုးသာ သွင်းယူခဲ့သည်။ ပထမပိုင်းတွင် လက်ရွေးစင်အသင်းကပိုဖိကစားနိုင်ခဲ့ပြီး ၇ မိနစ်တွင် လှယဉ်ဝင်း၊ ၁၆၊ ၁၉ မိနစ်တွင် ဂျူလိုင်ကျော်တို့က ဂိုးများ စတင်သွင်းယူခဲ့သည်။ ဒုတိယပိုင်းနှင့် တတိယပိုင်းတွင် ယူ-၁၆ အသင်း၏ အပြန်အလှန်ထိုးဖောက်မှုများကို တွေ့မြင်ခဲ့ရပြီး ၃၄၊ ၃၅၊ ၆၇ မိနစ်တွင် ခင်မာလာထွန်း၊ ၅၅ မိနစ်တွင် ခင်မိုးဝေတို့က ဂိုးများထပ်မံသွင်းယူခဲ့သည်။

မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းသည် ဇန်နဝါရီ ၂၆ ရက်တွင် ယူ-၁၉ လက်ရွေးစင် အမျိုးသမီးအသင်းနှင့် ထပ်မံခြေစမ်းမည်ဖြစ်ပြီး ယူ-၁၆ အမျိုးသမီးအသင်းမှာလည်း ဇန်နဝါရီ ၃၀ ရက်နှင့် ဖေဖော်ဝါရီ ၂ ရက်တွင် ယူ-၁၉ လက်ရွေးစင်အမျိုးသမီးအသင်းနှင့် နှစ်ပွဲခြေစမ်းမည်ဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-စိုးညွန့်**

# မြန်မာ ယူ-၁၆ အမျိုးသမီးအသင်း ကစားသမား ၂၃ ဦး အပြီးသတ်ရွေးချယ်

**ရန်ကုန် ဇန်နဝါရီ ၂၃**

မြန်မာယူ-၁၆ အမျိုးသမီးအသင်းသည် ၂၀၁၉ အာရှယူ-၁၆ အမျိုးသမီးခြေစစ်ပွဲ ဒုတိယအဆင့်အတွက် ကြိုတင်ပြင်ဆင်သည့် အနေဖြင့် ဩစတြေးလျနိုင်ငံ၌ သွားရောက်လေ့ကျင့်ရန်အတွက် အပြီးသတ်ကစားသမား ၂၃ ဦး ရွေးချယ်လိုက်ပြီဖြစ်သည်။


မြန်မာ ယူ-၁၆ အမျိုးသမီးအသင်း လေ့ကျင့်နေစဉ်။

မြန်မာယူ-၁၆ အမျိုးသမီးအသင်းသည် ဖေဖော်ဝါရီ ၉ ရက်မှ ၁၉ ရက်အထိ ဩစတြေးလျနိုင်ငံ၌ လေ့ကျင့်မည်ဖြစ်ပြီး ဩစတြေးလျ ယူ-၁၆ အမျိုးသမီးအသင်းနှင့် ခြေစမ်းပွဲနှစ်ပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာ ယူ-၁၆ အမျိုးသမီးအသင်း၏ ယင်းခရီးစဉ်မှာ ၁၀ ရက်ကြာမြင့်မည်ဖြစ်ပြီး အပြီးသတ်ပြင်ဆင်မှုများ ပြုလုပ်မည်ဖြစ်သည်။

မြန်မာအသင်းယှဉ်ပြိုင်မည့် အာရှယူ-၁၆ အမျိုးသမီးခြေစစ်ပွဲ ဒုတိယအဆင့်ကို ဖေဖော်ဝါရီ ၂၇ ရက်မှ မတ် ၃ ရက်အထိ မန္တလေးမြို့ရှိ မန္တလာသီရိကွင်း၌ ကျင်းပမည်ဖြစ်ပြီး ဩစတြေးလျခရီးစဉ် ပြီးဆုံးပါက ခြေစစ်ပွဲအတွက် ဆက်လက်ပြင်ဆင်မည်ဖြစ်သည်။ မြန်မာ ယူ-၁၆ အမျိုးသမီးအသင်း၏ အပြီးသတ်လူစာရင်းတွင် ကစားသမားဟောင်းအများစု ပါဝင်လာပြီး အာရှ ယူ-၁၆ အမျိုးသမီးပြိုင်ပွဲ နောက်ဆုံးအဆင့်ယှဉ်ပြိုင်ခွင့်ရရန် ပြင်ဆင်နေခြင်းဖြစ်သည်။

**ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-စိုးညွန့်**



# နောက်တန်းကစားသမားအဲရစ်ဘိုင်လီအား အာဆင်နယ်သို့ ပြောင်းရွှေ့ကစားခွင့်ပြုမည်မဟုတ်ဟု မန်ယူအသင်း ပြောကြား

မန်ယူအသင်းဟာ အသင်းရဲ့အားထားရတဲ့ နောက်တန်းကစားသမား အဲရစ်ဘိုင်လီကို အာဆင်နယ်အသင်းသို့ ပြောင်းရွှေ့ကစားခွင့်ပြုမှာမဟုတ်ကြောင်း ပြောကြားလာပါတယ်။

အာဆင်နယ်အသင်းကတော့ နောက်တန်းကစားသမားအဲရစ်ဘိုင်လီကို ယခုနှစ်ဘောလုံးရာသီကုန်အထိ အငှားစာချုပ်နဲ့ ခေါ်ယူဖို့ဆန္ဒရှိနေတဲ့အပြင် နွေရာသီအပြောင်းအရွှေ့ကာလအတွင်းမှာ အမြဲတမ်းစာချုပ်ချုပ်ဆိုဖို့လည်း ဆန္ဒရှိနေတယ်လို့ ဆိုပါတယ်။

ဒါပေမယ့် မန်ယူအသင်းကတော့ နောက်တန်းကစားသမားအဲရစ်ဘိုင်လီကို ဘာအကြောင်းနဲ့မှ ထွက်ခွာခွင့်ပြုမှာမဟုတ်တဲ့အကြောင်း ပြောကြားလာပါတယ်။

အဲရစ်ဘိုင်လီဟာ ၂၀၁၆ ခုနှစ်နွေရာသီအပြောင်းအရွှေ့ကာလအတွင်းက မန်ယူအသင်းကို နည်းပြမော်ရင်ဟိုကိုင်တွယ်စဉ်မှာ ခေါ်ယူခဲ့တာဖြစ်ပြီး သူ့ရဲ့လက်ရှိစာချုပ်သက်တမ်းဟာလည်း ၁၈ လအထိကျန်ရှိနေသေးတယ်လို့ သိရပါတယ်။ နည်းပြမော်ရင်ဟိုဟာ အဲရစ်ဘိုင်လီကို ပြောင်းရွှေ့ကြေးပေါင် သန်း ၃၀ နဲ့ခေါ်ယူခဲ့တာလည်းဖြစ်ပါတယ်။ မန်ယူအသင်းမှာ အကောင်းဆုံးခြေစွမ်းပြကစားနိုင်ခဲ့ပေမယ့် နည်းပြဆိုးရှားလက်ထက်မှာတော့ ပထမဦးစားပေးကစားသမားအဖြစ်ကနေ လွဲခဲ့ရပြီး ဆိုးရှားကိုင်တွယ်ခဲ့တဲ့ ပွဲစဉ်ခုနစ်ပွဲမှာ တစ်ပွဲပဲ ပွဲထွက်ကစားခွင့်ရရှိခဲ့တာဖြစ်ပါတယ်။

မန်ယူအသင်းအနေနဲ့ အဲရစ်ဘိုင်လီကို အခုစာချုပ်သက်တမ်းအပြင် နောက်ထပ်နှစ်နှစ်အထိ သက်တမ်းတိုးခွင့်ရှိမှာဖြစ်ပြီး အဲရစ်ဘိုင်လီကလည်း စာချုပ်သစ်တစ်ရပ်ထပ်တိုးချုပ်ဆိုဖို့ ဆန္ဒရှိနေတယ်လို့ဆိုပါတယ်။

အာဆင်နယ်အသင်းကတော့ လစ်ဟာနေတဲ့ နောက်တန်းခံစစ်ပိုင်းအတွက် မန်ယူနောက်တန်းကစားသမားအဲရစ်ဘိုင်လီနဲ့ ဖြည့်တင်းဖို့စီစဉ်နေတာဖြစ်ပါတယ်။ ညာနောက်ခံကစားသမား ဘယ်လာရင်ဟာလည်း ဒူးဒဏ်ရာပြဿနာကြောင့် ရာသီကုန်အထိ အနားယူရမှာဖြစ်တာမို့ နောက်တန်းကစားသမားတစ်ဦးကို ခေါ်ယူဖို့ စီစဉ်နေတာဖြစ်ပါတယ်။

# ဂျူဗင်တပ်တိုက်စစ်မှူး ဒိုင်ဘာလာအား ပေါင်သန်း ၉၀ ဖြင့် ရီးယဲလ်ခေါ်ယူမည်

စပိန်လာလီဂါကလပ် ရီးယဲလ်မက်ဒရစ်အသင်းဟာ အီတလီစီးရီးအေကလပ် ဂျူဗင်တပ်အသင်းမှ အာဂျင်တီးနားတိုက်စစ်မှူး ဒိုင်ဘာလာကို ခေါ်ယူဖို့ ဆန္ဒရှိနေပြီး ပြောင်းရွှေ့ကြေးပေါင် သန်း ၉၀ နဲ့ ခေါ်ယူမယ်လို့လည်း ပြောကြားထားပါတယ်။

အသက် ၂၅ နှစ်အရွယ်ရှိ တိုက်စစ်မှူး ဒိုင်ဘာလာဟာ ၂၀၁၅ ခုနှစ်အတွင်းက ဂျူဗင်တပ်အသင်းကို ရောက်ရှိလာတာဖြစ်ပြီး အီတလီစီးရီးအေပွဲစဉ် ၁၁၅ ပွဲကစားပေးခဲ့အပြီးမှာ သွင်းဂိုး ၅၄ ဂိုးအထိသွင်းယူထားနိုင်ခဲ့တာလည်းဖြစ်ပါတယ်။

အာဂျင်တီးနားတိုက်စစ်မှူး ဒိုင်ဘာလာဟာ လာမယ့်ဘောလုံးရာသီမှာ ဂါရတ်ဘေးနဲ့အတူ ပွဲထွက်ကစားဖို့ ဘာနေဗျူးကို ပြောင်းရွှေ့ရန် စီစဉ်နေတယ်လို့လည်း ဆိုပါတယ်။

လက်ရှိမှာ တိုက်စစ်မှူး ဒိုင်ဘာလာအား ခေါ်ယူရန် ရီးယဲလ်မက်ဒရစ်အသင်းအပြင် ပရီမီယာလိဂ်ချန်ပီယံ မန်စီးတီးအသင်းကလည်း ခေါ်ယူဖို့ စီစဉ်နေတယ်လို့ သိရပါတယ်။

ဒိုင်ဘာလာဟာ ဂျူဗင်တပ်ကို မပြောင်းရွှေ့မီက ပါလာမိုအသင်းမှာ ကစားခဲ့တာဖြစ်ပြီး ပါလာမိုအသင်းမှာ ၈၉ ပွဲကစားပြီး နိုင်ငံအသင်းမှာ ၁၈ ပွဲပါဝင်ကစားပေးထားပါတယ်။

**ငွေကြယ် - ရေးသားသည်**

(၂၄)လတိတိ အတိုးမဲ့ အရစ်ကျပေးသွင်းနိုင်မည့် Nawaday 4 Storey Shop House



လှိုင်သာယာမြို့နယ်၊ နဝဒေးအိမ်ရာရှိ ၁၈ပေ × ပေ၄၀ ကျယ်ဝန်းသောလူနေဆိုင်ခန်း စီးပွားရေးအဆောက်အဦးဖြစ်ပါသည်။ မြေညီထပ်မှာhall type ဖြစ်၍ဆိုင်ခန်းဖွင့်ရန် သင့်တော်ပါသည်။ပထမထပ်တွင် မီးဖိုခန်းပါပြီး ဧည့်ခန်း၊ ထမင်းစားခန်း ပြုလုပ်ရန် သင့်တော်ပါသည်။ ဒုတိယထပ် နှင့် တတိယထပ်တွင် Bed Room များပါပြီး တတိယထပ်နောက်ဘက်တွင်ကျယ်ဝန်းသော ဝရန်တာပါရှိပါသည်။

နေထိုင်ရန်သင့်တော်ရုံသာမက စီးပွားရေးတွဲလုပ်၍ရသော အဆောက်အဦးဖြစ်ပါသည်။

ဖုန်း–၆၅၀၅၃၅၊ ၆၆၆၁၈၃၊ ၆၅၁၄၃၆၊ ၆၆၃၅၇၈ သို့ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

# မောင်တောမြို့နယ်၌ စိတ်ကြွဆေးပြား ၂၂၄၀၅၅ ပြား သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၂၃**

မောင်တောမြို့နယ် နယ်မြေ(၅) ကြက်ရိုးပြင်ကျေးရွာရှိ လူနေထိုင်ခြင်းမရှိသည့် ဂူရာဆာန် ၅၈ နှစ်၏နေအိမ်သို့ မူးယစ်ဆေးဝါးသတင်းအရ ပူးပေါင်းအဖွဲ့က ဇန်နဝါရီ ၂၂ ရက် မွန်းလွဲ ၂ နာရီခွဲခန့်တွင် ဝင်ရောက်ရှာဖွေရာ ဆာလာအိတ် နှစ်အိတ်ဖြင့် ထည့်ထားသည့် WY/R စိတ်ကြွဆေးပြား ၁၉၄၈၀၅ ပြားအား ပိုင်ရှင်မဲ့သိမ်းဆည်းရမိခဲ့သဖြင့် ငါးခူရနယ်မြေရဲစခန်းက အမှုဖွင့် အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အလားတူ ယင်းနေ့နံနက် ၆ နာရီခန့်တွင် မောင်တောမြို့နယ် နယ်မြေ (၆) ပြင်ဖြူချောင်းဝအနီး၌ လုံခြုံရေးတပ်ဖွဲ့ဝင်များက ရေယာဉ်နှစ်စင်းဖြင့် လှည့်ကင်းလုံခြုံရေးဆောင်ရွက်နေစဉ် ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်ခြမ်းသို့ ပလတ်စတစ်ပုံးဖြင့် ကူးခတ်နေသည့် အမျိုးသားတစ်ဦးအားတွေ့ရှိ၍ အချက်ပြခေါ်ယူရာ လာရောက်ခြင်းမရှိဘဲ တစ်ဖက်နိုင်ငံ ရေပိုင်နက်အတွင်း ကူးခပ်ထွက်ပြေးပြီး ပလတ်စတစ်ပုံးအား သိမ်းဆည်းရမိစစ်ဆေးရာ WY စိတ်ကြွဆေးပြား ၂၉၂၅၀ အား တွေ့ရှိသဖြင့် ပြင်ဖြူနယ်မြေရဲစခန်းက အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ရဲပြန်ကြား**



**ကြက်ရိုးပြင်ကျေးရွာနေ ဂူရာဆာန်၏နေအိမ်၌ သိမ်းဆည်းရမိသည့် စိတ်ကြွဆေးပြားများကို တွေ့ရစဉ်။**

# မောင်တောမြို့ ငါးခူရကျေးရွာ၌ မီးလောင်မှုဖြစ်ပွား

**မောင်တော ဇန်နဝါရီ ၂၃**

ရခိုင်ပြည်နယ် မောင်တောမြို့ ငါးခူရကျေးရွာ၌ ဇန်နဝါရီ ၂၂ ရက် ည ၉ နာရီ ၁၅ မိနစ်က မီးလောင်မှု ဖြစ်ပွားခဲ့သည်။ ဖြစ်စဉ်မှာ မောင်တောမြို့ ငါးခူရကျေးရွာအုပ်စု အလယ်ရွာတွင် မီးလောင်နေကြောင်း သတင်းအရ နယ်မြေ(၅)ဒုရဲမှူး ထွန်းထွန်း ဦးစီး၍ ငါးခူရပြန်လည်လက်ခံရေးစခန်း တာဝန်ကျမီးသတ်တပ်ဖွဲ့မှ လက်ထောက်ဦးစီးမှူး ဦးခိုင်မင်းနိုင် ဦးစီးတပ်ဖွဲ့ဝင်များနှင့်အတူ မီးသတ်ယာဉ်နှစ်စီးဖြင့် သွားရောက်ငြိမ်းသတ်ခဲ့သည်။ ရော်ဖီး (ဘ)နူရ်အာလောင်၏နေအိမ်မှ မီးစတင်လောင်ကျွမ်းခဲ့ပြီး ၎င်းနေအိမ်ဘေးရှိ ဖော်ရိတ်၏နေအိမ်အား ကူးစက်လောင်ကျွမ်းခဲ့၍ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရွာသူ၊ ရွာသားများက ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ ည ၁၀ နာရီတွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။

အဆိုပါ မီးလောင်မှုကြောင့် အိမ်နှစ်လုံး ဆုံးရှုံးခဲ့ပြီး လူထိခိုက်ဒဏ်ရာ ရရှိမှုမရှိကြောင်း သိရသည်။

**သက်လွင်စိုး (ပြန်/ဆက်)**

# အရာတော်မြို့နယ်တွင် တရားမဝင်သယ်ဆောင်လာသော နွားများ ဖမ်းဆီးရမိ

**စစ်ကိုင်း ဇန်နဝါရီ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး အရာတော်မြို့နယ် ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ယမန်နေ့ ည ၁၁ နာရီခွဲခန့်က တရားမဝင် နွားများ သယ်ဆောင်လာကြောင်း သတင်းအရ အရာတော်မြို့ ယူကလစ်မြိုင်ရပ်ကွက်အနီး မုံရွာ-ရွှေဘိုကားလမ်း၌ ခင်ဦးမြို့နယ် တယ်ဘို့ပင်ကျေးရွာနေ ဇော်ဝင်းမောင်နှင့်ပြီး တင်မောင်လတ် ရွှေဘိုမြို့ အမှတ် (၁)ရပ်ကွက်နေနှင့် တစ်ရပ်ကွက်တည်းနေ စိုးမြတ်နှင့် ပြည့်ဖြိုးအောင်တို့သုံးဦး လိုက်ပါလာသည့် 6G/---- ၁၂ ဘီးယာဉ်နှင့် တယ်ဘို့ပင်ကျေးရွာနေ ဦးမောင်ဆွေမောင်းနှင်ပြီး သန့်ဇင်နှင့်လုတင် လိုက်ပါလာသော 1I/----- ၁၂ ဘီးယာဉ်တို့အား ရှာဖွေရာ ဇော်ဝင်းမောင်းနှင်လာသည့် ယာဉ်ပေါ်မှ နွားထီး ၁၆ ကောင်အားလည်းကောင်း၊ ဦးမောင်ဆွေမောင်းနှင်လာသည့် ယာဉ်ပေါ်မှ နွားထီးအကောင် ၂၀ အား လည်းကောင်း ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ နွားများနှင့်ပတ်သက်၍ သယ်ဆောင်ခွင့် အထောက်အထား တစ်စုံတစ်ရာမပါဘဲ တရားမဝင် သယ်ဆောင်လာ သောကြောင့် ၎င်းတို့အား အရာတော်မြို့မရဲစခန်းက အရေးယူထားကြောင်း သိရသည်။

**ကျော်ကျော်(မလှိုင်)**



**ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ကျွန်း/လယ်ရပ်ကွက် ဗဟိုလမ်းရှိ အလက(၃)ရှေ့၌ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ မူခင်းပညာပေးပြခန်း ယာဉ်ဖြင့် စမ်းချောင်းမြို့နယ် မြို့မရဲစခန်းမှ စခန်းမှူး ဒုရဲမှူး ဝင်းနိုင်နှင့်အဖွဲ့က ဇန်နဝါရီ ၂၂ ရက် နံနက်ပိုင်းတွင် ကျောင်းအုပ်ဆရာမကြီး၊ ဆရာ ဆရာမ များနှင့် ကျောင်းသား ကျောင်းသူ ၃၀၀ ကျော်တို့အား မူခင်းအသိပညာပေး ဟောပြောစဉ်။**

ကြေးမုံ

# မင်္ဂလာတောင်ညွန့်မြို့နယ်၌ ဗုံးသီးဟောင်းတစ်လုံးတွေ့ရှိ

**ရန်ကုန် ဇန်နဝါရီ ၂၃**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် သာယာကုန်းရပ်ကွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အားကစားဝင်းအနီး၌ ယနေ့နံနက် ၁၀ နာရီခွဲက ဗုံးသီးတစ်လုံးတွေ့ရှိကြောင်း သိရသည်။

သတင်းအရ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်ကျော်ထူး၊ ခေတ္တမြို့မရဲစခန်းမှူး ရဲအုပ်မောင်မျိုးနှင့် တာဝန်ရှိသူများ သွားရောက်စစ်ဆေးခဲ့ရာ ဝန်ထမ်းလိုင်းခန်း ခြောက်ခန်းတွဲ ခြောက်ထပ်တိုက် ဆောက်လုပ်ရန်အတွက် ဦးရန်မိုးအောင် တိုက်(ဘီ) ခြောက်လွှာ၊ (၂) ဈေးအနီး ၈ ရပ်ကွက် မရမ်းကုန်း မီးသတ်ဝင်း မရမ်းကုန်းမြို့နယ်နေသူသည် မြေတူးစက်ဖြင့် နံနက် ၈ နာရီခွဲက မြေတူးဖော်နေစဉ် အဆိုပါဗုံးသီးကိုတွေ့ရှိသဖြင့် သက်ဆိုင်ရာသို့ ဆက်သွယ်အကြောင်းကြားခဲ့သည်။

ထို့နောက် အမှတ် (၉၀၅) စစ်မြေပြင်အင်ဂျင်နီယာတပ်ရင်းမှ ဗိုလ်ကြီး မောင်မောင်နိုင် ဦးစီးအဖွဲ့နှင့်အတူ စစ်ဆေးခဲ့ရာ စစ်ကျန်ဗုံးသီးဟောင်းမှာ သံချေးတက်နေပြီး အလျား ၂၈ လက်မ၊ လုံးပတ်အလျား ၃၆ လက်မ၊ အချင်း ရှစ်လက်မ၊ ထိပ်ဖူးအချင်း သုံးလက်မဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ဗုံးသီးဟောင်းအား အမှတ် (၉၀၅) စစ်မြေပြင် အင်ဂျင်နီယာတပ်ရင်း (ညောင်တုန်း) အဖွဲ့သို့ အပ်နှံခဲ့ကြောင်း သိရသည်။

**ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)**





# ကြေးမုံစာအုပ်စင် စာအုပ်အမြင်

မော်ကွန်း

**ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့်သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)**

## ခေတ်ကြေးမုံပြင်ဝယ် နှစ်ခြောက်ဆယ်




တက္ကသိုလ်မြတ်သူ စီစဉ်ရေးသားသည့် ခေတ်ကြေးမုံပြင်ဝယ် နှစ်ခြောက်ဆယ် စာအုပ် ထွက်ရှိလာသည်။

စာရေးသူသည် သတင်းစာအလုပ်ကို ပြင်းပြထက်သန်သော အစွဲအလမ်းဖြင့်လုပ်ခဲ့ပြီး သတင်းစာတိုက်မှ အငြိမ်းစားယူပြီး ယနေ့တိုင် ကမ္ဘာ့သတင်း၊ မြန်မာ့သတင်းများကို မျက်ခြည်မပြတ် နားထောင်ဖတ်ရှု၊ ကြည့်မြင်လျက်ရှိသည်။ သတင်းကိုအခြေခံပြီး နိုင်ငံနှင့် ပြည်သူတို့၏ မျက်မှောက်ပကတိအခြေအနေကို သတင်းအသိဖြင့်အကဲခတ်၊ သုံးသပ်၍၊ ဆောင်းပါးများမပြတ်ရေးနေဆဲဖြစ်၏။ သတင်းသမားသည် သတင်းအသိသာခိုင်မာကြွယ်ဝလျှင် သတင်းမှန်များကိုသာ ရွေးထုတ်နိုင်ခဲ့သူပီပီ၊ သတင်းသိဖြင့် အမှန်သိ၊ အမှန်မြင်နိုင်ကြလေသည်။ အဆိုပါစာအုပ်သည် စာရေးသူ၏သတင်းသမား၊ သတင်းစာဆရာဘဝတွင်ဖြတ်သန်းခဲ့သည့်သက် နှစ်ခြောက်ဆယ်ပြည့်အမှတ်တရအဖြစ် ရေးသားထားသောစာအုပ်ဖြစ်သည်။

**စာအုပ်ကို – မိုးကျော်စာပေ၊ အမှတ်(၃၈၅/၃၈၇)၊ ရွှေဘုံသာလမ်း၊ ၂၉–လမ်းကြား၊ ဗိုလ်ချုပ်လမ်း၊ ရန်ကုန်မြို့ ဖုန်–၀၉ ၇၃၀၂၉၅၉၁ နှင့် ၀၉ ၇၃၂၄၅၂၅၇ တို့မှ တန်ဖိုးငွေကျပ် ၃၅၀၀ ဖြင့် ဖြန့်ချိသည်။**

## ဓာတုကင်းလွတ် အော်ဂဲနစ်ဥယျာဉ်ခြံ သီးနှံစိုက်ပျိုးရေး



လက်တွေ့အသုံးချစိုက်ပျိုးရေး နေရောင်(စိုက်ပျိုးရေးတက္ကသိုလ်) စီစဉ်ရေးသားသည့် ဓာတုကင်းလွတ် အော်ဂဲနစ်ဥယျာဉ်ခြံသီးနှံစိုက်ပျိုးရေးစာအုပ်ထွက်ရှိလသည်။

စိုက်ပျိုးရလွယ်ခြင်း၊ ဒေသနှင့်ကိုက်ညီခြင်း၊ မျိုးပွားရလွယ်ကူခြင်း၊ ပြည်ပမှကြိုက်နှစ်သက်သည့် အော်ဂဲနစ်သီးနှံများစိုက်ပျိုးခြင်း စသည့်အချက်များနှင့် ပြည့်စုံသော သီးနှံများကို ရွေးချယ်၍စိုက်ပျိုးသင့်သည်။ အိမ်နီးချင်း ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့သည် အဆိုပါအချက်များနှင့် ကိုက်ညီသော ဟင်းသီးဟင်းရွက်များကို စိုက်ပျိုး၍ ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချခဲ့ရာ နှစ်စဉ်ဝင်ငွေများစွာရရှိသည်။ ထိုသို့စိုက်ပျိုးခြင်းဖြင့် အလုပ်အကိုင်များရရှိစေခြင်း၊ အစားအစာဖူလုံမှုရရှိစေခြင်း၊ ဆင်းရဲနွမ်းပါးမှုလျော့ကျစေခြင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးစေခြင်း၊ နိုင်ငံတော်အတွက် GDP တိုးမြင့်စေခြင်း စသည့်အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်သည်။

**စာအုပ်ကို – Dr. အောင်ကျော်မင်း၊ စရဏကုမ္ပဏီလီမိတက် ဖုန်း–၀၉ ၂၅၂၆၁၉၁၉၈ နှင့် ၀၉ ၉၆၅၁၂၃၂၄၉ တို့မှ တန်ဖိုးငွေကျပ် ၅၀၀၀ ဖြင့် ဖြန့်ချိသည်။**

## ဖြည်းဖြည်းလာပါ... အို...ဇရာ




အသက်အရွယ်ကြီးရင့်လာသည်ကို သိရှိနိုင်စေရန် စာရေးသူဟိန်းလတ် စီစဉ်ရေးသားသည့် ဖြည်းဖြည်းလာပါ. . . အို. . . ဇရာ စာအုပ် ထွက်ရှိလာသည်။

လူအိုဆိုတာ လူပိုတွေပါပဲ၊ အိုမင်းမစွမ်းဘူးဆိုသည့် စကားအစား အသက်ကြီးတာ ရွှေပဲဆိုသည့်အယူအဆ၊ တန်ဖိုးကြီးလို့ အဖိုးကြီးလို့ခေါ်သည်ဆိုသည့် အယူအဆကို ပြောဆိုလိုသောကြောင့် လူကြီးသူမတွေကို ငယ်ငယ်ကတည်းက ဆုံးမသွန်သင်ခဲ့ကြသည့် ဂုဏဝုဒ္ဓိ ဝယဝုဒ္ဓိ မိမိထက် တစ်နေ့တစ်ရက် တစ်မနက်ကြီးသူကို ရိုသေလေးစားရမည်ဆိုသည့် မင်္ဂလာဒသနကို ယနေ့ခေတ်လူငယ်များအား လက်ဆင့်ကမ်းပေးခြင်းဖြစ်သည်။ အိုမင်းခြင်းကို တတ်နိုင်သမျှတားဆီးနိုင်သည့် နောက်ဆုံးပေါ် သိပ္ပံနည်းများ၊ စိတ်ပညာလေ့လာတွေ့ရှိချက် အသစ်များ၊ ဘာသာရေးအဆုံးအမများနှင့် ကမ္ဘာပေါ်ရှိ အသက်အရှည်ဆုံးလူသားများ၏ နေနည်း၊ စားနည်း၊ ဘဝကို လက်ခံကျင့်သုံးနည်းများကို ရေးသားထားသည်။

**စာအုပ်ကို – မရွှိမစာပေ၊ အမှတ်–၂၃၇၊ ပထမထပ်၊ ၃၉–လမ်း(အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကန်မြို့ ဖုန်း–၀၉ ၇၇၃၇၇၄၇၃၃ နှင့် ၀၁ ၈၃၉၂၈၃၅ တို့မှ တန်ဖိုးငွေကျပ် ၂၅၀၀ ဖြင့် ဖြန့်ချိသည်။**

## အနောက်မြောက်မြို့တော် မုံရွာမှသည် ရနောင်းဆီသို့



ကိုသော် (ရွှေမှော်မြေ) စီစဉ်ရေးသားသည့် အနောက်မြောက်မြို့တော် မုံရွာမှသည် ရနောင်းဆီသို့စာအုပ် ထွက်ရှိလာသည်။

ခရီးထွက်သည်ဆိုရာတွင် အကြောင်းသုံးပါးတိုက်ဆိုင်မှသာ အထမြောက်အောင်မြင်နိုင်မည်ဖြစ်သည်။ ခရီးသွားရာတွင် ကျန်းမာရေးကောင်းမွန်ရမည်၊ ခရီးထွက်ရန်အချိန် လုံလောက်မှုရှိရမည်၊ ခရီးစရိတ် အလုံအလောက်ပါရှိရမည်ဖြစ်သည်။ ယင်းတို့အနက် ပထမဦးဆုံး အချက်ဖြစ်သည့် ကျန်းမာရေးသည် အဓိကအကျဆုံးဖြစ်သည်။ ငွေကြေးမည်မျှပင်ချမ်းသာချမ်းသာ အချိန်ပိုတွေ ဘယ်လောက်ပင်ရှိရှိ ကျန်းမာရေးမကောင်းလျှင်(သို့မဟုတ်) ကျန်းမာရေးမကောင်းတော့သည့် အရွယ်သို့ရောက်ခဲ့လျှင် စိတ်ထဲတွင်သာပြီးဆုံးသွားမည်ဖြစ်သည်။ သို့ဖြစ်၍အခြေအနေပေးတိုင်း ခရီးထွက်ရခြင်းဖြစ်သည်။ ထို့ကြောင့် ကျန်းမာရေးကောင်းတုန်း၊ အသက်အရွယ်ငယ်တုန်း အချိန်နှင့်ငွေကို ဖန်တီးပြီးခရီးထွက်သင့်ကြောင်း အဆိုပါစာအုပ်တွင် ရေးသားထားသည်။

**စာအုပ်ကို – ရွှေထက်မီဒီယာ၊ အမှတ်–၁၆၈–ဗ၊ ဒုတိယထပ်၊ ၄–လမ်း၊ စံပြရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း–၀၉ ၄၂၀၁၁၂၅၄ နှင့် ၀၉ ၉၆၄၂၀၁၁၂ တို့မှ တန်ဖိုးငွေကျပ် ၃၀၀၀ ဖြင့် ဖြန့်ချိသည်။**

Times City

Times City ၏

Jewellery Mall နှင့် Times Mall ရှိရုံးခန်း၊ ဆိုင်ခန်းများငှားရမ်းမိတ်ဆက်ပွဲအား ၂၀၁၉ ခုနှစ် ဇန်နဝါရီလ (၁၂) ရက် နှင့် (၁၃) ရက် တို့တွင် စည်ကားသိုက်မြိုက် အောင်မြင်စွာ ကျင်းပဆောင်ရွက်ခဲ့ပြီး ဖြစ်ပါသည်။

ထပ်မံ၍ငှားရမ်းလိုသော မိတ်ဆွေများအတွက် နေ့စဉ် နံနက် ၉း၀၀ နာရီ မှ ညနေ ၅း၀၀ နာရီအထိ **Information Centre** အား ဖွင့်လှစ်ထားရှိသွားမည်ဖြစ်ပြီး မိတ်ဆွေများအနေဖြင့် သိရှိလိုသည့်အချက်များ၊ငှားရမ်းလိုသည့် ရုံးခန်း၊ဆိုင်ခန်းများအား ဆက်လက်ကြည့်ရှု စုံစမ်း မေးမြန်းနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

*Soft opening on 01 May 2019*

ဆက်သွယ်ရမည့်လိပ်စာ - Times City ၊ဟံသာဝတီလမ်းနှင့်ကျွန်းတောလမ်းထောင့်၊ ကမာရွတ်/စမ်းချောင်းမြို့နယ်၊ရန်ကုန်မြို့။

ဖုန်းနံပါတ်များ -09-765800800 , 09-764800800 , 09-5045777

Website - http://www.timescity.com.mm

Facebook - Times City Yangon - Myanmar

Email - timescityproject@gmail.com

## (၇၂)နှစ်မြောက် ပြည်ထောင်စုနေ့အကြို ပြပွဲ၊ ပြိုင်ပွဲကျင်းပ

**ပင်လောင်း**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လောင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ (၇၂) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်အကြို ဟောပြောပွဲကို အခြေခံပညာအလယ်တန်းကျောင်း (ထာငို) ၌ ဇန်နဝါရီ ၂၁ ရက် နံနက် ၉ နာရီက ကျင်းပသည်။

အလက ထာငိုကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မိုးထွန်းက အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းလင်းက ပြည်ထောင်စုနေ့ ဖြစ်ပေါ်လာပုံအကြောင်းနှင့် စာကြည့်တိုက်လက်ထောက်-၃ ဦးဇော်နိုင်လင်းက အနာဂတ်လူငယ်နှင့် စာဖတ်ခြင်းဖြင့် ရရှိလာသည့်အကျိုးကျေးဇူးများကို ဟောပြောခဲ့ကြသည်။

**မြို့နယ် (ပြန်/ဆက်)**

**ခနုဖြူ**

ခနုဖြူမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင် ဇန်နဝါရီ ၂၂ ရက် နံနက် ၁၁ နာရီက (၇၂) နှစ်မြောက် ပြည်ထောင်စုနေ့အကြို အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲကို ကျင်းပသည်။

စာစီစာကုံးပြိုင်ပွဲသို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူ ၂၅ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**အောင်သူဟိဏ်း(ခနုဖြူ)**

**တောင်ငူ**

(၇၂) နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုသောအားဖြင့် ပင်လုံမှသည် ထာဝရငြိမ်းချမ်းရေးဆီသို့ ခေါင်းစဉ်ဖြင့် အလယ်တန်းအဆင့် ကျပန်းစကားပြောပြိုင်ပွဲနှင့် KG အဆင့် စိတ်ကြိုက်ပုံ ပြောပြိုင်ပွဲကို ဇန်နဝါရီ ၂၂ ရက် နံနက်ပိုင်းက တောင်ငူခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ အလယ်တန်းအဆင့် ကျပန်းစကားပြောပြိုင်ပွဲဝင် ၁၀ ဦး၊ KG အဆင့် ပုံပြင်ပြောပြိုင်ပွဲဝင် ၁၂ ဦးတို့က တစ်ဦးချင်းလည်းကောင်း၊ အဖွဲ့လိုက်လည်းကောင်း ယှဉ်ပြိုင်ခဲ့ကြပြီး ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**



ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ် နှောကုန်းကျေးရွာ သုခရိပ်ငြိမ်ဓမ္မာရုံတွင် ဇန်နဝါရီ ၂၀ ရက် မွန်းလွဲ ၁ နာရီခွဲ က သက်ငယ်မုဒိမ်းမှုနှင့် မူးယစ်ဆေးဝါး အန္တရာယ်မှကင်းဝေးစေရေး အသိပညာပေးမှုကို ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူးဒု-ရဲမှူးကျော်စွာ ဟောပြောစဉ်။ **ဟန်စိုး**

## တရားလွှတ်တော်ရှေ့နေများကောင်စီ အစည်းအဝေးကျင်းပ



**နေပြည်တော် ဇန်နဝါရီ ၂၃**

တရားလွှတ်တော်ရှေ့နေများကောင်စီ အစည်းအဝေးအမှတ်စဉ် (၁/၂၀၁၉) ကို ဇန်နဝါရီ ၂၁ ရက် နံနက် ၁၀ နာရီက ပြည်ထောင်စုရှေ့နေချုပ်ရုံးရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် တရားလွှတ်တော်ရှေ့နေများကောင်စီဥက္ကဋ္ဌ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးက ယနေ့အစည်းအဝေးတွင် အဖွဲ့ဝင်များ စုံညီစွာတက်ရောက်နိုင်သည့်အတွက် ဝမ်းမြောက်ပါကြောင်း၊ တရားလွှတ်တော်ရှေ့နေများ ကောင်စီအနေဖြင့် တရားလွှတ်တော်ရှေ့နေများ၏ ဝင်ခွင့်လျှောက်ထားမှုများကို စိစစ်ထောက်ခံခြင်းနှင့် တရားလွှတ်တော် ရှေ့နေများ၏ ကျင့်ဝတ်သိက္ခာ၊ တာဝန်၊ အခွင့်အရေးများနှင့်စပ်လျဉ်း၍ ပြည်ထောင်စု တရားလွှတ်တော်ချုပ်သို့ သဘောထားပေးခြင်းတို့ကို အဓိကဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခု အစည်းအဝေးတွင် တရားလွှတ်တော်ရှေ့နေဝင်ခွင့် လျှောက်ထားသူ ဦးရေ ၆၆၁ ဦးကို စိစစ်အတည်ပြုနိုင်ခဲ့ပါကြောင်း၊ သေဒဏ်ထိုက်သည့်ပြစ်မှုဖြင့် စွပ်စွဲခံရသူ ဆင်းရဲနွမ်းပါးသော တရားခံများအတွက် နိုင်ငံတော်စရိတ်ဖြင့် ရှေ့နေငှားရမ်းပေးလျက်ရှိရာ ၁-၉-၂၀၁၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအရ ရှေ့နေခကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် ပထမ နေ့ကျပ် ၆၀၀၀ နှင့် အခြားရက် ၅၀၀၀ ကျပ်၊ အခြားတရားရုံးများတွင် ပထမနေ့ ၅၀၀၀ ကျပ်နှင့် အခြားရက် ကျပ် ၄၀၀၀ အသီးသီး တိုးမြှင့်ခွင့်ပြုခဲ့ပါကြောင်း၊ တရားလွှတ်တော်ရှေ့နေများကောင်စီအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်တွင် ဆွေးနွေးအတည်ပြုပြီးဖြစ်၍ ယခုအခါ ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးအတည်ပြုရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆိုပါပြင်ဆင်သည့်ဥပဒေကို ပြဋ္ဌာန်းပြီးပါက တရားလွှတ်တော်ရှေ့နေများကောင်စီကို အဖွဲ့ဝင် ၁၅ ဦးဖြင့် တိုးချဲ့ဖွဲ့စည်းနိုင်မည်ဖြစ်ပြီး သတ်မှတ်ချက်နှင့်အညီ ရွေးကောက်တင်မြှောက်ခံရသည့် တရားလွှတ်တော်ရှေ့နေ ၁၁ ဦးအထိ ပါဝင်မည်ဖြစ်ပါကြောင်း၊ တရားလွှတ်တော်ရှေ့နေများ၏ အရည်အချင်းနှင့် ကျင့်ဝတ်သိက္ခာ မြင့်မားရေးတို့ကို တန်ဖိုးထား၍ အများပြည်သူအတွက် တရားမျှတမှုရရှိရေးကို အလေးထားဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားခဲ့ကြောင်းသိရသည်။

**သတင်းစဉ်**



ဗြိတိန်ရဲ့ ကျော်ကြားတဲ့မင်းသမီး အမ်မာစတုန်း ပြီးခဲ့တဲ့ တနင်္ဂနွေနေ့ က ကယ်လီဖိုးနီးယားမှာ ကျင်းပခဲ့တဲ့ "Producers Guild Awards" ဆုပေးပွဲရဲ့ ကော်ဇောနီပေါ် လျှောက်လှမ်းစဉ်။

## ယိုချန်း၏ တေးအယ်လ်ဘမ်သစ် ထုတ်လွှင့်မည်



ကေပေါ့ပ်ကြယ်ပွင့် ယိုချန်းဟာ လတ်တလောမှာတော့ တေးအယ်လ်ဘမ်သစ်အတွက် ပြင်ဆင်နေပါတယ်။ သူ့ရဲ့တစ်ကိုယ်တော် တေးအယ်လ်ဘမ်ကို ထုတ်လွှင့်သွားမှာဖြစ်ပေမယ့် ဒီတေးအယ်လ်ဘမ်အတွက် ပရိုမိုးရှင်းလုပ်ငန်းတွေကိုတော့ လုပ်ဆောင်သွားမှာ မဟုတ်ကြောင်း အေဂျင်စီကနေတစ်ဆင့် ထုတ်ဖော်အသိပေးလာတာ ဖြစ်တယ်လို့ စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ယိုချန်းရဲ့ တေးအယ်လ်ဘမ်သစ်ကိုတော့ လာမယ့် မတ်လ ၂ ရက်မှာ ထုတ်လွှင့်သွားမှာဖြစ်ပြီး ဒီတေးအယ်လ်ဘမ်သစ်ဟာ ၂၀၁၆ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ်ထုတ်လွှင့်ခဲ့တဲ့ သူ့ရဲ့တေးအယ်လ်ဘမ်လည်း ဖြစ်လာမှာဖြစ်ကြောင်း သိရပါတယ်။

**အေးပြည့် - စုစည်းသည်**







စည်းကမ်းချက်များနှင့် သတ်မှတ်ချက်များ ရှိသည်။ ကြော်ငြာထားသည့် လေယာဉ်နှုန်းများထဲတွင် အခွန်များ နှင့် အခိုတောင်းခံမှုများ ပါဝင်ပြီး ဖြစ်သည်။ ၂၀၁၉ ဧက်တင်ဘာ ၃၀ ရက် မတိုင်မီ ပြည်ပ ခရီးထွက်ရန် ၂၀၁၉ ဇန်နဝါရီ ၂၈ ရက် မတိုင်မီ မှာယူခဲ့သည့် လက်မှတ်များ အတွက် ချိုသာသော ဈေးနှုန်းများ ရှိမည်။

## NEW MOTION TRAVELS & TOURS

| | | | |
|---|---|---|---|
| ပုဂံ ခရီးစဉ် | - Feb 8, 28, Mar 22 | ချောင်းသာနှင့်ငပလီ ခရီးစဉ် | - Feb 8, 28, Mar 22 |
| မန္တလေး ခရီးစဉ် | - Feb 8, 28, Mar 22 | ထားဝယ် ခရီးစဉ် | - Feb 8, 28, Mar 22 |
| မဲဆောက် ခရီးစဉ် | - Feb 8, 28, Mar 22 | မြစ်ကြီးနား ခရီးစဉ် | - Feb 8, 28, Mar 22 |
| လွိုင်ကော် ခရီးစဉ် | - Feb 8, 28, Mar 22 | မြိတ်ကျွန်းစု ခရီးစဉ် | - Feb 8, Mar 1, 22 |
| တောင်ကြီး ခရီးစဉ် | - Feb 8, 28, Mar 22 | ကော့သောင်း ခရီးစဉ် | - Feb 8, Mar 1, 22 |

အလောင်းတော်ကဿပ ခရီးစဉ် - Feb 8,28, Mar 22

အနားယူ အပန်းဖြေခြင်းသည် အနာဂတ်အတွက် အင်အားဖြစ်စေပါသည်။

အမှတ်-16၊ ကျွန်းတောလမ်း၊ စမ်းချောင်း။ Ph; 09 731 489 22, 09 260 792 878, 01 527 922, 01 538 811.

## K & H Travels

K&H TRAVELS

**ဇန်နဝါရီလ ခရီးစဉ်များ**
* ၃၀ ထွက် ချင်းမိုင်ပန်းပွဲတော် ခရီးစဉ်(၅ယောက်လို)

**ဖေဖော်ဝါရီလ ခရီးစဉ်များ**
* ၇ ထွက် ဘူတန်ခရီးစဉ် (၄)ယောက်လို
* ၂၂ ထွက် ဗီယက်နမ်အလယ်ပိုင်းခရီးစဉ် (၈)ယောက်လို
* ၂၃ ထွက် ကမ္ဘောဒီးယားခရီးစဉ်
* ၂၃ ထွက် အယုဒ္ဓယ-ကမ္ဘောဒီးယားခရီးစဉ်

**မတ်လ ခရီးစဉ်များ**
* ၁၈ နှင့် ၂၂ ထွက် ဗုဒ္ဓဂယာ ခရီးစဉ်များ
* ၂၁ ထွက် ဘူတန် ခရီးစဉ်
* ၂၃ ထွက် ဗီယက်နမ်အလယ်ပိုင်းခရီးစဉ် (၆)ယောက်လို
* ၂၄ ထွက် ဗီယက်နမ်မြောက်-အလယ်ပိုင်းခရီးစဉ် (၈)ယောက်လို
* ၂၄ ထွက် ဟောင်ကောင်ခရီးစဉ်
* ၂၄ ထွက် အယုဒ္ဓယ-ကမ္ဘောဒီးယားခရီးစဉ်
* ၂၄ ထွက် ဂျပန်ခရီးစဉ်

09- 447016883 ၁၃၂/ဘီ၊ တာဂရာလမ်း၊ စမ်းချောင်း။

KN tech Engineering Group
Air-Con ဆိုင်သေတ္တာအတတ်ရှိသော ကျွမ်းကျင်သူများကိုအာမခံဖြင့်ပြုပြင်တပ်ဆင်ပေးပါသည်။ လိုလုပ်ဆောင်ကြွခြင်းကိုစီမံဆောင်ရွက်ဝန်ဆောင်မှုပေးနေပါသည်။
Ph: 09-400788135
09-762276128

စာကိုလည်းသင် ၊ စိတ်ကိုလည်းဖြစ်ပေးပါတယ်...
**ဒေါက်တာဇော်ဦး**
PhD (Chem), DFT (YU)
၉ ၊ ၁၀ တန်း သင်/ကျက်/စစ် (၁၅ ဦးပိုင်း)
* ဒေါက်တာဇော်ဦးမှ ဦးဆောင်၍ (သင်/ကျက်/စစ်) ဆောင်ရွက်ပေးမည်။
* ၂၀၁၉ - ၂၀၂၀ ပညာသင်နှစ် အတွက် ကြိုအပ်လက်ခံပြီ။
* ၂၀၁၉ မတ်လ (၇) ရက်နေ့ စတင်မည်။
တိုက်(၆)၊ အခန်း (၂၅)၊ လှိုင်ရထားဘူတာအိမ်ရာ၊ (၉) ရပ်ကွက်၊ လှိုင်၊ 09-252210320

REAL
ဒဂုံဆိပ်ကမ်း၊ တောင်ပိုင်း မြောက်ပိုင်း၊ အရှေ့ပိုင်း မြေကွက်များဝယ်လိုသည်။
09-441 320 878
09-795 712 567

နိုင်ငံခြားသားများ နေထိုင်ရန်အတွက် တိုက်ခန်းနှင့် Cando များငှားလိုပါသည်။ စမ်းချောင်း၊ မြို့တွင်း၊ ရန်ကင်းနှင့်ဗဟန်းမြို့နယ် သီးသန့်သာငှားလိုပါသည်။
09 252922207

"ဖြိုးသစ္စာ"
ဒဂုံမြို့သစ် တောင်ပိုင်း၊ မြောက်ပိုင်း ဆိပ်ကမ်း၊ အရှေ့ပိုင်းရွှေပေါက်ကံ မြေကွက်များ ဝယ်လိုပါသည်။
09-448123778
09-420211264
09-420298279

ဆရာကျော် "ဝါရင့်ကျွမ်းကျင်ယာဉ်မောင်း"
ကားတစ်စီးအားယုံကြည်စိတ်ချစွာ မောင်းနှင်နိုင်ရန် သင်ကြားပေးသည်။ လိုင်စင်ကိစ္စဆောင်ရွက်ပေးမည်။
Ph:09-512-1284, 09-420-707802,09-250-066210

**ဆံပင်ညှပ်ဆိုင်သစ်နှင့်အလှပြင်ဆိုင်သစ်**
ဖွင့်မည့်သူအတွက် ဆိုင်သုံးပစ္စည်းကောင်းများအားလုံးကို လက်ရှိပေါက်ဈေး၏ တစ်ဝက်ဈေးဖြင့် ဆိုင်ပိတ်တော့မည် ဖြစ်ပါသောကြောင့် ကြော်ငြာပါသည့်နေ့မှ စတင်ဝယ်ယူနိုင်ပါသည်။
**အသေးစိတ်သိရှိရန် ဖုန်း-၀၉-၇၈၁၆၀၁၅၀၀၊ ၀၉-၇၇၇၂၃၅၀၅၀**

ကျောက်ကပ်ရောဂါဝေဒနာရှင်များအတွက်
AVA COURT HEALTHCARE မှကြီးမှူးကျင်းပသော India နိုင်ငံရှိ Fortis ဆေးရုံကြီး၏ ကျန်းမာရေးဟောပြောပွဲအခမ်းအနား

AVA COURT HEALTHCARE



**DR.RAJEEV SOOD**
(ကျောက်ကပ်နှင့်ဆီးလမ်းကြောင်းခွဲစိတ်အထူးကုဆရာဝန်ကြီး)

Fortis

| ရန်ကုန်မြို့ | မန္တလေးမြို့ |
|---|---|
| Grand Hantha International Hospital | Fortis Rep Office, Mandalay |
| နေ့ရက် - ၂၀၁၉ခုနှစ်၊ ဇန်နဝါရီလ(၂၆)ရက် ( စနေနေ့ ) | - ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ(၂၇)ရက် ( တနင်္ဂနွေနေ့ ) |
| အချိန် - နံနက်(၁၀)နာရီ မှ မွန်းတည့်(၁၂)နာရီထိ | - နံနက်(၁၀)နာရီ မှ မွန်းတည့်(၁၂)နာရီထိ |
| နေရာ - ဂရန်း(ဒ်)ဟံသာအင်တာနေရှင်နယ်ဆေးရုံ အမှတ်(၃)၊ နာနတ်တောလမ်းနှင့် ကမ်းနားလမ်းထောင့်၊ ကမာရွတ်မြို့နယ်။ | - အမှတ် A1၊ ၅၈လမ်းနှင့်၅၉လမ်းကြား လမ်း(၃၀)၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့ ။ |

စိတ်ပါဝင်စားသူမည်သူမဆို လာရောက်နားထောင်ဆွေးနွေးနိုင်ပါကြောင်း လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ရန်ကုန်ရုံး
အမှတ်(၅၉)၊ ပန်းလှိုင်လမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့ ။ ဖုန်း- ၀၉ ၄၅၃၉ ၅၅၅ ၀၁၊ ၀၉ ၄၅၃၉ ၅၅၅ ၀၂
မန္တလေးရုံး
အမှတ် A1၊ ၅၈လမ်းနှင့်၅၉လမ်းကြား၊ လမ်း(၃၀)၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့ ။ ဖုန်း - ၀၉ ၇၈၇၇၇၄၉၀၀။

# ဘွဲ့ရအမျိုးသမီး ဗိုလ်လောင်းများအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ **(အပျို)** ဖြစ်ရမည်။

(ခ) အနည်းဆုံး အရပ် (၅)ပေ(၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ ပေါင်(၁၃၀)ထက် မကျော်ရ။

(ဂ) မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ။

(ဃ) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည်။

(င) မဟာဘွဲ့တက်ရောက်ရန် အဆင့်မီသူ ဦးစားပေးမည်။ မဟာဘွဲ့ရရှိပြီးသူ၊ ပါရဂူဘွဲ့ရရှိပြီး သူများလည်း လျှောက်ထားနိုင်သည်။

(စ) ဘွဲ့လက်မှတ်**(မူရင်း)**နှင့် ဘွဲ့ရအမှတ်စာရင်း တင်ပြနိုင်ရမည်။

(ဆ) **၂၀၁၉ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့**တွင် အသက် ၂၅ နှစ်ထက် မကျော်လွန်စေရ။ မဟာဘွဲ့ရရှိပြီးသူများ အနေဖြင့် ၂၇ နှစ် အထိလည်းကောင်း၊ ပါရဂူဘွဲ့ရရှိပြီးသူများအနေဖြင့် ၃၀ နှစ် အထိလည်းကောင်း လျှောက်ထား နိုင်သည်။

(ဇ) ဗိုလ်လောင်းသင်တန်း တက်ရောက်အောင်မြင်ပြီးပါက ဒုတိယဗိုလ်အဆင့် စတင်ခန့်အပ်ခြင်းခံရမည်။ မဟာဘွဲ့ ရရှိပြီးသူ၊ ပါရဂူဘွဲ့ရရှိပြီးသူများသည် ဗိုလ်အဆင့် စတင်ခန့်အပ်ခြင်းခံရမည်။

(ဈ) တပ်မတော်မှ လေ့ကျင့်သင်ကြားမှု စနစ်အတိုင်း လိုက်နာဆောင်ရွက်နိုင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **အခမဲ့** ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်၊ တိုင်းဒေသကြီး၊ မြို့နယ်ရဲတပ်ဖွဲ့ စခန်း တစ်ခုခုမှ ထောက်ခံစာ**(မူရင်း)**၊ ပတ်စ်ပို့အရွယ် ဓာတ်ပုံ ၃ ပုံနှင့် တပ်မတော်ဆေးရုံ/ပြည်သူ့ဆေးရုံတို့မှ ပဏာမဆေးစစ်အောင်မြင်ကြောင်း ထောက်ခံချက် ပူးတွဲတင်ပြရမည်။

၄။ အစိုးရဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်ပါရှိရမည်။

၅။ လျှောက်လွှာများကို ၂၀၁၉ခုနှစ်၊ **ဇန်နဝါရီလ ၂၃ ရက်နေ့**တွင် စတင်ထုတ်ပေးမည်ဖြစ်ပြီး **ဖေဖော်ဝါရီလ ၂၁ ရက်နေ့** နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူရရှိသော တိုင်းစစ်ဌာနချုပ်မှတစ်ဆင့် အချိန်မီပေးပို့ကြရမည်။

၆။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၇။ သတ်မှတ်ထားသည့် အချက်အလက်များ တိကျပြည့်စုံစွာ ရေးသားဖော်ပြခြင်းမရှိသော လျှောက်လွှာများ၊ မမှန်မကန် ဖြည့်စွက်ရေးသားဖော်ပြသော လျှောက်လွှာများနှင့် အချိန်မီ မရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။ မိမိတို့လျှောက်လွှာတင်သွင်းသည့် တိုင်းစစ်ဌာနချုပ်တွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက် စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**




စေတနာကောင်းမှ ပညာရေးကောင်းမည်

**မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်း**

ပရဟိတပါသောစီးပွားရေးလုပ်ငန်း "**Social Business**" အဖြစ် ရည်ရွယ်လုပ်ကိုင်ခြင်းကြောင့် ကျူရှင်လောက်ပင် ဈေးမကြီးသော ကျောင်းလခဖြင့် အကောင်းဆုံးပညာရေးဝန်ဆောင်မှုများကို နိုင်ငံကျော် ဆရာ ဆရာမကြီးများက ဂုဏ်ယူစွာသင်ကြားပေးသည်။

| အတန်း | ကျောင်းချိန် | ကျောင်းလခ | ဝင်ကြေး |
|---|---|---|---|
| KG | ညနေ ၁၂း၁၅ မှ ၅း၁၅ နာရီ | ၄၅,၀၀၀ | ၄၀၀၀၀ |
| ၁-တန်း | ။ | ၄၅,၀၀၀ | ၄၀၀၀၀ |
| ၂-တန်း | ။ | ၄၅,၀၀၀ | ၄၀၀၀၀ |
| ၃-တန်း | ။ | ၅၀,၀၀၀ | ၃၀၀၀၀ |
| ၄-တန်း | ။ | ၅၀,၀၀၀ | ၃၀၀၀၀ |
| ၅-တန်း | ။ | ၅၀,၀၀၀ | ၃၀၀၀၀ |
| ၆-တန်း | ။ | ၅၀,၀၀၀ | ၃၀၀၀၀ |
| ၇-တန်း | နံနက် ၇း၀၀ နာရီမှ ၁၂း၀၀ နာရီ | ၅၀,၀၀၀ | ၃၀၀၀၀ |
| ၈-တန်း | ။ | ၅၅,၀၀၀ | ၄၀၀၀၀ |
| ၉-တန်း | ။ | ၆၀,၀၀၀ | ၄၀၀၀၀ |
| ၁၀-တန်း | ။ | ၇၀,၀၀၀ | ၄၀၀၀၀ |

(ကျောင်းပြောင်းလက်မှတ်ကို ဖွင့်လှ မှပေးပါ)

ရန်ကုန်မြို့အနှံ့ ကျောင်းကားရှိသည်

စာရိတ္တ၊ စည်းကမ်း၊ ပညာ တွင် စံပြ

**ဂုဏ်ထူး ဦးအောင်ခိုင် (အင်္ဂလိပ်စာ)**

**သမိုင်းတံခွန် ဦးထွန်းနွယ်**

ဦးစီးတည်ထောင်သော

# ပညာနန်းတော်

**အ.ထ.က**

**ကိုယ်ပိုင်အထက်တန်းကျောင်း အထူးအဆင့်မြင့်ဘော်ဒါ**

**ဘော်ဒါ ၈တန်း၊ ၉တန်း၊ ၁၀တန်း**

အတန်းငယ်များကို ဘော်ဒါလက်မခံပါ။

(ဓာတ်ဓာတ်အပ်နှံမှသာ နေရာအတွက် စိတ်ချရပါမည်။)

**ကျောင်းအပ်လက်ခံနေပါပြီ**

**အကောင်းဆုံးပညာ အကောင်းဆုံးနေရာ အကောင်းဆုံးဘော်ဒါ**

**အကျင့်စာရိတ္တမဏ္ဍိုင် ကြံခိုင်ရေးသည် ပထမ** - ယနေ့ခေတ် လူငယ်များအတွက် အဓိက စိန်ခေါ်ချက်ဖြစ်သည်။ စာရိတ္တကောင်းမှ ပညာရေးကောင်းမည်၊ တည်ထောင်သူ ဆရာကြီးများသည် မိမိတို့ ကိုယ်တိုင်လည်း အကျင့်စာရိတ္တ မြင့်မားတည်ကြည်မှုကို တန်ဖိုးထားပြီး၊ တပည့်များကိုလည်း ကောင်းစွာ ဆုံးမလမ်းညွှန် လေ့ကျင့်ပေးပါသည်။

**ပညာရည် ထူးချွန်ထက်မြက်ရေးသည် အဓိက** - ပါမောက္ခကြီးများ၊ ရန်ကုန်မြို့တော်၏ နံပါတ်တစ်ကျူရှင်ဆရာကြီးများဖြင့် အခိုင်အမာဖွဲ့စည်းထားသည့် အကောင်းဆုံးပညာရေး အင်အားစုကြီးဖြစ်သည်။ နေ့ကျောင်းကြီးနှင့်တကွ ကျူရှင်ချိန်များတွင်ပါ ဤဆရာကြီးများသာ သင်ကြားကြသည်။ နေ့စဉ် သင်ကြားရေး၊ လေ့ကျင့်ရေးနှင့် စစ်ဆေးရေးတို့ကို စည်းကမ်းတကျ စီမံချက်ချ၍ ဆောင်ရွက်သည်။ ထို့ကြောင့် နှစ်စဉ် အောင်ချက်ရာနှုန်းပြည့်နှင့် All-D များ၊ TOP TEN များ၊ ဂုဏ်ထူးရှင် များစွာထွက်ရှိခဲ့ပါသည်။

**နေထိုင်မှုစားသောက်မှု အဆင့်ရှိရေးသည် ပဓာန** - နေ့ကျောင်းကြီးနှင့် ဘော်ဒါဆောင်ကို မနီးမဝေးနေရာ၌ သီးခြားထားရှိသည်။ ဘော်ဒါဆောင်များကို သုဝဏ္ဏ၊ ဗိုလ်ချုပ်ရွာ VIP-1 ရပ်ကွက်တွင် ကျောင်းသူသီးသန့်၊ ကျောင်းသားသီးသန့်၊ ၈-၉ တန်းသီးသန့်၊ ၁၀ တန်းသီးသန့်၊ သီးခြားခြံဝင်းကျယ်၊ သီးခြား ၂ ထပ်တိုက်၊ သီးခြား စာသင်စာကျက်ခန်းမ၊ အခန်းတိုင်းမှာ အဲယားကွန်း၊ ၂၄ နာရီ လျှပ်စစ်မီး၊ အစီစီရေနှင့် အဆင့်မြင့်နေထိုင်မှုဖြစ်သည်။ အထူးသဖြင့် ကျောင်းသူဆောင်ကို ဆရာကြီးဦးထွန်းနွယ်၏ ဇနီး ဆရာမကြီးဒေါ်မြင့်မြင့်ကြည် (အ.ထ.က ပြ-ငြိမ်း)ကိုယ်တိုင် အတူနေထိုင်၍ အုပ်ချုပ်ပါသည်။ စားလို့မြိန်သော စေတနာကောင်းတဲ့ အိမ်ထမင်း၊ အိမ်ဟင်းကို သန့်သန့်ရှင်းရှင်း ချက်ပြုတ်ပြင်ဆင်ကျွေးမွေးပါသည်။

**ငွေရေးကြေးရေးသည် သာမည** - ဘော်ဒါချင်းယှဉ်လျှင် အကောင်းဆုံးဝန်ဆောင်မှု ဖြစ်စေရမည်ဟု အာမခံသည်။ ငွေကြေးကိုမူ အသက်သာဆုံးနှင့် အဆင်အပြေဆုံးဖြစ်စေရန် အထူးစီစဉ်ထားပါသည်။ (၄-ရစ်ခွဲ၍ ပေးသွင်းရပါမည်။)

pnndschool

ရုံးချုပ်-118 A/B ကျွန်းချောင်းမြိုင်လမ်း VIP-1 ရပ်ကွက်၊ ဗိုလ်ချုပ်ရွာ၊ သုဝဏ္ဏ၊ ရန်ကုန်။ Tel : 01-577 605, 09 782 216 338 နေ့ကျောင်းကြီး-အမှတ် (G1/B)၊ သံသုမာလမ်း၊ ပဒုမ္မာလမ်းသွယ်၊ ၂၄ ရပ်ကွက်၊ သုဝဏ္ဏ၊ ရန်ကုန်။




"ရွှေစည်"
အိမ်ပြောင်း၊ အိမ်ရွှေ့နှင့် ကုန်စည်ဝန်ဆောင်မှု
လုပ်သားပါ ညှိနှိုင်းဈေးဖြင့် ဝန်ဆောင်မှုပေးသည်။
09-73122029,09-795669534

**တက်နေဝန်း**
အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း
(10'/14')Box ကားများဖြင့်
လုပ်သားအပြီးအစီး
ဝန်ဆောင်မှုပေးသည်။
09-442076599
09-400448695
09-33100721

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး**

## ဦးဘတင်

### အသက် (၁၀၅) နှစ်

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၅)၊ စန္ဒာလမ်း၊ အမှတ်(၆၅/လ)၊ အေးချမ်းမြေတွင် နေထိုင်သော (ဦးလှအောင်-ဒေါ်ပုံ)တို့၏ချစ်လှစွာသောသား ဦးဘတင်သည် ၂၃-၁-၂၀၁၉ (ဗုဒ္ဓဟူးနေ့) ညနေ ၅း၂၅ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ မိသားစု**

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးဘတင်

### အသက် (၁၀၅) နှစ်

**(ပြင်ဦးလွင်မြို့)**

(ဦးလှအောင်-ဒေါ်ပုံ)တို့၏သား၊ (ဦးသိန်း-ဒေါ်ခင်ပု)၊ (ဒေါ်မြကြည်)၊ (ဒေါ်အေးရီ)၊ (ဦးသွင်)၊ (ဦးလှဖေ-ဒေါ်မြရီ)၊ (ဒေါ်မြမြစိန်)တို့၏မောင်၊ တူ/တူမ ၁၅ ယောက်တို့၏ ဦးလေးသည် ၂၃-၁-၂၀၁၉ (ဗုဒ္ဓဟူးနေ့) ညနေ ၅း၂၅ နာရီတွင် အမှတ်(၁) တပ်မတော်ဆေးရုံ (ခုတင်-၇၀၀)၊ ပြင်ဦးလွင်မြို့၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၁-၂၀၁၉ (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ပြင်ဦးလွင်မြို့၊ ရှစ်မိုင်ကုန်းသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေး ရပ်နီး ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

## ဘဒ္ဒန္တရေဝတမထေရ် (မြို့နယ်ဝိနည်းဓိုရ်)

### သိက္ခာတော် (၇၀)ဝါ၊ သက်တော် (၉၀)

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့နယ်၊ စော်ဝရွာ၊ သစ်ဆိမ့်ပင်ကျောင်း ပဓာနနာယကဆရာတော် ဘဒ္ဒန္တရေဝတမထေရ်သည် (၁၃၈၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၁ ရက်) ၂၁-၁-၂၀၁၉ (တနင်္လာနေ့) ည ၁၁း၃၈ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၈၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၁၀ ရက်) ၃၀-၁-၂၀၁၉ (ဗုဒ္ဓဟူးနေ့)တွင် အန္တိမ အဂ္ဂိဈာပနပူဇာသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေး ရပ်နီးမှ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

တပည့်သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမများ
စော်ဝရွာ၊ ထားဝယ်မြို့နယ်

---

# အထူးကျေးဇူးဥပကာရတင်ရှိခြင်း

ဇန်နဝါရီလ ၂၀ ရက်၊ ၂၀၁၉ ခုနှစ် (တနင်္ဂနွေနေ့) နံနက် ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ခရစ်တော်၌အိပ်ပျော်သွားပါသော ဗိုလ်မှူးချုပ် ဒီအိုအေဘဲလ်(ဝန်ကြီး-ငြိမ်း)၏ ကျန်းမာရေး အတွက် အစဉ်မပြတ်စောင့်ရှောက်ပေးခဲ့သော အမှတ်(၂)တပ်မတော်စစ်ဆေးရုံမှ တပ်မှူးဗိုလ်ချုပ်စိန်လင်းနှင့် အရာရှိ အရာခံ၊ တပ်မတော်သားများအားလည်းကောင်း၊ နာမကျန်းဖြစ်စဉ် ဝိုင်းဝန်းပြုစုစောင့်ရှောက်ပေးခဲ့ကြသော ရန်ကုန်ပြည်သူ့ဆေးရုံကြီး အရေးပေါ် ကုသဌာန၊ နှလုံးအထူးကုသကြပ်မတ်ဆောင်(CCU)နှင့် အထူးကြပ်မတ်ကုသဆောင်(ICU)မှ ပါမောက္ခ၊ ဌာနမှူးများ၊ ဆရာဝန်များ၊ သူနာပြုများနှင့် ဝန်ထမ်းများ၊ လွမ်းသူ့ပန်းခြင်း၊ ပန်းခွေများပေးပို့ကြပါသော ပြည်တွင်း ပြည်ပမှ ဆွေမျိုးမိတ်သင်္ဂဟများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ ကုမ္ပဏီများ၊ သတင်းစာများတွင် ဝမ်းနည်းကြေကွဲကြောင်း ထည့်သွင်းပေးကြသူများ၊ ကွယ်လွန်ခြင်းအတွက် သတင်းမေးမြန်းကြသော ရပ်နီးရပ်ဝေးမှ မိတ်သင်္ဂဟများ၊ လုပ်ဖော်ကိုင်ဖက်များအားလည်းကောင်း၊ ဇန်နဝါရီလ ၂၂ရက်၊ ၂၀၁၉ ခုနှစ် ဈာပနအခမ်းအနားတွင် မဏ္ဍာတရားတော်မြတ်အခမ်းအနား ပြုလုပ်ပေးကြသော ရန်ကုန်တိုင်းကက်သလစ်ဂိုဏ်းချုပ်ဆရာတော်ကြီး Cardinal Charles Maung Bo၊ ဆရာတော် John Saw Yaw Han၊ St.Francis of Assisi ကက်သလစ်ဘုရားကျောင်းမှ ကျောင်းထိုင်ဆရာတော် Jacob၊ ကြည့်မြင်တိုင်နှစ်ခြင်းအသင်းတော်မှ သိက္ခာတော်ရ ဆရာကြီး ဦးသာဒင်၊ ဓမ္မဆရာတော်များ၊ သီလရှင်များအားလည်းကောင်း၊ ဈာပနအခမ်းအနားအား လိုက်ပါပို့ဆောင်ပေးကြပါသော နိုင်ငံတော်အကြီးအကဲများ၊ မိတ်ဆွေသင်္ဂဟများ၊ ဆွေမျိုးသားချင်းများအားလည်းကောင်း၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြပါသော ဦးလှထွန်း(ကင်ဆာဖောင်ဒေးရှင်း)မှ ဥက္ကဋ္ဌနှင့် ဝန်ထမ်းများအားလုံး၊ တာမိုးညဲချမ်းသာကုမ္ပဏီများအုပ်စုမှ ဥက္ကဋ္ဌနှင့် ဝန်ထမ်းများအားလုံးအားလည်းကောင်း၊ Ooredoo Myanmar မှအကြီးအကဲနှင့် ဝန်ထမ်းများအားလည်းကောင်း၊ အထူးဒေ့ဝတ်ပြုပါသော ကိုကြီးနှင့် ကိုမင်းလှိုင်တို့အားလည်းကောင်း၊ ကျေးဇူးတင်ထိုက်သူများအားလုံးတို့အား အထူးပင်ကျေးဇူးဥပကာရတင်ရှိပါကြောင်းနှင့် တစ်ဦးချင်းစီအလိုက် ပြန်လည်၍ ကျေးဇူးတင်စကား မပြောကြားနိုင်ခြင်းအား နားလည်ခွင့်လွှတ်ပေးကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်ခင်နိုင်သော်(ခ)ဒေါ်တင်ညွန့်

**(အမက-၁၁၊ အင်းစိန်-ငြိမ်း)**

### အသက် (၇၅) နှစ်

နေပြည်တော်၊ သာဝတ္တိနေ (ဦးပေါ်တင်-ဒေါ်မမကြီး)တို့၏ သမီး၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၅)ရပ်ကွက်၊ ဓမ္မစေတီလမ်း၊ အမှတ်(၅၈၄)နေ ဦးကိုကိုထွန်း-ဒေါ်ခင်မိုးသူ၊ ဦးညီညီထွန်း-ဒေါ်နော်ဂျနီဖာ၊ ဦးစိုးနီထွန်း-ဒေါ်သန်းသန်းဇင်တို့၏ ကျေးဇူးရှင်မိခင်ကြီး၊ မြေး လေးယောက်တို့၏အဘွား၊ ဦးသိန်းထွန်း(စိုက်ပျိုးရေး-ငြိမ်း၊ DGM)၏ ချစ်လှစွာသောဇနီးသည် ၂၃-၁-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၉း၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၁-၂၀၁၉ (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၉-၁-၂၀၁၉ (အင်္ဂါနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးလှဒင် (ပုလောမြို့)

### အသက် (၈၁) နှစ်

တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့၊ (၃)ရပ်ကွက်၊ ကမ်းနားလမ်းနေ (ဦးလှဝင်း-ဒေါ်ကြည်ရွှေ)တို့၏ သား၊ (ဦးအုန်းကြွယ်-ဒေါ်သိန်းလှ)တို့၏ သားသမက်၊ ဒေါ်သန်းနွဲ့၏ ခင်ပွန်း၊ ဦးဌေးဝင်း-ဒေါ်ဝင်းဝင်းဌေး၊ ဦးဝင်းဗိုလ်-ဒေါ်မြမြစိုး၊ ဦးတင်စိုး-ဒေါ်တင်တင်သန့်၊ မမြမြပို၊ မညိုညိုတင်၊ ကိုသန်းထိုက်စိုး-မသီသီခိုင်၊ (မနီနီစန်း)တို့၏ဖခင်၊ မြေး ၁၅ ယောက်တို့၏ ဘိုးဘိုးကြီးသည် ၂၃-၁-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၂း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၁-၂၀၁၉ (သောကြာနေ့) မွန်းတည့် ၁၂ နာရီတွင် နေအိမ်မှ ပုလောမြို့သုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

---

**ပုလောမြို့နယ်အသင်း(ရန်ကုန်)**

## ဦးလှဒင်(ပုလောမြို့)

**အသင်းဝင်အမှတ်(၂၉၂၇)**

### အသက် (၈၁) နှစ်

တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့၊ (၃)ရပ်ကွက်၊ ကမ်းနားလမ်းနေ ဒေါ်သန်းနွဲ့၏ခင်ပွန်း၊ ဦးဌေးဝင်း-ဒေါ်ဝင်းဝင်းဌေး (အမှုဆောင်၊ ပုလောမြို့နယ်အသင်း၊ ပုလောအဝေးရောက် အမှုဆောင်အဖွဲ့)၊ ဦးတင်စိုး(တွဲဖက်အတွင်းရေးမှူး၊ ပုလောမြို့နယ်အသင်း၊ ပုလောအဝေးရောက် အမှုဆောင်အဖွဲ့)-ဒေါ်တင်တင်သန့်တို့၏ဖခင်သည် ၂၃-၁-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၂း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၁-၂၀၁၉(သောကြာနေ့) မွန်းတည့် ၁၂ နာရီတွင် နေအိမ်မှ ပုလောမြို့သုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။

အမှုဆောင်အဖွဲ့

---

## ဦးဘချို(စနဲ)

**ကျောင်းအုပ်ကြီး-ငြိမ်း**

### အသက် (၈၂) နှစ်

ရခိုင်ပြည်နယ်၊ ကျောက်ဖြူခရိုင်၊ စနဲမြို့၊ အလယ်ပိုင်းရပ်ကွက်နေ (ဦးညိုထီး-ဒေါ်အိမ်စိုးမ)တို့၏သားကြီး၊ (ဦးမောင်စော-ဒေါ်မပွင့်)တို့၏ သားသမက်၊ (ဒေါ်အေးခင်ဦး)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးဘချော-ဒေါ်ရွှေကြည်တို့၏အစ်ကို၊ [ဦးမောင်မောင်ဝင်း (AE ဆောက်လုပ်ရေး)]-ဒေါ်ခင်ဝင်းမူ၊ ဒေါ်မေမေဝင်း(အထပြ-စနဲ)၊ ဦးမွေးလှဖြူ (ကျောင်းအုပ်ကြီး၊ အထက-၁၊ တောင်ကုတ်)-ဒေါ်သန်းသန်းဝင်း (ကျောင်းအုပ်ကြီး၊ အထက-မင်းပြင်)၊ (ဦးအောင်ဝင်း)-ဒေါ်မြသိန်းစု၊ (ဦးအောင်ဆန်းဝင်း)၊ ဦးထွန်းလှိုင် (JCM-Co.,Ltd)-ဒေါ်ထွေးထွေးဝင်းတို့၏မွေးသဖခင်၊ မြေးခြောက်ယောက်တို့၏အဘိုး၊ မြစ်တစ်ယောက်၏အဖိုးသည် ၂၂-၁-၂၀၁၉ (အင်္ဂါနေ့) ညနေ ၆း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၁-၂၀၁၉ (ကြာသပတေးနေ့) ညနေ ၄ နာရီတွင် ကျိုက်အေးတိုက်မှ ကျိုက်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၈-၁-၂၀၁၉ (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၁၀/တောင် (၁၃) ရပ်ကွက်၊ သန်လျင်တံတားအိမ်ရာဝင်း၊ ပိတောက်လမ်း၊ (ဃ/၂)၊ အခန်း(၂)နေ ဦးထွန်းလှိုင်-ဒေါ်ထွေးထွေးဝင်းတို့၏နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## အနိစ္စ

**ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်တင်ကြည်ကြည်(အုတ်ဖို)

**ကျောင်းဆရာမကြီး (ငြိမ်း)**

### အသက် (၉၁) နှစ်

ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ (၃၆)ရပ်ကွက်၊ အမှတ်(၈၈၂)၊ သန္တာလမ်းနေ [ဦးတင်မောင်လေး(အင်ဂျင်နီယာမှူးကြီး-ငြိမ်း)]၏ ချစ်လှစွာသောဇနီး၊ (ဦးမြင့်စိုး-ဒေါ်ခင်အေး)၊ (ဦးညွန့်ရွှေ-ဒေါ်မြသန်း)၊ (ဦးလှရွှေ-ဒေါ်တင်တင်စိန်)၊ (ဦးညွန့်မောင်)-ဒေါ်စန်းကြည်တို့၏ညီမ၊ (ဒေါက်တာတင်လှိုင်)-ဒေါ်တင့်တင့်၊ (ဦးအေးချို)-ဒေါ်တင်တင်ရွှေ၊ ဒေါက်တာဝင်းမော်-ဒေါ်ခင်သစ်ဆွေတို့၏ အစ်မသည် ၂၂-၁-၂၀၁၉ (အင်္ဂါနေ့) ည ၁၀း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၁-၂၀၁၉ (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၈-၁-၂၀၁၉ (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဗိုလ်ကြီးညွန့်စိန်(ငြိမ်း) (ဝါဇီ)

**ကြည်း-၄၈၉၉၅**

### အသက် (၆၈) နှစ်

ပြည်မြို့၊ ရွှေတောင်မြို့နယ်၊ ရွှေပန်းတောကျေးရွာနေ (ဦးကျော်ရှိန်)-ဒေါ်တင်ကြည်တို့၏သား၊ ပြည်မြို့နယ်၊ ပေါက်ကုန်းစစ်မှုထမ်းဟောင်းအိမ်ရာနေ ဒေါ်မြင့်မြင့်စန်း(ဝါဇီ-ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်း၊ ပခုက္ကူမြို့နေ ဦးမြင့်စိန်-ဒေါ်ဝင်းမြင့်သန်း၊ ရွှေတောင်မြို့နယ်၊ ရွှေပန်းတောကျေးရွာနေ ဦးသန်းစိုး-ဒေါ်ဌေးကြည်၊ ဒေါ်ဌေးသန်းတို့၏ အစ်ကို၊ ကိုရဲငြိမ်းသူ-မယဉ်မင်းမြတ်၊ ဗိုလ်မှူးဝင်းလှိုင်ထူး-ဒေါ်မျိုးမြတ်မွန်ချစ်၊ ကိုမျိုးထွန်းသွင်-မအေးသက်မာ၊ ကိုညီညီလင်း-မသက်သက်ဝေတို့၏ ဦးလေးသည် ၂၂-၁-၂၀၁၉ (အင်္ဂါနေ့) နံနက် ၅း၃၀ နာရီတွင် နေပြည်တော် တ. ဆ. ရ (၂/၁၀၀၀)၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၁-၂၀၁၉ (ကြာသပတေးနေ့) ညနေ ၃ နာရီတွင် ပေါက်ကုန်းစစ်မှုထမ်းဟောင်းအိမ်ရာမှ အေးငြိမ်းရာသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

---

## ဦးမြခိုင် (၇၄) နှစ်

## ဒေါ်မြမြ (၈၄) နှစ်

## မစိုးစိုး အသက်(၄၀)

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ အမှတ်(၁၇၁)၊ ဗဟိုလမ်းနေ ကိုမင်းမင်း-မစန်းစန်းမာ၊ အစ်ကိုကြီးမင်းစိုး-မစိမ့်စိမ့်တို့၏ ဖခင်၊ မိခင်၊ ညီမတို့သည် ၂၃-၁-၂၀၁၉ ရက် နံနက်တွင် ရုတ်တရက်ကွယ်လွန်သွားပါသဖြင့် ၂၅-၁-၂၀၁၉ ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီး ရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၉-၁-၂၀၁၉ (အင်္ဂါနေ့) နံနက် ၁၀ နာရီတွင် အောင်မင်္ဂလာသိဒ္ဓိကျောင်းတိုက်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဒေါ်မြတ်ကေသီ (B.Ag-1984)

**TOYAMA, JAPAN**

### အသက် (၅၈) နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဗဟိုလမ်း၊ ပထမထပ်၊ အမှတ်(၆၃/၆၅)နေ ဦးငွေလွန်း-ဒေါ်ကျင်အေးတို့၏သမီးငယ်၊ ဦးစိန်ဟန်-ဒေါ်နန့်တမာချို၊ ဦးဝင်းနိုင်၊ ဦးတင့်လှိုင်၊ ဦးရန်နိုင်-ဒေါ်ခင်ဌေးယဉ်၊ ဦးကြည်ဇင်-ဒေါ်စန္ဒာဝင်းတို့၏ညီမ၊ ဂျပန်နိုင်ငံ TOYAMA မြို့နေ (MR. ISHIMARU SATOSHI)၏ ဇနီး၊ MR.ISHIMARU YASUTAKA ၏မိခင်၊ တူ/တူမ ခြောက်ယောက်တို့၏ ဒေါ်လေး ဒေါ်မြတ်ကေသီသည် ၂၂-၁-၂၀၁၉ (အင်္ဂါနေ့) နံနက် ၈း၄၀နာရီတွင် ရုတ်တရက်ကွယ်လွန်သွားပါသဖြင့် ၂၆-၁-၂၀၁၉ (စနေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေး တိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြား အပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၈-၁-၂၀၁၉ (တနင်္လာနေ့) နံနက် ၈နာရီမှ ၁၁ နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြား အပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

# ဝမ်းနည်းကြေကွဲခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ အမှတ်(၅၀၃)၊ ဗညားဦး(၁)လမ်း၊ (၁၂)ရပ်ကွက်နေ (ဦးလှအေး-ဒေါ်ယဉ်နွဲ့)တို့၏ သမီးငယ်၊ ဦးမျိုးညွန့်၊ (ဦးမျိုးအောင်)-ဒေါ်ဝင်းကြည်(တာမွေမြို့နယ်၊ သမအသင်းစုလီမိတက်)၊ ဦးအောင်ကျော်စွာ-ဒေါ်မေစန်းအေး၊ (ဦးတင်စန်း)-ဒေါ်အေးအေးမြင့်(ခ)ဒေါ်အေး၊ ဒေါ်ခင်သန်းနွဲ့တို့၏ ညီမ၊ ဦးသက်ထွန်း-ဒေါ်ခင်စုစုမင်း၊ ဦးသက်နိုင်-ဒေါ်ခင်မြတ်သူ၊ မဆုမွန်ဖြိုး (မြဝတီဘဏ်၊ မြောက်ဒဂုံ)၊ မတင်ရတနာ (နည်းပညာတက္ကသိုလ်၊ သန်လျင်)၊ မချောရတီကျော်(ဒဂုံတက္ကသိုလ်)၊ မောင်စည်သူညွန့်ဝေ၊ မဖြူစင်ဝင်းပပ(ထ-၁၊ မြောက်ဒဂုံ)၊ မောင်စွမ်းပြည့်စုံထွန်း(ထ-၄၊ ဗိုလ်တထောင်)တို့၏ အဒေါ်ဖြစ်သူ ဒေါ်စန်းစန်းမြင့် (ရုံးအုပ်၊ ညွှန်ကြားရေးမှူးရုံး၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီး) အသက်(၅၁)နှစ်သည် ၂၀-၁-၂၀၁၉ ရက် နံနက် ၉း၃၀နာရီတွင် ကွယ်လွန်သွားကြောင်းကြားသိရ၍ မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**လက်ထောက်ညွှန်ကြားရေးမှူးရုံး**
**ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**
**(ထိန်းသိမ်းရေး)၊ တောင်ငူမြို့**

---

## ဒေါ်တင်တင်

**ဆေးတက္ကသိုလ်-၁၊ ရန်ကုန်**

### အသက် (၉၀)

(စက်ရှင်မင်းကြီး ဦးဆံနီ-မင်းကတော်ကြီးဒေါ်အေးမြိုင်)တို့၏သမီး၊ ဒေါ်တင်တင်(ဆေးတက္ကသိုလ်-၁၊ ငွေစာရင်းဌာန-ငြိမ်း)သည် ၂၃-၁-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၁-၂၀၁၉ (သောကြာနေ့) မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်သုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (အမှတ် ၄၂၊ အေးရိပ်မြိုင်၊ ဘူတာရုံလမ်း၊ ၂ ရပ်ကွက်၊ သမိုင်း နေအိမ်မှ ကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၉-၁-၂၀၁၉ (အင်္ဂါနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်ဝင်းကြည် (ဗဟန်း)

### အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ (151/F)၊ ရေတာရှည်လမ်းဟောင်းနေ (ဦးလှထွန်း-ဒေါ်ချို)တို့၏ သမီး၊ (ဦးသံတိုင်-ဒေါ်ခင်ညွန့်)တို့၏ သမီးချွေးမ၊ (ဦးလှမျိုး)၏ ချစ်လှစွာသောဇနီး၊ ဦးထွန်းလှ-ဒေါ်ခင်ချို (ဦးမျိုးသန့်)၊ ဦးစောနိုင်၊ ဦးကျော်သူ(ခတ်လှေကား)၊ ဒေါ်ကေသီမျိုး၊ (ဦးအောင်မျိုး)၊ ဦးမျိုးသီဟတို့၏ ချစ်လှစွာသောမိခင်ကြီး၊ ဒေါ်နွဲ့နွဲ့အေး၊ ဦးသန်းဌေး-ဒေါ်မြင့်မြင့်အေး၊ ဦးကျင်စိုး-ဒေါ်မူမူအေးတို့၏အဒေါ်၊ မြေးကိုးယောက်တို့၏အဘွား၊ မြစ်ရှစ်ယောက်တို့၏ ဘွားဘွားကြီးသည် ၂၂-၁-၂၀၁၉ (အင်္ဂါနေ့) နံနက် ၆း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၁-၂၀၁၉ (ကြာသပတေးနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၈-၁-၂၀၁၉ (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်တင်အေး

### အသက် (၇၃) နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ အမှတ်(၈၆၃)၊ ဓမ္မာရုံလမ်း၊ (၁၀)မိုင်နေ (ဦးချန်ထွန်း-ဒေါ်ညွန့်)တို့၏ တစ်ဦးတည်းသော သမီးသည် ၂၂-၁-၂၀၁၉ (အင်္ဂါနေ့) ည ၈း၂၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၁-၂၀၁၉ (ကြာသပတေးနေ့) ညနေ ၅ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၈-၁-၂၀၁၉ (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အင်းစိန်မြို့နယ်၊ ဓမ္မာရုံလမ်း၊ အမှတ်(၈၆၃) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးဝင်းမင်းထွဋ် (ခ) သားသား

### အသက် (၄၇) နှစ်

ရန်ကုန်မြို့၊ ရွှေဘုံသာလမ်းနေ (ဦးစိုးပိုင်-ဒေါ်အေး)တို့၏ သား၊ ဦးစိန်ခက်-ဒေါ်ဆန်းဝေတို့၏ သားသမက်၊ ဒေါ်သင်းသင်းမွန်၏ ခင်ပွန်း၊ မဇွန်နှင်းပွင့်၏ချစ်လှစွာသောဖခင်၊ ဒေါ်ခင်စန်းဝင်း၊ ဦးရွှေထွန်း-(ဒေါ်နုနု)၊ ဦးအောင်မြင့်-ဒေါ်ခင်ဖုန်းမြင့်တို့၏တူ၊ ဦးရဲမင်း-ဒေါ်ယဉ်နွယ်စိုးတို့၏ မောင်၊ ဦးဇော်မျိုးအောင်၊ ဦးဇော်ထက်အောင်၊ ဦးကျော်ကျော်အောင်တို့၏အစ်ကို ဦးဝင်းမင်းထွဋ်(ခ)သားသားသည် ၂၂-၁-၂၀၁၉ (အင်္ဂါနေ့) နံနက် ၈း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၁-၂၀၁၉ (ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (ရန်ကုန်ဆေးရုံကြီး အအေးတိုက်မှ ကားများ နံနက် ၁၀း၃၀နာရီထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ကြေးမုံ သတင်းအညွှန်း

ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် (၂၂) ကြိမ်မြောက် အာဆီယံ-အီးယူ ဝန်ကြီးအဆင့် အစည်းအဝေးသို့ တက်ရောက် စာမျက်နှာ » ၄

ပြည်ထောင်စုအမွေကို စောင့်ထိန်းဖို့ရာ တို့ဝန်တာ စာမျက်နှာ » ၅

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် ရခိုင်ပြည်နယ် ကယ်ဆယ်ရေးစခန်းများသို့ သွားရောက်ကြည့်ရှု စာမျက်နှာ » ၉

ထိုင်းနိုင်ငံရွေးကောက်ပွဲ မတ် ၂၄ ရက်တွင် ကျင်းပမည် စာမျက်နှာ » ၁၂

# ဂျာမန်ကမ္ဘာလှည့်ခရီးသည်တင် အပျော်စီးသင်္ဘောကြီး သီလဝါဆိပ်ကမ်းသို့ ဆိုက်ရောက်



ဂျာမန်ကမ္ဘာလှည့်ခရီးသည်တင် အပျော်စီးသင်္ဘောကြီး ရန်ကုန်မြို့ သီလဝါဆိပ်ကမ်းသို့ ဆိုက်ရောက်လာစဉ်။

**ရန်ကုန် ဇန်နဝါရီ ၂၃**

၂၀၁၈ ခုနှစ်အတွင်း မြန်မာနိုင်ငံသို့ ဂျပန်နိုင်ငံနှင့် အနောက်နိုင်ငံများမှ ကမ္ဘာလှည့်ခရီးသည်တင်သင်္ဘောကြီး ၁၇ စင်း ဝင်ရောက်ခဲ့သည်။

ယခုနှစ် ၂၀၁၉ နှစ်ဦးပိုင်း ပွင့်လင်းရာသီတွင် ပထမဆုံးသင်္ဘောအဖြစ် ဂျာမနီနိုင်ငံမှ ကမ္ဘာလှည့်ခရီးသည်တင် အပျော်စီးသင်္ဘောကြီးသည် ယနေ့ညနေ ၅ နာရီခွဲတွင် သီရိလင်္ကာနိုင်ငံ ထရန်ကိုမလေးဆိပ်ကမ်းမှတစ်ဆင့် MIPL သီလဝါဆိပ်ကမ်းသို့ ဆိုက်ရောက်ပြီး ဇန်နဝါရီ ၂၅ ရက် ညနေ ၃ နာရီခွဲတွင် သီလဝါဆိပ်ကမ်းမှ ထိုင်းနိုင်ငံ ဖူးခက်ဆိပ်ကမ်းသို့ ဆက်လက်ထွက်ခွာမည်ဖြစ်သည်။

**ပုဂံသို့ သွားရောက်လည်ပတ်မည်**

သင်္ဘောပေါ်တွင် ဂျာမန်ခရီးသည်အများဆုံးပါဝင်ပြီး ကမ္ဘာလှည့်ခရီးသည်စုစုပေါင်း ၄၉၅ ဦးနှင့် သင်္ဘောအရာထမ်း ၃၁၅ ဦး ပါဝင်သည်။ သင်္ဘောဆိုက်ကပ်စဉ်အတွင်း ရန်ကုန်မြို့ပတ်ဝန်းကျင်နှင့် ပုဂံသို့ သွားရောက်လည်ပတ်မည်ဖြစ်ကြောင်းနှင့် ယခုဆိုက်ကပ်သည့် သင်္ဘောသည် Myanmar Voyages International Tourism Company အနေဖြင့် ၁၂၆ စင်းမြောက် တာဝန်ယူဆောင်ရွက်သည့် သင်္ဘောဖြစ်ကြောင်း သိရသည်။ **စာမျက်နှာ ၁၃ ကော်လံ ၁ သို့**



လက်ရွေးစင်အမျိုးသမီးအသင်းနှင့် ယူ-၁၆ အမျိုးသမီးအသင်းတို့ ခြေစမ်းပွဲကစားနေစဉ်။

# လက်ရွေးစင်အမျိုးသမီးအသင်း ယူ-၁၆ အမျိုးသမီးအသင်းကို ဂိုးပြတ်အနိုင်ရ

**ရန်ကုန် ဇန်နဝါရီ ၂၃**

နိုင်ငံတကာပြိုင်ပွဲများအတွက် လေ့ကျင့်ပြင်ဆင်နေသည့် လက်ရွေးစင်အမျိုးသမီးအသင်းနှင့် ယူ-၁၆ လက်ရွေးစင် အမျိုးသမီးအသင်းတို့သည် ယနေ့နံနက်ပိုင်းက သုဝဏ္ဏလေ့ကျင့်ရေးကွင်း - ၂ ၌ ခြေစမ်းကစားရာ လက်ရွေးစင်အမျိုးသမီးအသင်းက ယူ-၁၆ အမျိုးသမီးအသင်းကို ခုနစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

ယင်းခြေစမ်းပွဲကို မိနစ် ၃၀ သုံးပိုင်းခွဲ၍ ကျင်းပခဲ့ခြင်းဖြစ်သည်။ ယူ-၁၆ အမျိုးသမီးအသင်းသည် ဖေဖော်ဝါရီလတွင် ပြည်ပလေ့ကျင့်ရေးခရီးစဉ် **စာမျက်နှာ ၁၃ ကော်လံ ၁ သို့**

# အသက်(၂၁)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ တံခွန်စိုက်ဆုဖလား တနင်္သာရီတိုင်းဒေသကြီးအသင်း ဆွတ်ခူး

**နေပြည်တော် ဇန်နဝါရီ ၂၃**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၁၉ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အသက်(၂၁)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲစဉ်ကို ယနေ့ညနေ ၃ နာရီတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိဘောလုံးအားကစားကွင်း၌ ကျင်းပရာ တနင်္သာရီတိုင်းဒေသကြီးအသင်းက မကွေးတိုင်းဒေသကြီးအသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။

တတိယလုပွဲစဉ်အဖြစ် နံနက် ၇ နာရီခွဲတွင် နေပြည်တော်အသင်းနှင့် မွန်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ နေပြည်တော်အသင်းက မွန်ပြည်နယ်အသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ပြိုင်ပွဲအပြီး ဆုပေးပွဲအခမ်းအနားကို ကျင်းပရာ အကောင်းဆုံး ဂိုးသမားဆုရရှိသွားသော ကျောနံပါတ်(၁) ဝေယံ(မကွေး)၊ နောက်တန်းအကောင်းဆုံးအားကစားသမားဆု ရရှိသွားသော ကျောနံပါတ် (၁၆) စောမို့မောင်မောင်(မွန်)၊ အလယ်တန်းအကောင်းဆုံး **စာမျက်နှာ ၁၃ ကော်လံ ၁ သို့** ❖




တည်ထောင်သော
၂၀၁၉-၂၀၂၀ ပညာသင်နှစ်အတွက်
ကျောင်းအပ် လက်ခံပါပြီ
[ကြိုအပ်ခြင်းဖြင့် သေချာမှုကိုရယူပါ]

ကျောင်း (၁)
ကိုယ်ပိုင်အထက်တန်းကျောင်း
မြေအမှတ် ၉(ခ)၊ မနော်ဟာရီလမ်း၊ ဒဂုံမြို့နယ်။
ဖုန်း ၀၉ ၂၅၀ ၃၁၂ ၀၂၀၊ ၀၉ ၈၉၄၈ ၄၄၄၈၊ ၀၉ ၈၉၄၈ ၄၄၄၉

ကျောင်း (၂)
မင်္ဂလာ
ကိုယ်ပိုင်အထက်တန်းကျောင်း
(KG မှ တက္ကသိုလ်ဝင်တန်းအထိ)
(၁၅၉/၁၆၁)၊ မြန်မာ့ဂုဏ်ရည်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်။
ဖုန်း ၀၉ ၄၀၀ ၉၈၈ ၉၂၀ - ၂၅

"ရလဒ် ကောင်းဖို့ ကျောင်းကောင်း ရွေးပါ"

အဆင့်မြင့် ဘော်ဒါ
(KG မှ တက္ကသိုလ်ဝင်တန်း)
(၁၁၁/၁၁၃)၊ ၅၇ လမ်း၊ ပုဇွန်တောင်မြို့နယ်။
ဖုန်း ၀၁ ၃၉၇၉ ၃၉၊ ၀၉ ၅၁၉ ၇၇၂၆၊ ၀၉ ၅၁၇ ၆၅၄၃

အဆင့်မြင့် စာသင်ဝိုင်း
FORWARD
(၈ တန်း၊ ၉ တန်း၊ ၁၀ တန်း)
၁၀ တန်း [ဉာဏ်ရည်မြင့်(၉)ယောက်ဝိုင်း]
(၄၄)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်။
ဖုန်း ၀၁ ၂၄၉ ၆၄၉၊ ၀၉ ၈၉ ၄၄၈ ၄၄၄၅